# ကြေးမုံ

The Mirror

Established in 1957

၁၃၇၅ ခုနှစ်၊ နတ်တော်လဆန်း ၁၃ ရက်၊ တနင်္ဂနွေနေ့ (15-12-2013) (၇၆၉၅)


" မဲခေါင်ဒေသနိုင်ငံများသည် လယ်ယာစိုက်ပျိုးရေးကို အခြေခံသော နိုင်ငံများဖြစ်သည့်အတွက် လယ်ယာထွက်ကုန်များ ဈေးကွက်ရရှိရေးနှင့် လယ်ယာထွက်ကုန်များ ဖြန့်ဖြူးနိုင်ရန်အတွက် လမ်းပန်းဆက်သွယ်ရေးကဏ္ဍသည် အရေးကြီးပါကြောင်း၊ ထိုရည်ရွယ်ချက်များ အောင်မြင်စေရန်အတွက် ဂျပန်နိုင်ငံ၏ အားပေးပံ့ပိုးမှုဆက်လက်ရရှိမည်ဟုမျှော်လင့် "

# အစိမ်းရောင်စီးပွားရေးနှင့် အစိမ်းရောင်ဖွံ့ဖြိုးတိုးတက်ရေး အလေးထားဆောင်ရွက်

နေပြည်တော် ဒီဇင်ဘာ ၁၄

**ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ဒီဇင်ဘာ ၁၄ ရက် ဒေသစံတော်ချိန် ညနေ ၃ နာရီ ၂၅ မိနစ်တွင် ဂျပန်နိုင်ငံ နိုင်ငံတော်ဧည့်ဂေဟာ၌ ကျင်းပသည့် ငါးကြိမ်မြောက် မဲခေါင်- ဂျပန် ထိပ်သီးအစည်းအဝေး တက်ရောက်သည်။**(အောက်ပုံ)



ရှေးဦးစွာ ဂျပန်နိုင်ငံဝန်ကြီးချုပ် ရှင်ဇိုအာဘေးနှင့် အတူ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၊ ကမ္ဘောဒီးယား နိုင်ငံဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆန်၊ လာအိုပြည်သူ့ဒီမို ကရက်တစ်သမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာ သွန်ဆင်း သမာဗောင်၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာငုယင်တန်ဇွန်း၊ ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ် H.E. Niwattumrong Boonsongpaisan တို့သည် နိုင်ငံတော်ဧည့်ဂေဟာ Sairan-no-ma ခန်းမ၌ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် ငါးကြိမ်မြောက် မဲခေါင်- ဂျပန်ထိပ်သီး ဆွေးနွေးပွဲကို Hagoromo- no-ma ခန်းမ၌စတင် ကျင်းပရာ ဂျပန်နိုင်ငံဝန်ကြီးချုပ်က ကြိုဆိုနှုတ်ခွန်းဆက် စကားပြောကြားပြီး ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ်၊ လာအိုနိုင်ငံဝန်ကြီးချုပ်၊ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၊ ဗီယက်နမ်နိုင်ငံ ဝန်ကြီးချုပ်နှင့် ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ် တို့က မဲခေါင်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် မိန့်ခွန်း ပြောကြားကြသည်။

နိုင်ငံတော်သမ္မတက ပြောကြားရာတွင် ယခုထိပ်သီး အစည်းအဝေးတွင် မဲခေါင်ဒေသတွင်း နိုင်ငံများနှင့် ဂျပန် နိုင်ငံတို့မှ လုပ်ဖော်ကိုင်ဖက်များနှင့် ပြန်လည်တွေ့ဆုံပြီး မဲခေါင်ဒေသဖွံ့ဖြိုးရေးအတွက် အမြင်ချင်းဖလှယ်ခွင့်ရသည့် အတွက် ဝမ်းမြောက်ပါကြောင်း၊ မြို့ပြများဖွံ့ဖြိုးတိုးတက် ရုံဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ပြီဟုပြော၍ မရပါကြောင်း၊ ပြည်နယ်၊ မြို့နယ်များ၊ နယ်စပ်တစ်လျှောက်ရှိ ကျေးရွာများ တိုးတက်ရန်လိုပါကြောင်း၊ **စာမျက်နှာ ၄ ကော်လံ ၁ သို့** ☆



မြန်မာအသင်းမှ နေလင်းထွန်းက ထိုင်းအသင်းဘက်သို့ ဂိုးသွင်းယူစဉ်။

# မြန်မာနှင့်ထိုင်း တစ်ဂိုးစီသရေဖြစ် အကြိုဗိုလ်လုပွဲတက်ရောက်ရန် အလားအလာ အထူးကောင်းမွန်

**ရန်ကုန် ဒီဇင်ဘာ ၁၄**

နေပြည်တော်သို့ ချီရာလမ်းကို အဆုံးအဖြတ် ပေးစွမ်းနိုင်မည့် (၂၇) ကြိမ်မြောက် ဆီးဂိမ်းအမျိုးသား ဘောလုံးပြိုင်ပွဲအုပ်စု (ခ) ပွဲစဉ်များကို ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့ လှုငယ် အားကစား လေ့ကျင့်ရေးစခန်း ဘောလုံးကွင်း(သုဝဏ္ဏ)၌ ဆက်လက် ကျင်းပရာ အိမ်ရှင်မြန်မာအသင်းကို မြန်မာပရိသတ်များက ကွင်းလေးဖက် လေးတန်အပြည့်စုံချိန်တင်လာရောက် ကြည့်ရှုအားပေးကြသည်။

သတင်း » မောင်မောင်ထွေး(သတင်းစဉ်)၊ ဓာတ်ပုံ » ဌေးနိုင်

| | | |
|---|---|---|
| **တီမောလက်စ်တေ** | - | **ဂိုးမရှိ** |
| **အင်ဒိုနီးရှား** | - | **ဂိုးမရှိ** |

ပထမပွဲစဉ်တွင် ယခင်ရပ်ဆွေ ရပ်မျိုးဖြစ်ခဲ့ကြသည့် နှစ်သင်းဆုံတွေ့ ကြရာ ၂၀၁၁ ခုနှစ် ဆီးဂိမ်း ငွေတံဆိပ်ဆုရှင် အင်ဒိုနီးရှားမှာ တီမောလက်စ်တေကို ပွဲချိန်မိနစ် ၈၀ အထိ ဂိုးပေါက်ရှာမတွေ့ ဖြစ်နေသည်။

အင်ဒိုနီးရှားက တစ်ပွဲနိုင်၊ တစ်ပွဲရှုံး ရမှတ်သုံးမှတ်သာရရှိထား၍ ယနေ့ ပွဲစဉ်အနိုင်ရမှ အကြိုဗိုလ်လုပွဲ အဆင့်သို့ မှန်းနိုင်မည်ဖြစ်သော်လည်း ပထမပိုင်းပွဲချိန်တစ်လျှောက်လုံး ဒေသတွင်း အင်အားကြီးအသင်းတစ်သင်း ဟုတ်ပါလေစဟု ဆိုရလောက်အောင် ခြေစွမ်းအရသာမက အနိုင်ရလိုစိတ် များပါ ကင်းမဲ့နေသည်။

မြန်မာပရိသတ်များကလည်း ပွဲပြီးခါနီးလေ သရေရလဒ်ကို **စာမျက်နှာ ၉ ကော်လံ ၃ သို့** ○




ကြေးမုံစာတည်းရှုထောင့် ၁၅-၁၂-၂၀၁၃၊ တနင်္ဂနွေနေ့

# ပြည်သူများ၏ တာဝန်

၂၀၁၃-၂၀၁၄ ခုနှစ်သည် ထူးကဲသည့် နှစ်ကာလဟု ဆိုရမည်ဖြစ်သည်။ ဒီဇင်ဘာလအတွင်း ကျင်းပပြုလုပ်နေသည့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကြီးသည် နှစ်ပေါင်း (၄၄) နှစ်ကြာပြီးမှ အိမ်ရှင်နိုင်ငံအဖြစ် ပြန်လည်ကျင်းပနိုင်သဖြင့် ၂၀၁၃ ခုနှစ်သည် မြန်မာပြည်အတွက် ဂုဏ်ယူစရာကောင်းသော နှစ်ဖြစ်ပါသည်။

ဆီးဂိမ်းပြိုင်ပွဲကြီးကို အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပနိုင်ခြင်းကြောင့် ပြည်သူတစ်ရပ်လုံး ဝမ်းမြောက်ပျော်ရွှင်ဖြစ်ရခြင်း၊ မိမိနိုင်ငံမိမိလူမျိုး ဂုဏ်တက်ခြင်း၊ မည်သို့ပင် မတူညီကွဲပြားခြားနားမှုရှိကြသော်လည်း အိမ်ရှင်မြန်မာနိုင်ရမည်ဟု တူညီသောပြင်းပြသည့်စိတ်ထားများရှိခြင်း စသည့် နိုင်ငံနှင့်လူမျိုးအတွက် ထူးခြားသောစိတ်ထားများဖြစ်ပေါ်နေသည့် နှစ်ဖြစ်ပေသည်။

ထိုကဲ့သို့သောစိတ်ထားများ နိုးကြားတက်ကြွနေသော အချိန်ကာလသည် ၂၀၁၄ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် ကျရောက်သော မြန်မာတစ်မျိုးသားလုံး၏ ထက်သန်သော မျိုးချစ်စိတ်ဓာတ်ဖြင့် အရယူပေးခဲ့သော လွတ်လပ်ရေးနေ့နှင့် တစ်ဆက်တစ်စပ်တည်း ကျရောက်နေပြန်ရာ ပိုမိုထူးခြားသည့်နှစ်ဟု ခေါ်ဆိုထိုက်ပါသည်။

နိုင်ငံတစ်နိုင်ငံသည် လုံးဝလွတ်လပ်ပြီး အချုပ်အခြာအာဏာပိုင်သည့် နိုင်ငံအဖြစ် အခွန့်ရှည်ကြာ ရပ်တည်နေနိုင်သည်မှာ ထိုနိုင်ငံထိုနိုင်ငံသားတို့၏ ထက်သန်သော မျိုးချစ်စိတ်ဓာတ်၊ ပြင်းပြသော နိုင်ငံချစ်စိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ်များ ရှင်သန်ခိုင်မာနေသောကြောင့်ဖြစ်ပါသည်။ မျက်မှောက်ကာလ ကျွန်ုပ်တို့နိုင်ငံ၌ ဆီးဂိမ်းပြိုင်ပွဲကြီးဆင်နွှဲနေခြင်းနှင့်အတူ ပြည်သူပြည်သားများ၌ အဆိုပါစိတ်ဓာတ်များ ထွန်းကားနေသည်ကို မြင်တွေ့ရမည်ဖြစ်ပါသည်။

ဒီဇင်ဘာ ၂၂ ရက်တွင် ဆီးဂိမ်းပြိုင်ပွဲကြီး ပြီးဆုံးသွားမည်ဖြစ်သော်လည်း နိုင်ငံသူနိုင်ငံသားအားလုံး၏စိတ်နှလုံးတွင် မျိုးချစ်စိတ်ဓာတ်၊ နိုင်ငံချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်များ ဆက်လက်ကျန်ရစ်နေမည်ဖြစ်ရာ ၂၀၁၄ ခုနှစ်တွင် ကျရောက်မည့် (၆၆)နှစ်မြောက် လွတ်လပ်ရေးနေ့ ဦးတည်ချက်များနှင့် ပေါင်းစပ်၍ အမျိုးသားရေးစိတ်ဓာတ်များကို ဆက်လက်မြှင့်တင်သွားကြရမည်ဖြစ်သည်။

(၆၆)နှစ်မြောက် လွတ်လပ်ရေးနေ့တွင် ပြည်ထောင်စုတိုင်းရင်းသားအားလုံး ပြည်ထောင်စုကြီးအတွင်း၌ ဥမကွဲ သိုက်မပျက် အတူတကွရာသက်ပန် ပူးပေါင်းနေထိုင်ရေး၊ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့ကို တိုင်းရင်းသားအားလုံးမျက်ခြည်မပြတ် ထိန်းသိမ်းကာကွယ်ရေး၊ လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းပြီး ရေရှည်တည်တံ့သည့် စစ်မှန်သော ထာဝရငြိမ်းချမ်းရေးရရှိအောင် ဆောင်ရွက်ရာတွင် တိုင်းရင်းသားလူမျိုးများအားလုံးမှပူးပေါင်းပါဝင်ဆောင်ရွက်ရေး၊ ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ်ကို ပြည်သူ့စွမ်းအားဖြင့် ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်ရေးဟူသည့် ဦးတည်ချက်များချမှတ်ထားသည်။

(၂၇)ကြိမ်မြောက် ဆီးဂိမ်းနှင့်တစ်ဆက်တစ်စပ်တည်း (၆၆)နှစ်မြောက် လွတ်လပ်ရေးနေ့မတိုင်မီကာလများတွင် စက်ရုံ၊ အလုပ်ရုံ၊ ရုံးများ၊ ကျောင်းများ၊ မြို့နယ်ရပ်ကွက်များတွင် အကြိုဟောပြောခြင်း၊ နိုင်ငံတော်အလံလွှင့်ထူခြင်း၊ ပြည်နယ်နှင့်တိုင်းဒေသကြီးများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဒေသများ၊ ခရိုင်နှင့်မြို့နယ်အလိုက် အားကစားပြိုင်ပွဲများ၊ ပျော်ပွဲရွှင်ပွဲများ၊ ပြပွဲများနှင့် အများပြည်သူနှင့် သက်ဆိုင်သောနေရာများတွင် ရောင်စုံမီးများ ထွန်းညှိခြင်း စသည်တို့ကို တစ်ချိန်သောကာလကကျင်းပခဲ့သည့် လွတ်လပ်ရေးပွဲတော်များကဲ့သို့ တစ်နိုင်ငံလုံးဆင်နွှဲကြပြီး မျိုးချစ်စိတ်ဓာတ်၊ နိုင်ငံချစ်စိတ်ဓာတ်များကို ထုတ်ဖော်ပြသကြရမည်ဖြစ်သည်။

ထို့ကြောင့် ၂၀၁၃-၂၀၁၄ ခုနှစ်သည် ကျွန်ုပ်တို့နိုင်ငံနှင့်လူမျိုးအတွက် ထူးခြားလေးနက်သည့် နှစ်ဖြစ်သလို ပြည်သူအားလုံးတွင် ရှင်သန်ဖြစ်ထွန်းနေသည့် မျိုးချစ်စိတ်၊ နိုင်ငံချစ်စိတ်နှင့် ပြည်ထောင်စုစိတ်ဓာတ်များ ဆက်လက်ထွန်းကားအောင် အားထုတ်ကြိုးပမ်းကြရမည်မှာ ကျွန်ုပ်တို့ပြည်သူပြည်သားများအားလုံး၏ တာဝန်ပင်ဖြစ်ပါသည်။ ။

## သဘာဝသယံဇာတအရင်းအမြစ်များ ပွင့်လင်းမြင်သာစွာ ထုတ်ယူသုံးစွဲအကျိုးအမြတ်များကို ပြည်သူ့အတွက် ထိရောက်စွာအသုံးပြု





**နေပြည်တော် ဒီဇင်ဘာ ၁၄**

တွင်းထွက် သယံဇာတအရင်းအမြစ် တူးဖော်ရေးလုပ်ငန်းများ ပွင့်လင်းမြင်သာမှု ဖော်ဆောင်ရေး (EITI)ဆိုင်ရာ ဆွေးနွေးပွဲအခမ်းအနားကို ဒီဇင်ဘာ ၁၃ ရက် မွန်းလွဲ ၁ နာရီက နေပြည်တော်ရှိ သတ္တုတွင်းဝန်ကြီးဌာန သီရိရတနာခန်းမ၌ ကျင်းပရာ သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်အောင်တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကားပြောကြားရာတွင် ကမ္ဘာလုံးဆိုင်ရာ စံသတ်မှတ်ချက်နှင့်အညီ နိုင်ငံတော်၏ ပြန်လည်ပြည့်ဖြိုးမှုမရှိနိုင်သည့် သယံဇာတအရင်းအမြစ်များ ထုတ်ယူသုံးစွဲရာမှ ရရှိလာသော အခွန်ငွေများနှင့် ပတ်သက်၍ ပွင့်လင်းမြင်သာမှုကို တိုးမြှင့်စေမည်ဖြစ်ပါကြောင်း၊ တွင်းထွက်ပစ္စည်းများ ထုတ်ယူသုံးစွဲရာမှ ရရှိလာသော အခွန်ငွေများအား စိစစ်အတည်ပြုခြင်းနှင့် ကုမ္ပဏီများမှ ပေးချေမှုများနှင့် အစိုးရမှ အခွန်ငွေရရှိမှု အစရှိသည်တို့ကို ထုတ်ပြန်ကြေညာခြင်းအားဖြင့် ပွင့်လင်းမြင်သာမှုကို အားပေးခြင်းဖြစ်ကြောင်း၊ EITI သည် ပြည်တွင်းစံသတ်မှတ်ချက်မှ ကမ္ဘာ့စံသတ်မှတ်ချက်သို့ ဖြည့်ဆည်းဆောင်ရွက်ရာတွင် အစိုးရများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ လူမှုအဖွဲ့အစည်းများတို့၏ ပွင့်လင်းစွာ ဆွေးနွေးညှိနှိုင်းဆောင်ရွက်နိုင်ရေးအတွက် ကူညီပံ့ပိုးခြင်း ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံတွင်းထွက် သယံဇာတ အရင်းအမြစ်တူးဖော်ရေး စက်မှုလုပ်ငန်းများ ပွင့်လင်းမြင်သာမှု ဖော်ဆောင်ရေး ကော်မတီနှင့် လုပ်ငန်းကော်မတီကိုလည်း ဖွဲ့စည်းထားပြီးဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံသည် EITI အဖွဲ့ဝင်နိုင်ငံအဖြစ် ရပ်တည်နိုင်ရန် ကြိုးပမ်းနေရခြင်းမှာ သဘာဝသယံဇာတအရင်းအမြစ်များ ထုတ်ယူသုံးစွဲမှုမှာ ပွင့်လင်းမြင်သာရေးနှင့် အကျိုးအမြတ်များကို ပြည်သူ့အတွက် ထိရောက်စွာ အသုံးပြုနိုင်ရေး၊ ဒီမိုကရေစီ နိုင်ငံတော်တည်ဆောက်ရေးနှင့် လိုက်လျောညီထွေဖြစ်စေရန် ရည်ရွယ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် MDRI မှ အဖွဲ့ခေါင်းဆောင် ဒေါက်တာဇော်ဦးက EITI နှင့် စပ်လျဉ်း၍လည်းကောင်း၊ MSG ဖွဲ့စည်းခြင်းနှင့် စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းတင်ပြသည်။

ယင်းနောက် MDRI မှ ဒုတိယအဖွဲ့ခေါင်းဆောင် ဦးမင်းဇာနည်၊ MDRI မှ EITI Expert Ms. Emma၊ သတ္တုတွင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းထိန်တို့က EITI အကြောင်းအရာများနှင့်စပ်လျဉ်း၍ ဆွေးနွေးကြကြောင်း သိရသည်။

**(သတင်းစဉ်)**








# နိုင်ငံတော်သမ္မတ ဦးသိန်းစိန် နှစ် (၄၀)ပြည့် အာဆီယံ-ဂျပန် အထိမ်းအမှတ်ထိပ်သီးဆွေးနွေးပွဲသို့တက်ရောက်

နေပြည်တော် ဒီဇင်ဘာ ၁၄

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ဒီဇင်ဘာ ၁၄ ရက် ဒေသစံတော်ချိန် နံနက် ၉ နာရီ ၄၅ မိနစ်တွင် ဂျပန်နိုင်ငံ နိုင်ငံတော်ဧည့်ဂေဟာ၌ ကျင်းပသည့်နှစ်(၄၀)ပြည့် အာဆီယံ-ဂျပန်အထိမ်းအမှတ် ထိပ်သီးအစည်းအဝေးသို့ တက်ရောက်သည်။**



ရှေးဦးစွာ ဂျပန်နိုင်ငံဝန်ကြီးချုပ်ရှင်ဇိုအာဘေးက ထိပ်သီးဆွေးနွေးပွဲသို့ တက်ရောက်လာကြသည့်နိုင်ငံတော်သမ္မတဦးသိန်းစိန်နှင့်ဘရူနိုင်းဒါရူဆလမ်နိုင်ငံ ဘုရင်ဆူလ်တန် ဟာဂျီဟာဆာနာ ဘိုကီးယား မူအစ်ဇာဒင်ဝါဒိုလာ၊ ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆန်၊ အင်ဒိုနီးရှားနိုင်ငံသမ္မတ ဒေါက်တာဆူစီလို ဘမ်ဘန်းယူဒိုယိုနို၊ လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာ သွန်ဆင်းသမာဗောင်၊ မလေးရှားနိုင်ငံဝန်ကြီးချုပ် ဒါတွတ်ဆရီ မိုဟာမက် နာဂျစ်တွန်းအဗ္ဗဒူလ်ရာဇတ်၊ ဖိလစ်ပိုင်သမ္မတနိုင်ငံသမ္မတ မစ္စတာဘီနင်နို အကွီနို၊ စင်ကာပူသမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာ လီရှန်လွန်း၊ ဗီယက်နမ်ဆိုရှယ်လစ် သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ငုယင်တန်ဇွန်း၊ ထိုင်းနိုင်ငံဒုတိယဝန်ကြီးချုပ် H.E. Niwattumrong Boonsongpaisan နှင့် အာဆီယံအတွင်းရေးမှူးချုပ်တို့အား နိုင်ငံတော်ဧည့်ဂေဟာ Main Garden ၌ ကြိုဆိုနှုတ်ဆက်ပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။**(အောက်ပုံ)**

နှစ်(၄၀)ပြည့် အာဆီယံ- ဂျပန်အထိမ်းအမှတ်ထိပ်သီးအစည်းအဝေးကို နိုင်ငံတော်ဧည့်ဂေဟာ Hagoromo-no-ma ခန်းမ၌ ဆက်လက်ကျင်းပရာ ဂျပန်နိုင်ငံဝန်ကြီးချုပ် ရှင်ဇိုအာဘေးနှင့် အာဆီယံခေါင်းဆောင်များက အသီးသီးမိန့်ခွန်းပြောကြားကြပြီး ထိပ်သီးအစည်းအဝေးကိုဖွင့်လှစ်ပေးကြသည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က ပြောကြားရာတွင် ချစ်ကြည်ရင်းနှီးမှု၊ စည်းလုံးညီညွတ်မှု၊ အပြန်အလှန် လေးစားမှုနှင့် နားလည်မှုတို့ကို အခြေခံထားသည့် အာဆီယံ-ဂျပန်ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှု ဆက်ဆံရေး နှစ်(၄၀)ပြည့် အထိမ်းအမှတ်ကျင်းပနိုင်သည့်အတွက် ဝမ်းမြောက်ပါကြောင်း၊ ယခုထိပ်သီးအစည်းအဝေးက အနာဂတ်တွင် အာဆီယံ-ဂျပန်ချစ်ကြည်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုကို ပိုမိုခိုင်မာစေသည့် ရလဒ်ကောင်းများပေါ်ထွက်လာမည်ဟု မျှော်လင့်ပါကြောင်း၊ ဒေသတွင်း ငြိမ်းချမ်းရေးနှင့်တည်ငြိမ်ရေးကို ထိန်းသိမ်းနိုင်ရန်၊ ပူးပေါင်းဆောင်ရွက်မှုအရှိန်အဟုန်မြှင့်တင်နိုင်ရန်အတွက် မိမိတို့အနေဖြင့် ဒေသတွင်းတည်ငြိမ်ရေးနှင့် လုံခြုံရေးအတွက် မူဘောင်များ ချမှတ်ရန် လိုအပ်ပါကြောင်း၊ နျူကလီးယားလက်နက် ဖျက်သိမ်းရေး၊ နိုင်ငံဖြတ်ကျော်မှုခင်းများတိုက်ဖျက်ရေး၊ ပင်လယ်ရေကြောင်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ ကိစ္စရပ်များသည် မိမိတို့အလေးထားရမည့်ကိစ္စ ဖြစ်ပါကြောင်း။

အာဆီယံ-ဂျပန်စီးပွားရေးပူးပေါင်းဆောင်ရွက်မှုလမ်းပြမြေပုံ (၂၀၁၂-၂၀၁၃) (ASEAN-Japan Strategic Economic Cooperation Roadmap) ကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ရရှိပြီးဖြစ်သည့်တိုးတက်မှုများကို အသိအမှတ်ပြုပြီး ထိုတိုးတက်မှုများမှတစ်ဆင့် ဒေသတွင်းဘက်စုံ စီးပွားရေးပူးပေါင်းဆောင်ရွက်မှု (Regional Comprehensive Economic Partnership, RCEP) အောင်မြင်စေရန်အတွက် လမ်းဖွင့်ပေးနိုင်မည်ဖြစ်ပါကြောင်း၊ ဖွံ့ဖြိုးတိုးတက်မှုကွာဟခြင်း၊ အခြေခံအဆောက်အအုံများ လုံလောက်စွာ မရှိခြင်း၊ ဝင်ငွေကွာဟမှုများနှင့် ကျေးလက်နှင့်မြို့ပြဒေသ ဖွံ့ဖြိုးတိုးတက်မှု ကွာဟခြင်း၊ စွမ်းအင်မလုံလောက်ခြင်းနှင့် ပတ်ဝန်းကျင်ဆိုင်ရာကိစ္စများ၊ သဘာဝဘေးဒဏ်စသည့် စိန်ခေါ်မှုများကို လက်တွဲရင်ဆိုင်သွားရန် လိုအပ်ပါကြောင်း၊ အာရှ- ပစိဖိတ်ဒေသသည် သဘာဝဘေးဒဏ်အန္တရာယ်ကျရောက်မှုများသည့် ဒေသဖြစ်ပါကြောင်း၊ ဂျပန်နိုင်ငံ၏ အာဆီယံ-ဂျပန် သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှု၊ ထိန်းချုပ်မှု၊ ပူးပေါင်းဆောင်ရွက်ရေးမြှင့်တင်ရန်အတွက် ကွန်ရက်ဖွဲ့စည်းခြင်း၊ ဆွေးနွေးခြင်းများနှင့် သဘာဝဘေးအန္တရာယ်ကို ကြံ့ကြံ့ခံနိုင်သည့် အာဆီယံအသိုက်အဝန်းထူထောင်ရန် ဂျပန်နိုင်ငံ၏ အဆိုပြုမှုကို ကြိုဆိုပါကြောင်း။

မြန်မာနိုင်ငံအနေဖြင့် ကိုရီးယားကျွန်းဆွယ်ဒေသတွင်း ငြိမ်းချမ်းရေး၊ လုံခြုံရေးနှင့်တည်ငြိမ်ရေးအတွက် အဏုမြူလက်နက်ကင်းမဲ့စေရေး ကြိုးပမ်းမှုကို အပြည့်အဝထောက်ခံပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် တောင်တရုတ်ပင်လယ်နှင့်ပတ်သက်ပြီး အာဆီယံနှင့်တရုတ်နိုင်ငံအကြား ဆွေးနွေးညှိနှိုင်းမှုများမှတစ်ဆင့် ငြိမ်းချမ်းစွာဖြေရှင်းနိုင်ရန် ကြိုးပမ်းမှုများကို အမြဲထောက်ခံပါကြောင်း၊



**တက်ရောက်**

**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဂျပန်နိုင်ငံ နိုင်ငံတော်ဧည့်ဂေဟာ၌ ကျင်းပသည့် နှစ် (၄၀)ပြည့် အာဆီယံ-ဂျပန် အထိမ်းအမှတ် ထိပ်သီးအစည်းအဝေးတက်ရောက်စဉ်။ (သတင်းစဉ်)**

အာဆီယံ-ဂျပန် ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုမျှော်မှန်းချက် ကြေညာချက်(Vision Statement on ASEAN- Japan Friendship and Cooperation)၊ ထိုကြေညာချက်ကို အကောင်အထည်ဖော်မည့်လုပ်ငန်းစဉ်နှင့် ပူးတွဲကြေညာချက်များကို ယခုထိပ်သီးအစည်းအဝေးက အတည်ပြုခြင်းကို အပြည့်အဝထောက်ခံပါကြောင်း၊ မြန်မာနိုင်ငံမှ အိမ်ရှင်အဖြစ် လက်ခံကျင်းပနေသည့်(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် အာဆီယံနိုင်ငံများနှင့်အတူ ဂျပန်နိုင်ငံ၏ ကူညီထောက်ပံ့မှုများကို အထူးကျေးဇူးတင်ရှိပါကြောင်းဖြင့် ပြောကြားခဲ့သည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် တိုကျိုမြို့ KEIDANREN Kaikan ရှိ Golden ခန်းမ၌ ဂျပန်-အာဆီယံစီးပွားရေးအဖွဲ့အစည်းများ၏ ဂုဏ်ပြုနေ့လယ်စာစားပွဲသို့ ဂျပန်နိုင်ငံဝန်ကြီးချုပ်၊ အာဆီယံနိုင်ငံ ခေါင်းဆောင်များနှင့်အတူ တက်ရောက်သည်။**(အောက်ပုံ)**

အစီအစဉ်အရ KEIDANREN ဥက္ကဋ္ဌ Mr. Hiromasa Yonekura က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး ဘရူနိုင်းဒါရူဆလမ်နိုင်ငံ ဘုရင်နှင့် ဂျပန်နိုင်ငံဝန်ကြီးချုပ်တို့က ဂုဏ်ပြုအမှာစကားပြောကြား၍ ဂျပန်နိုင်ငံကုန်သည်ကြီးများအသင်းဥက္ကဋ္ဌ Mr. Akio Mimura က ကျေးဇူးတင်စကားပြောကြားကာ နေ့လယ်စာကို အတူတကွသုံးဆောင်ကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတသည် နှစ်(၄၀)ပြည့် အာဆီယံ-ဂျပန် အထိမ်းအမှတ် ထိပ်သီးဆွေးနွေးပွဲ ပိတ်ပွဲအခမ်းအနားသို့ တက်ရောက်ခဲ့သည်။

**(သတင်းစဉ်)**



☆ ရှေ့ဖုံးမှ

အဆိုပါကွာဟချက်ကို ဖယ်ရှားပေးနိုင်ရန်အတွက် အခြားဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ (Alternative Development)နှင့် အလုပ်အကိုင်အခွင့်အလမ်းများဖော်ဆောင်ပေးရန် လိုပါကြောင်း၊ ဂျပန်နိုင်ငံနှင့်ပူးပေါင်းဆောင်ရွက်နေသော စီမံကိန်းများကို ထိရောက်စွာအကောင်အထည်ဖော်နိုင်ခြင်းဖြင့် မဲခေါင်နိုင်ငံများနှင့် အခြားအာဆီယံနိုင်ငံများအကြား ကွာခြားမှုကျဉ်းမြောင်းလာမည်ဖြစ်ပါကြောင်း၊ မဲခေါင်ဒေသနိုင်ငံများသည် လယ်ယာစိုက်ပျိုးရေးကို အခြေခံသော နိုင်ငံများဖြစ်သည့်အတွက် လယ်ယာထွက်ကုန်များ ဈေးကွက်ရရှိရေးနှင့် လယ်ယာထွက်ကုန်များ ဖြန့်ဖြူးနိုင်ရန်အတွက် လမ်းပန်းဆက်သွယ်ရေးကဏ္ဍသည် အရေးကြီးပါကြောင်း၊ ထိုရည်ရွယ်ချက်များ အောင်မြင်စေရန်အတွက် ဂျပန်နိုင်ငံ၏ အားပေးပံ့ပိုးမှုဆက်လက်ရရှိမည်ဟုမျှော်လင့်ပါကြောင်း၊ မဲခေါင်ဒေသတွင်း အရှေ့-အနောက် စီးပွားရေးစင်္ကြံနှင့် တောင်ပိုင်းစီးပွားရေးစင်္ကြံများကို အကောင်အထည်ဖော်နိုင်ခြင်းအားဖြင့် ဒေသ၏စီးပွားရေး၊ လူမှုရေးနှင့် ပြည်သူများအကြား အပြန်အလှန် ကူးလူးဆက်ဆံမှုများ ပိုမိုမြန်ဆန်လွယ်ကူလာမည်ဖြစ်ပါကြောင်း၊ ဒေသတွင်း စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန်အတွက် ရင်းနှီးမြှုပ်နှံမှုများပြုလုပ်ရာတွင် သဘာဝပတ်ဝန်းကျင်နှင့် လူမှုဝန်းကျင် ထိခိုက်မှုအနည်းဆုံးဖြစ်အောင် ဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ ထို့ကြောင့် အစိမ်းရောင်စီးပွားရေးနှင့် အစိမ်းရောင်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလေးထားဆောင်ရွက်သွားရန် အရေးကြီးပါကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် ဂျပန်နိုင်ငံ၏ အတွေ့အကြုံ၊ နည်းပညာနှင့် လူသားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေး အကူအညီများသည် မဲခေါင်ဒေသနိုင်ငံများအတွက် အလွန်အရေးပါပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် မဲခေါင်-ဂျပန်ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်ကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် အပြည့်အဝ ပူးပေါင်းဆောင်ရွက်မည်ဖြစ်ပါကြောင်း၊ (၇)ကြိမ်မြောက် မဲခေါင်-ဂျပန်နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးကို ၂၀၁၄ခုနှစ် မြန်မာနိုင်ငံတွင် (၄၇)ကြိမ်မြောက် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးနှင့် တစ်ဆက်တည်း ကျင်းပသွားမည်ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ညပိုင်းတွင် နိုင်ငံတော်သမ္မတသည် အာဆီယံနိုင်ငံခေါင်းဆောင်များနှင့်အတူ Imperial ဟိုတယ် Fuji-no-ma ခန်းမ၌ ကျင်းပသော ဂျပန်နိုင်ငံဝန်ကြီးချုပ်နှင့်ဇနီးတို့က တည်ခင်းဧည့်ခံသည့် နှစ်(၄၀)ပြည့် အာဆီယံ-ဂျပန် အထိမ်းအမှတ် ထိပ်သီးအစည်းအဝေး အောင်မြင်စွာကျင်းပခြင်းအထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်ခဲ့သည်။

**(သတင်းစဉ်)**




**ဂျပန်နိုင်ငံဝန်ကြီးချုပ် ရှင်ဇိုအာဘေးနှင့်အတူ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၊ ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆန်၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ သွန်ဆင်းသမာဗောင်၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ငုယင်တန်ဒွန်း၊ ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ် H.E. Niwattumrong Boonsongpaisan တို့နိုင်ငံတော်ဧည့်ဂေဟာ Sairan-no-ma ခန်းမ၌ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြစဉ်။** (သတင်းစဉ်)



## အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ကာယဗလအားကစားပြိုင်ပွဲဖွင့်

**ရန်ကုန် ဒီဇင်ဘာ ၁၄**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးတင်အေး၊ (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကျင်းပရေးကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း၊ ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးသိန်းထိုက်နှင့် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေတို့သည် ယနေ့ညနေ ၃ နာရီတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာ၌ ကျင်းပသော (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ "ကာယဗလအားကစားပြိုင်ပွဲ" ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးသည်။

ကာယဗလပြိုင်ပွဲသို့ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ မလေးရှား၊ ထိုင်း၊ ဗီယက်နမ်နှင့် အိမ်ရှင်မြန်မာနိုင်ငံတို့မှ ပြိုင်ပွဲဝင်အားကစားသမားများ ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး World Bodybuilding & Physique Sports Federation မှအထွေထွေအတွင်းရေးမှူးချုပ် Datuk Paul Chua က အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ ကာယဗလအားကစားပြိုင်ပွဲ ၅၅၊ ၆၀၊ ၇၀ ကီလိုတန်း ဖိုင်နယ်ပြိုင်ပွဲများကို ဆက်လက်ကျင်းပပြီး ဆုများချီးမြှင့်ရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးတင်အေးက ၅၅ ကီလိုတန်းဆုရရှိသူများအားလည်းကောင်း၊ ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးသိန်းထိုက်က ၆၀ ကီလိုတန်း ဆုရရှိသူများအားလည်းကောင်း၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီအတွင်းရေးမှူး ဦးကျော်စိုးက ၇၀ ကီလိုတန်းဆုရရှိသူများအား လည်းကောင်း ဆုများ ပေးအပ်ချီးမြှင့်သည်။

**(သတင်းစဉ်)**

## ကာယဗလပြိုင်ပွဲ ၆၀ ကီလိုတန်း မြန်မာအသင်းမှ ရွှေတံဆိပ်ရရှိ

**ရန်ကုန် ဒီဇင်ဘာ ၁၄**

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ၏ ကာယဗလအားကစားပြိုင်ပွဲကို ယနေ့ညနေ ၃ နာရီက ရန်ကုန်မြို့ မြန်မာကွန်ဗင်းရှင်းစင်တာ(MCC)ခန်းမ၌ ကျင်းပရာ ၆၀ ကီလိုတန်း ကာယဗလပြိုင်ပွဲတွင် မြန်မာအသင်းမှ အောင်ခိုင်ဝင်း **(အပေါ်ပုံ)**က ပထမဆုရွှေတံဆိပ်တစ်ဆု၊ ၅၅ ကီလိုတန်းကာယဗလပြိုင်ပွဲတွင် မြန်မာအသင်းမှ ထွန်းမင်းက ဒုတိယဆု ငွေတံဆိပ်ဆုများ အသီးသီး ဆွတ်ခူးရရှိကြောင်း သိရသည်။

ဆီးဂိမ်းပထမနေ့ ကာယဗလပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ ၅၅ ကီလိုတန်းတွင် ထွန်းမင်း၊ ၆၀ ကီလိုတန်းတွင် အောင်ခိုင်ဝင်းနှင့် ၇၀ ကီလိုတန်းတွင် စိုးမိုးအောင်ပါဝင်ယှဉ်ပြိုင်ခဲ့ပြီး ၅၅ ကီလိုတန်းတွင် အင်ဒိုနီးရှားနိုင်ငံမှ ကစားသမား နှစ်ဦး၊ ဗီယက်နမ်နိုင်ငံမှ ကစားသမားတစ်ဦး၊ ထိုင်းနိုင်ငံမှ ကစားသမားနှစ်ဦး၊ မလေးရှားနိုင်ငံမှ ကစားသမားတစ်ဦး၊ ၆၀ ကီလိုတန်းတွင် ဗီယက်နမ်မှ ကစားသမားတစ်ဦး၊ အင်ဒိုနီးရှားနိုင်ငံမှ ကစားသမားတစ်ဦး၊ ကမ္ဘောဒီးယားနိုင်ငံမှ ကစားသမားတစ်ဦး၊ မလေးရှားနိုင်ငံမှ ကစားသမားတစ်ဦး၊ ၇၀ ကီလိုတန်းတွင် ကမ္ဘောဒီးယားနိုင်ငံမှ ကစားသမားတစ်ဦး၊ ဗီယက်နမ်နိုင်ငံမှ ကစားသမားတစ်ဦး၊ အင်ဒိုနီးရှားနိုင်ငံမှ ကစားသမားတစ်ဦး၊ မလေးရှားနိုင်ငံမှ ကစားသမား တစ်ဦး စုစုပေါင်းကစားသမား ၁၇ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့သည်။

ပထမနေ့ ကာယဗလပြိုင်ပွဲ ၅၅ ကီလိုတန်းတွင် ထိုင်းနိုင်ငံမှ ပထမဆု ရွှေတံဆိပ်၊ မြန်မာနိုင်ငံမှ ဒုတိယဆု ငွေတံဆိပ်၊ ဗီယက်နမ်နိုင်ငံမှ တတိယဆု ကြေးတံဆိပ်၊ ၆၀ ကီလိုတန်းတွင် မြန်မာနိုင်ငံမှ ပထမဆုရွှေတံဆိပ်၊ ဗီယက်နမ်နိုင်ငံမှ ဒုတိယဆုငွေတံဆိပ်၊ အင်ဒိုနီးရှားနိုင်ငံမှ တတိယဆု ကြေးတံဆိပ်နှင့် ၇၀ ကီလိုတန်းတွင် ဗီယက်နမ်နိုင်ငံမှ ပထမဆုရွှေတံဆိပ်၊ မလေးရှားနိုင်ငံမှ ဒုတိယဆု ငွေတံဆိပ်၊ အင်ဒိုနီးရှားနိုင်ငံမှ တတိယဆု ကြေးတံဆိပ်ဆုများ အသီးသီးရရှိခဲ့သည်။

ကာယဗလ ၆၀ ကီလိုတန်းတွင် ပထမဆု ရွှေတံဆိပ်ဆုရရှိခဲ့သူ ကိုအောင်ခိုင်ဝင်းက "ပြိုင်ပွဲမှာ ပြင်ဆင်ကြိုးစားပြီး ဘယ်နိုင်ငံက လာပြိုင်မလဲဆိုတာ အရင်လေ့လာပါတယ်။ လာနိုင်တဲ့သူတွေအနေအထားကို သူတို့ရဲ့အားနည်းချက်၊ အားသာချက်ကိုလေ့လာပြီး ကိုယ့်ဘက်က အားနည်းချက်၊ အားသာချက်ကို ပြင်ဆင်ခဲ့ပါတယ်။ ခန္ဓာကိုယ်ကြွက်သားကို ဘယ်လောက်အထိ ဖော်နိုင်မလဲ၊ ဒါကိုပြင်ဆင်ခဲ့ရတယ်။ ၂၀၀၇ ခုနှစ် ထိုင်းနိုင်ငံမှာကျင်းပတဲ့ ဆီးဂိမ်းပြိုင်ပွဲမှာလည်း ပထမရခဲ့ပါတယ်။ ကိုယ့်နိုင်ငံမှာ ကိုယ့်ပရိသတ်ရှေ့မှာရတဲ့ဆုတံဆိပ်ဖြစ်လို့ ပိုပြီးဂုဏ်ယူပါတယ်။ အရှုံးမခံနိုင်တဲ့စိတ်နဲ့ ပြင်ဆင်တယ်။ ပြင်ဆင်တဲ့အတိုင်း ရွှေတံဆိပ်ရခဲ့တာပါ"ဟု ပြောသည်။

ဆီးဂိမ်းပြိုင်ပွဲ၏ ကာယဗလပြိုင်ပွဲ ဒုတိယနေ့ကို ဒီဇင်ဘာ ၁၅ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး အဆိုပါပြိုင်ပွဲတွင် ၈၀ ကီလိုတန်းနှင့် ၉၀ ကီလိုတန်းများ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

## ကချင်ပြည်နယ်အတွင်း ဆက်သွယ်ရေးလိုင်းများ ပိုမိုကောင်းမွန်ရေး မြေအောက်ဖိုက်ဘာကေဘယ်လိုင်းများ ဆောင်ရွက်သွားမည်

**မြစ်ကြီးနား ဒီဇင်ဘာ ၁၄**

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ကချင်ပြည်နယ်၏ ဆက်သွယ်ရေးစနစ်များ အကောင်အထည်ဖော်ဆောင်ရွက်မှုနှင့်ပတ်သက်၍ ဒီဇင်ဘာ ၂၂ ရက်ကပင် အော်တိုတယ်လီဖုန်းများမှတစ်ဆင့် ခေတ်စနစ်နှင့်လျော်ညီစွာ ဖွံ့ဖြိုးတိုးတက်လာသော နည်းပညာများအရ ဆယ်လူလာ မိုဘိုင်းဖုန်း၊ CDMA-450 MHz/ GSM/ CDMA-800 MHz/WCDMA ဖုန်းများကို တိုးချဲ့တပ်ဆင်ခဲ့ရာမိုဘိုင်းဖုန်း ၁ ဒသမ ၆ သိန်းကျော်တပ်ဆင်ခဲ့ပြီးဖြစ်သည်။

အဆိုပါ မိုဘိုင်းဖုန်းတိုးချဲ့တပ်ဆင်ခြင်းအချို့သည် တပ်မတော် Fiber Optic Cable နှင့် Microwave ဆက်ကြောင်း E1 လိုင်းများပေါ်မှ ငှားရမ်းသုံးစွဲရခြင်းကြောင့် Fiber လိုင်းနှင့် Microwave Link များ အပြည့်အဝသုံးစွဲ၍ မရနိုင်ခြင်း၊ Transmission Link အပြည့်အဝ မရရှိသည့်အတွက် ဖုန်းလိုင်းများ ကောင်းမွန်စွာ ဆက်သွယ်ပြောဆိုနိုင်ရန် ခက်ခဲသောကြောင့် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းပိုင် Fiber Network များကို တိုးချဲ့ဆောင်ရွက်လျက်ရှိရာ ရွှေဘို-မြစ်ကြီးနား မြေအောက်ဖိုက်ဘာဆက်ကြောင်းကို Nexus Network ကုမ္ပဏီလီမိတက်မှ ဆောင်ရွက်လျက်ရှိသည်။

ကချင်ပြည်နယ်အတွင်း နန့်စီးအောင်-မြစ်ကြီးနား မြေအောက်ဖိုက်ဘာကေဘယ် ချခင်းမည့်လမ်းကြောင်းကို ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးကမန်းဒူနော်သည် ပြည်နယ်ဆက်သွယ်ရေးလုပ်ငန်း ပြည်နယ်မန်နေဂျာနှင့် တာဝန်ရှိသူများ၊ ကုမ္ပဏီမှပညာရှင်များနှင့်အတူ ဒီဇင်ဘာ ၁၂ ရက်နံနက် ၉ နာရီတွင် မိုးကောင်းမြို့တွင်း ဖိုက်ဘာကေဘယ်ပိုက်လိုင်းလမ်းကြောင်းများ တူးဖော်ဆောင်ရွက်နေမှု၊ မီးရထားလမ်း၊ ချောင်း၊ လမ်းအကျယ်ဖြတ်လမ်းတို့တွင် မြေဖောက်စက် ယန္တရားများဖြင့် တူးဖော်နေမှု၊ တံတားများတွင် စတီးပိုက် သွယ်တန်းနေမှု၊ မြို့တွင်းပိုက်လိုင်းနှင့် လူဝင်ကျင်းများ တည်ဆောက်ထားရှိမှု၊ ဖိုက်ဘာနှင့်ဆက်စပ်ပစ္စည်းများ စုပုံထားရှိမှုကို ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ ဖိုက်ဘာကေဘယ်ချခင်းမည့်လမ်းကြောင်းမှာ ရွှေဘိုမှ မြစ်ကြီးနားအထိ ဆက်သွယ်တန်းမည့် မဟာဆက်ကြောင်းကြီး တစ်ခုဖြစ်ပြီး ပြည်နယ်အတွင်း နန့်စီးအောင်မှ မြစ်ကြီးနားအထိ ၂၀၉ ကီလိုမီတာရှည်လျားကာ ပြည်နယ်ဆက်သွယ်ရေး၏ အဓိကကွန်ရက်ကြီးတစ်ခုအဖြစ် ၂၀၁၄ ခုနှစ် မတ်လတတိယပတ်တွင် လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမည်ဖြစ်ပြီး အဆိုပါလုပ်ငန်းများ ဆောင်ရွက်ပြီးစီးပါက ပြည်နယ်အတွင်း ဖုန်းလိုင်းများနှင့် Internet ချိတ်ဆက်ခြင်းများ ယခုထက်ပိုမိုအဆင်ပြေလွယ်ကူလျင်မြန်ချောမွေ့စွာ အသုံးပြုနိုင်တော့မည်ဖြစ်ကြောင်း သိရှိရသည်။

**(ပြည်နယ် ပြန်/ဆက်)**

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကိုကိုးကျွန်းဒေသဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်မှုများ ကြည့်ရှုစစ်ဆေး



**နေပြည်တော် ဒီဇင်ဘာ ၁၄**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး သူရသက်ဆွေ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဆန်းဦးတို့လိုက်ပါ၍ ဒီဇင်ဘာ ၁၃ ရက် နေ့လယ်ပိုင်းတွင် အမှတ်(၁) ဗျူဟာစစ်ရေယာဉ်စု အမှတ်(၃) ဆိပ်ခံတံတားသို့ရောက်ရှိရာ စစ်ရေယာဉ်အောင်ဇေယျမှ ဂုဏ်ပြုတပ်ဖွဲ့ဖြင့် ကြိုဆိုသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်သည် အဖွဲ့ဝင်များလိုက်ပါ၍ စစ်ရေယာဉ်အောင်ဇေယျ ရေယာဉ်ပေါ်သို့ တက်ရောက်ကာ လှည့်လည်ကြည့်ရှုစစ်ဆေး၍ ၎င်းရေယာဉ်ဖြင့် ကိုကိုးကျွန်းသို့ ဆက်လက်ထွက်ခွာခဲ့သည်။ ရေယာဉ်ပေါ်တွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ထံသို့ စစ်ရေယာဉ်မှူးက အထိမ်းအမှတ်တံဆိပ်ပေးအပ်ကာ စုပေါင်းအမှတ်တရဓာတ်ပုံများ ရိုက်ကူးကြသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့သည် ဒီဇင်ဘာ ၁၄ ရက် နံနက်ပိုင်းတွင် ကိုကိုးကျွန်းသို့ ရောက်ရှိပြီး ပမ္မဝတီရေတပ်စခန်း ဌာနချုပ် ယာယီဌာနချုပ်မှူးနှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ရှေးဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့သည် ကိုကိုးကျွန်း ကျွန်းပတ်လမ်းအတိုင်း မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ ယင်းနောက် လေယာဉ်ကွင်းအဆင့်မြှင့်တင်ဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေး၍ တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုအပေါ် လိုအပ်သည်များ မှာကြားခဲ့သည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ရေတပ်အခြေစိုက်စခန်း ဧည့်ခန်းမသို့ ရောက်ရှိပြီး ရေတပ်အခြေစိုက်စခန်း၊ စခန်းမှူးက တပ်တည်ဆောက်ရေးလုပ်ငန်းကြီး လေးရပ်အားလည်းကောင်း၊ လေယာဉ်ကွင်းပြေးလမ်းတိုးချဲ့တည်ဆောက်မှုလုပ်ငန်း တာဝန်ခံမှ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြပြီး ကာကွယ်ရေးဦးစီးချုပ်(ရေ)နှင့် တာဝန်ရှိသူများက အသီးသီး ဖြည့်စွက် ရှင်းလင်းတင်ပြကြရာ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်က လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့သည်။

ဆက်လက်၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှသည် အဖွဲ့ဝင်များလိုက်ပါ၍ ရေတပ်စခန်းခန်းမတွင် ရေတပ်အခြေစိုက်စခန်းမှ အရာရှိ/စစ်သည်မိသားစုများနှင့် တွေ့ဆုံ၍ **(အပေါ်ဝဲပုံ)** အမှာစကားပြောကြားသည်။

တွေ့ဆုံပွဲအပြီးတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အရာရှိ/စစ်သည်မိသားစုများ၊ ပြည်သူ့စစ်တပ်ဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းများအတွက် အခြေခံစားကုန်များ၊ ဟင်းသီးဟင်းရွက်များနှင့် ဗလာစာအုပ်များအား လည်းကောင်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဇနီး ဒေါ်ကြူကြူလှက မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းအတွက် ထောက်ပံ့ငွေများအားလည်းကောင်း ပေးအပ်ရာ တာဝန်ရှိသူ အသီးသီးက လက်ခံရယူကြသည်။

ယင်းနောက် ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး သူရသက်ဆွေနှင့် စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး ခင်ဇော်ဦးက အားကစားပစ္စည်းများနှင့် လက်ဆောင်ပစ္စည်းများ ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။ **(မြဝတီ)**

## (၆၆) နှစ်မြောက် လွတ်လပ်ရေးနေ့ ဦးတည်ချက်များ

- ☆ ပြည်ထောင်စုတိုင်းရင်းသားအားလုံး ပြည်ထောင်စုကြီးအတွင်း၌ ဥမကွဲ သိုက်မပျက် အတူတကွ ရာသက်ပန် ပူးပေါင်းနေထိုင်ရေး၊
- ☆ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့ကို တိုင်းရင်းသားအားလုံး မျက်ခြည်မပြတ် ထိန်းသိမ်းကာကွယ်ရေး၊
- ☆ လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းပြီး ရေရှည်တည်တံ့သည့် စစ်မှန်သော ထာဝရငြိမ်းချမ်းရေး ရရှိအောင် ဆောင်ရွက်ရာတွင် တိုင်းရင်းသားလူမျိုးများအားလုံးမှ ပူးပေါင်းပါဝင်ဆောင်ရွက်ရေး၊
- ☆ ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ်ကို ပြည်သူ့စွမ်းအားဖြင့် ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်ရေး။




# မြန်မာနိုင်ငံအမျိုးသမီးအားကစားအဖွဲ့နာယကကြီးများနှင့် အလှူရှင်များက ကာယဗလ၊ အလေးမနှင့် သေနတ်ပစ်အားကစားသမားများအား အလှူငွေများ ပေးအပ်လှူဒါန်း

**ရန်ကုန် ဒီဇင်ဘာ ၁၄**

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ၌ ပါဝင်ယှဉ်ပြိုင်နေသော ကာယဗလ၊ အလေးမနှင့် သေနတ်ပစ်အားကစားသမားများ စိတ်ဓာတ်မြှင့်တင်ရေးနှင့် အောင်နိုင်ရေးတို့အတွက် မြန်မာနိုင်ငံအမျိုးသမီး အားကစားအဖွဲ့ချုပ်နာယကကြီးများနှင့် အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းသည့် အခမ်းအနားကို ယနေ့နံနက် ၈ နာရီခွဲတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် မြန်မာကွန်ဗင်းရှင်းစင်တာခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် နာယကကြီးများဖြစ်ကြသော ဒေါ်ခင်သက်ဌေးနှင့် ဒေါ်ခင်အေးနွယ်တို့က ထောက်ပံ့ချီးမြှင့်ငွေကျပ်ခြောက်သိန်းအားပေးအပ်လှူဒါန်းရာ **(အပေါ်ပုံ)** မြန်မာနိုင်ငံ ကာယကြံ့ခိုင်မှုအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးကျော်သန်းက လက်ခံပြီး ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံအမျိုးသမီးအားကစားအဖွဲ့ချုပ် နာယကကြီးများသည် မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူအားကစားကွင်း အားကစားခန်းမ၌ စခန်းသွင်းလေ့ကျင့်လျက်ရှိသော (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲဝင် လက်ရွေးစင်အလေးမ အားကစားသမားများအား ထောက်ပံ့ချီးမြှင့်ငွေကျပ်ရှစ်သိန်းပေးအပ်လှူဒါန်းရာ မြန်မာအလေးမအသင်းခေါင်းဆောင် မြန်မာနိုင်ငံအလေးမအားကစားအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးကျော်အောင်စိုးက လက်ခံရယူ၍ ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်သည်။

ထို့နောက် ဒဂုံမြို့သစ်(မြောက်ပိုင်း) သေနတ်ပစ်အားကစားကွင်းရှိ (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲဝင် လက်ရွေးစင် သေနတ်ပစ် အားကစားသမားများ ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်နေမှုများအား ကြည့်ရှုအားပေးခဲ့ကြသည်။

အဆိုပါ အခမ်းအနားများသို့ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် နာယကကြီးများဖြစ်ကြသော ဒေါ်ခင်သက်ဌေးနှင့် ဒေါ်ခင်အေးနွယ်၊ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်အယ်လ်ခွန်းရီ၊ အထွေထွေအတွင်းရေးမှူး ဒေါ်နန်းအေးခိုင်၊ တွဲဖက်ဘဏ္ဍာရေးမှူး ဒေါက်တာဒေါ်အေးအေးခိုင်မြင့်နှင့် အမှုဆောင်များ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# Sea Dream II အပျော်စီးသင်္ဘော ရန်ကုန်မြို့သို့ ရောက်ရှိ

**သတင်း-ဦးထူး**
**ဓာတ်ပုံ-တင်ထွန်းဦး**

Sea Dream II အမည်ရှိ အပျော်စီးသင်္ဘော ရန်ကုန်မြို့ နန်းသီတာဆိပ်ကမ်းသို့ ဒီဇင်ဘာ ၁၃ ရက် ညနေ ၃ နာရီခန့်က ရောက်ရှိလာသည်။ Myanmar Voyages International Tourism Co., Ltd. ၏ စီစဉ်မှုဖြင့် ရောက်ရှိလာခြင်းဖြစ်သည်။ ခရီးသည် ၅၃ ဦးလိုက်ပါလာပြီး အများစုမှာ အမေရိကန်၊ ဩစတြေးလျနှင့် ဗြိတိန်တို့မှ ဖြစ်သည်။

အဆိုပါ သင်္ဘောဖြင့် စင်ကာပူ၊ ထိုင်းနိုင်ငံ ဖူးခက်ကျွန်း၊ မြန်မာနိုင်ငံ ကော့သောင်းဒေသရှိ ကျွန်းများသို့ ဝင်ရောက်ခဲ့ပြီး ထိုမှတစ်ဆင့် ရန်ကုန်မြို့သို့ ရောက်ရှိလာခြင်းဖြစ်သည်။

Sea Dream II သင်္ဘောမှာ ရွက်လွှင့်သင်္ဘောပုံစံဖြစ်ပြီး ငါးထပ်ရှိ အပျော်စီးသင်္ဘောဖြစ်သည်။ လူ ၁၀၀ ခန့်သာ တင်ဆောင်နိုင်သည့် သင်္ဘောဖြစ်ပြီး ယခုခရီးစဉ်တွင် ကပ္ပတိန်နှင့် သင်္ဘောဝန်ထမ်းများ၊ ခရီးသည်များအပါအဝင် ၉၂ ဦးပါရှိသည်။ သင်္ဘောမှာ နော်ဝေနိုင်ငံမှဖြစ်ပြီး နော်ဝေမှ နာမည်ကျော်ရုပ်ရှင်မင်းသမီးများလည်း လိုက်ပါလာကြောင်း သိရသည်။



**မန်နေဂျင်းဒါရိုက်တာ ဦးသက် လွင်တိုး။**

ရန်ကုန်မြို့သို့ ရောက်ရှိပြီးနောက် မိမိအစီအစဉ်ဖြင့် လှည့်လည်သွားလာကြသကဲ့သို့ ၂၂ ဦးမှာ ဒီဇင်ဘာ ၁၄ ရက်တွင် ပုဂံသို့ သွားရောက်လည်ပတ်ကြကြောင်း သိရသည်။

ရန်ကုန်မြို့သို့ Sea Dream II သင်္ဘောရောက်ရှိမှုမှာ ယခုအခေါက်သည် ဒုတိယမြောက်ခရီးစဉ်ဖြစ်သည်။ ပထမ ခရီးစဉ်နှင့် ယခုခရီးစဉ်တွင် လိုက်ပါလာသူများအနေဖြင့် ခရီးစဉ်စီစဉ်ထားမှုနှင့် စပ်လျဉ်း၍ ကျေနပ်နှစ်သက်ပျော်ရွှင်ကြကြောင်း သိရသည်။

Myanmar Voyages International Tourism Co., Ltd. မန်နေဂျင်းဒါရိုက်တာ ဦးသက်လွင်တိုးက "Sea Dream II သင်္ဘောခရီးစဉ်ဟာ အနည်းဆုံး နှစ်ပတ်ကနေ တစ်လ၊ နှစ်လအထိ ကြာတဲ့ခရီးစဉ်ပါ။ အခုလိုက်ပါလာသူတွေက အသက်(၅၀)၊ (၆၀) ဝန်းကျင်တွေများပါတယ်။ မြန်မာနိုင်ငံကိုရောက်တော့ သူတို့ထင်ထားသလိုမဟုတ်ဘဲ အေးချမ်းသာယာတာ တွေ့ရတော့ အံ့ဩကြပါတယ်။ ထင်ထား၊ ကြားထားတာတွေနဲ့ လက်တွေ့အခြေအနေ ကွဲပြားနေတာတွေ့ကြရလို့ပါ။ အရင်တုန်းက မြန်မာနိုင်ငံကိုလာဖို့ ကြောက်နေတဲ့သူတွေလည်း ဒီသင်္ဘောမှာပါပါတယ်။ လက်တွေ့လာဖြစ်တော့ နောက်ထပ်လာချင်စိတ်တွေလည်း ပေါ်လာတယ်လို့ သူတို့ကပြောပြကြပါတယ်။ ကမ္ဘာလှည့်သင်္ဘောခရီးစဉ်တွေ ပိုပြီးတော့ အောင်မြင်အောင် ဝိုင်းဝန်းပံ့ပိုးကြမယ်ဆိုရင် နိုင်ငံအတွက်၊ အားလုံးအတွက် အကျိုးရှိမှာပါ"ဟု ရှင်းပြသည်။

Sea Dream II အပျော်စီးသင်္ဘောသည် ဒီဇင်ဘာ ၁၅ ရက်တွင် မြန်မာနိုင်ငံမှ ပြန်လည်ထွက်ခွာသွားသည်။

# ဘက်စုံလွှမ်းခြုံနိုင်သော ပညာရေးကဏ္ဍ လေ့လာသုံးသပ်ရေးလုပ်ငန်း (Comprehensive Education Sector Review)

## မြန်မာနိုင်ငံပညာရေးသုတေသနအဖွဲ့ဦးစီးဌာန

(ယခင်လမှအဆက်)

**နည်းပညာနှင့် သက်မွေးပညာရေးအားလေ့လာဆန်းစစ်ခြင်း**

နည်းပညာနှင့် သက်မွေးပညာရေးအားလေ့လာဆန်းစစ်ခြင်း၏ အဓိက လေ့လာဆန်းစစ်တွေ့ရှိချက်များမှာ (က)နည်းပညာနှင့် သက်မွေးပညာရေး တစ်ခုလုံးကို ခြုံငုံနိုင်သော မူဝါဒဟူ၍ သီးခြားမရှိသေးခြင်း၊ (ခ) စက်မှု၊ စိုက်ပျိုးနှင့် သက်မွေးပညာရေးဥပဒေ (၁၉၇၄)နှင့် ၁၉၈၃ ခုနှစ်နှင့် ၁၉၈၉ ခုနှစ် ပြင်ဆင်ချက်များတွင် စက်မှုပညာရပ်များနှင့် သက်မွေးပညာများကို စုံစုံလင်လင်ဖော်ပြထားသော်လည်း စိုက်ပျိုးရေးနှင့်ပတ်သက်ပြီး ပြည့်စုံမှု မရှိသည့်အပြင် အခြားသောနည်းပညာနှင့်သက်မွေးပညာများ ကျန်နေသေးခြင်း၊ (ဂ) နည်းပညာနှင့် သက်မွေးပညာရေးအတွက် သင်ရိုးများရေးဆွဲရာတွင် အာရှဒေသတွင်းနှင့် အခြားသောနိုင်ငံများ၏သင်ရိုးညွှန်းတမ်းပုံစံများအပေါ်တွင် အခြေခံ၍မိမိတို့နိုင်ငံ၏ အတတ်ပညာဆိုင်ရာလိုအပ်ချက်များနှင့် အခြေအနေများပေါ်တွင် ပုံစံပြုသတ်မှတ်ရေးဆွဲထားသည့်အပြင် ကျောင်းများမှ ထုတ်ပေးသော အောင်လက်မှတ်များ၏ အရည်အသွေးကို နိုင်ငံတွင်း အသိအမှတ်ပြုထားသော်လည်း အရည်အသွေးထိန်းကျောင်းမှုဆိုင်ရာများ လိုအပ်နေခြင်း၊ (ဃ)နည်းပညာနှင့် သက်မွေးပညာရေးကျောင်းများသို့ ဝင်ရောက်သင်ကြားခွင့်ပြုသော ကျောင်းသူ ကျောင်းသားဦးရေကို ကျောင်းသားရရှိသော စာမေးပွဲရမှတ်၊ လက်ခံနိုင်သောဦးရေ၊ ဦးစားပေးလျှောက်ထားသောပညာရပ်နှင့် အနိမ့်ဆုံးသတ်မှတ်အရည်အချင်းများအပေါ် အခြေခံကာ လက်ခံသင်ကြားနေခြင်း၊ (င) နည်းပညာနှင့် သက်မွေးပညာကျောင်းတစ်ကျောင်းစီနှင့် ပတ်သက်သော သတင်းအချက်အလက် ပြည့်ပြည့်စုံစုံပါရှိသည့် ဝက်(ဘ်)ဆိုက်(website) များတင်ထားခြင်းမရှိပါ။ ဝန်ကြီးဌာနနှင့် သက်ဆိုင်ရာ ကျောင်းများအကြား အချက်အလက်အပြန်အလှန်ဖလှယ်ရန်အတွက်သာ အင်တာနက်စနစ်ကို တည်ဆောက်ထားခြင်း၊ (စ) လက်ရှိကျင့်သုံးနေသော အရည်အသွေးဆန်းစစ်ချက်အစီအစဉ်မှာ သင်ကြားမှုအပိုင်းလိုက် စစ်ဆေးခြင်းနှင့် ပညာသင်နှစ်အဆုံး စာမေးပွဲစစ်ဆေးခြင်းများပြုလုပ်ပြီး ပေါင်းစပ်အကဲဖြတ်အမှတ်ပေးသည့်စနစ်ဖြစ်ပြီး ၎င်းစနစ်မှာ သဘောတရားများအရ ကောင်းမွန်ကြောင်း လေ့လာတွေ့ရှိရပါသည်။ ပေးအပ်ချီးမြှင့်နေသော အောင်လက်မှတ် သို့မဟုတ် ဒီပလိုမာများကို နိုင်ငံအတွင်းအသိအမှတ်ပြုရန် သက်ဆိုင်ရာဝန်ကြီးဌာနအသီးသီးရှိ ပညာရေးအဖွဲ့များမှ တက္ကသိုလ်များ ဗဟိုကောင်စီသို့ တင်ပြပြီးအတည်ပြုချက်ရယူပြီးမှသာ ဝန်ကြီးဌာန သို့မဟုတ် သက်ဆိုင်ရာဦးစီးဌာနများမှ လက်မှတ်များကို ချီးမြှင့်ပေးလျက်ရှိခြင်း၊ (ဆ) နည်းပညာနှင့် သက်မွေးပညာကျောင်းများတွင် ဒေသဖွံ့ဖြိုးရေးကို ဦးတည်သော သင်တန်းများနည်းနေခြင်းတို့ဖြစ်ပါသည်။

ဦးစားပေးဆောင်ရွက်ရန် ထောက်ခံအကြံပြုချက်များမှာ (က)နည်းပညာနှင့် သက်မွေးပညာရေးမူဝါဒရေးဆွဲမည်ဆိုပါက နည်းပညာနှင့် သက်မွေးပညာ သင်ကြားလေ့ကျင့်ရေးကို ကမ္ဘာ့လွှမ်းခြုံပညာတိုးတက်နေမှုနှင့်အညီ နည်းပညာနှင့် သင်ကြားလေ့ကျင့်ရေးအစီအစဉ်များကို အစဉ်တစိုက်ချမှတ်ဖြည့်ဆည်းဆောင်ရွက်သွားသင့်ပါသည်။ နည်းပညာနှင့် သက်မွေးပညာရေး လမ်းကြောင်းသို့ ဝင်ရောက်ခွင့်အရည်အသွေးသတ်မှတ်ရာတွင် ကျွမ်းကျင်လူ့စွမ်းအားဖွံ့ဖြိုးရေးအစီအစဉ်လမ်းကြောင်းသို့လည်းကောင်း၊ ကျောင်းပညာသင်ကြားရေးလမ်းကြောင်းနှင့် ချိတ်ဆက်နိုင်သော တန်းတူအခွင့်အရေးကို ဖော်ဆောင်နိုင်ရန်အတွက် တစ်သက်တာသင်ယူမှုအခွင့်အလမ်းများကို မူဝါဒတွင် ထည့်သွင်းစဉ်းစားရန် အကြံပြုတင်ပြပါသည်။ ပြည်တွင်းပြည်ပအလုပ်အကိုင်အခွင့်အလမ်းနှင့် လုပ်သားဈေးကွက်တို့ပြောင်းလဲနေမှု၊ လုပ်ငန်းအသိုင်းအဝိုင်း၏နည်းပညာဆိုင်ရာ တောင်းဆိုနေမှုအရည်အသွေးများနှင့် ချမှတ်သော နိုင်ငံတော်၏ဖွံ့ဖြိုးတိုးတက်ရေးနည်းဗျူဟာနှင့် ရင်းနှီးမြှုပ်နှံမှု ဦးတည်ချက်များကို အခြေခံပြီး နည်းပညာနှင့် သက်မွေးပညာလေ့ကျင့်ရေး အဆင့်အတန်းကို မြှင့်တင်သွားရန် အကြံပြုအပ်ပါသည်။ စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနအသီးသီးနှင့် နည်းပညာနှင့် သက်မွေးပညာရေးကဏ္ဍတို့ အပြန်အလှန် အကျိုးရှိစွာ ပူးပေါင်းလေ့ကျင့်ဆောင်ရွက်သွားရန် မူဝါဒတွင် ထည့်သွင်းစဉ်းစားပေးပါရန်၊ ၎င်းအပြင် အရည်အသွေးဦးတည်သည့် ပညာရေး၊ ကောင်းမွန်သောသင်ကြားရေး၊ ပတ်ဝန်းကျင်နှင့် အရည်အသွေးအာမခံချက်များကို စဉ်ဆက်မပြတ် ထိန်းထားနိုင်ရေးကိုလည်း မူဝါဒတွင် ထည့်သွင်းစဉ်းစားရန်၊ (ခ) ၁၉၇၄ စက်မှု၊ စိုက်ပျိုးနှင့် သက်မွေးပညာရေးဥပဒေအရ ဤဥပဒေတွင် ပါရှိသော စက်မှု၊ စိုက်ပျိုးနှင့် သက်မွေးပညာရေးနေရာတွင် နည်းပညာနှင့် သက်မွေးပညာအမျိုးအစားများစွာတို့ကို လွှမ်းခြုံစေသည့် အဓိပ္ပာယ်ကို သက်ရောက်စေသောနည်းပညာနှင့် သက်မွေးပညာရေးဟူ၍ ပြောင်းလဲ

> “မြန်မာနိုင်ငံအနေဖြင့်လည်း မိမိနိုင်ငံလုပ်သားများ၏ အလုပ်အကိုင်ရရှိမှုအခွင့်အလမ်း၊ အရည်အသွေးမြင့်မားရေး၊ နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်ရေးရည်ရွယ်၍ အမျိုးသားအဆင့် အရည်အသွေးမူဘောင် (National Qualification Framework) ကိုထူထောင်ရန် လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲများပြုလုပ်၍ စတင်ဆောင်ရွက်နေပြီ”

အစားထိုးရန် အကြံပြုတင်ပြအပ်ပါသည်။ ဤဥပဒေတွင်ပါရှိသော စက်မှု၊ စိုက်ပျိုးနှင့် သက်မွေးပညာကောင်စီအား နည်းပညာနှင့် သက်မွေးပညာရေးကောင်စီဖွဲ့စည်းခဲ့ပါက ဆက်စပ်နေသည့် ဝန်ကြီးဌာနများနှင့် ပုဂ္ဂလိကကဏ္ဍအသီးသီးမှ ကိုယ်စားလှယ်များ တိုးချဲ့ပါဝင်ရေးကိုပါ ဥပဒေတွင် ထည့်သွင်းစဉ်းစားပေးသင့်ကြောင်း အကြံပြုတင်ပြအပ်ပါသည်။ ဤဥပဒေတွင်ပါရှိသော ကောင်စီလုပ်ငန်းတာဝန်များထဲတွင် နည်းပညာနှင့် သက်မွေးပညာရပ်အသီးသီး၏ သင်ရိုးမာတိကာ၊ သင်ကြားလေ့ကျင့်မှုနှင့် စနစ်များကို တိုးတက်ပြောင်းလဲနေသော နိုင်ငံတကာအဆင့်အတန်း စံနှုန်းနှင့်အညီ (ဥပမာ- Poly Technique-စင်ကာပူ)မျက်ခြည်မပြတ် စိစစ်၍ လက်ခံကျင့်သုံးသင်ကြားလေ့ကျင့်နိုင်ရေး အစီအမံများကို အမျိုးသားပညာရေးကော်မတီသို့ ထောက်ခံတင်ပြပြီး အတည်ပြုချက်ရယူကာ အကောင်အထည်ဖော်ဆောင်ရွက်မည့်လုပ်ငန်းကို ကောင်စီ၏လုပ်ငန်းတာဝန်များထဲတွင် ထပ်မံထည့်သွင်းစဉ်းစားရန်၊ (ဂ) နည်းပညာနှင့် သက်မွေးပညာအရည်အသွေးများကို အမျိုးသားအဆင့် အရည်အသွေးမူဘောင် (National Qualification Framework)နှင့် ချိန်ညှိရေး၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများအတွင်း အပြန်အလှန် အသိအမှတ်ပြုမှု (Mutual Recognition Arrangement)များနှင့် နှိုင်းယှဉ်နိုင်မှု၊ (Comparability) အတွက် နည်းပညာနှင့် သက်မွေးပညာအဆင့်လိုက်သတ်မှတ်ဖော်ပြချက်များကို အဖွဲ့ဝင်နိုင်ငံအသီးသီး၏ စံနမူနာများအပေါ် အခြေခံ၍ အကောင်အထည်ဖော်ဆောင်ရွက်သွားရန်၊ (ဃ) ပညာရပ်အမျိုးအစားအလိုက် အလုပ်အကိုင်အခွင့်အလမ်း (Employment Opportunities)နှင့် လုပ်သားဈေးကွက် (Labour Market)အခြေအနေ၊ နိုင်ငံ၏စီးပွားရေးဖွံ့ဖြိုးမှုနှင့် ရင်းနှီးမြှုပ်နှံမှုစီမံကိန်းများအပေါ်အခြေခံကာ ကျောင်းဝင်ခွင့်ဦးရေ ချိန်ညှိနိုင်ရန်၊ အနာဂတ် ကျောင်းနေမှုမျှော်မှန်းချက်(Student Intake and Output Projection)တွက်ချက်ရန်၊ အောင်မြင်ပြီး ကျောင်းသားများနှင့် ကျောင်းထွက်သွားမှုများကို လေ့လာမှု(Tracer Studies)များ စနစ်တကျစီမံ၍ ပညာရပ်အလိုက် အလုပ်အကိုင်ရရှိရေး၊ စာရင်းအင်းများ စုစည်းရရှိရေးနှင့် အလုပ်အကိုင်အမျိုးအစားအလိုက် အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်သွားရန်၊ (င) တက္ကသိုလ်၊ ကောလိပ်ကျောင်းတိုင်းတွင် ပြည်သူလူထုအနေဖြင့် အချက်အလက်များ ရယူနိုင်ရေးအတွက် ကိုယ်ပိုင်ဝက်ဘ်ဆိုက်(Website)တည်ဆောက်ထားရေး၊ အပြန်အလှန် နည်းပညာသတင်းအချက်အလက်ဖလှယ်ရေးမူဝါဒနှင့် ကွန်ရက်စီမံမှုများ၊ အီလက်ထရွန်နစ်သင်ယူမှုအထောက်အကူပြုပစ္စည်းများနှင့် အီလက်ထရွန်နစ်စာကြည့်တိုက်များထူထောင်ရေးကို ဆောင်ရွက်သွားရန်၊ (စ) ခေတ်မီပညာရေး၏စိန်ခေါ်မှုကို ရင်ဆိုင်နိုင်ရန် သင်ယူတတ်မြောက်သောပညာရပ်၏ အနှစ်သာရကို ထိုးထွင်းသိမြင်နိုင်မှု၊ ဆက်စပ်စဉ်းစားတွေးခေါ်နိုင်မှု၊ တီထွင်ဖန်တီးနိုင်မှုနှင့် အသုံးချနိုင်မှုစွမ်းရည်တို့ ပြည့်စုံရန်လိုအပ်သည်ဖြစ်၍ ထိုစွမ်းရည်များကို စိစစ်နိုင်သည့် ထိရောက်သောစစ်ဆေးမှုပုံစံကို ထပ်မံထည့်သွင်းစဉ်းစားရန်၊ အလွတ်ကျက်နိုင်သည့်စွမ်းရည် သို့မဟုတ် မှတ်ဉာဏ်ကို စစ်ဆေးသော စစ်ဆေးမှုပုံစံမဖြစ်စေရန်၊ (ဆ) နည်းပညာနှင့် သက်မွေးပညာသင်ကျောင်းများတွင် ဒေသဖွံ့ဖြိုးရေးကို ဦးတည်လျက် သင်တန်းတိုများကို လက်တွေ့ကျသော သင်တန်းဝင်ခွင့်သတ်မှတ်ချက်များဖြင့် ဖွင့်ပေးရန်တို့ဖြစ်ပါသည်။

ဘက်စုံလွှမ်းခြုံနိုင်သော ပညာရေးကဏ္ဍလေ့လာသုံးသပ်ရေးလုပ်ငန်းအဆင့်(၂)တွင် ဆောင်ရွက်ရန် လျာထားသည့်လုပ်ငန်းများမှာ (က) လေ့လာဆန်းစစ်ရာတွင် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနမှရရှိသော အခြေခံအချက်အလက်များသည် ၂၀၁၁-၂၀၁၂ ပညာသင်နှစ်အထိရရှိသော အချက်များအပေါ်အခြေခံ၍ အသုံးပြုထားပြီး သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန၊ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနနှင့် သမဝါယမဝန်ကြီးဌာနတို့မှ အသုံးပြုထားသော အချက်အလက်များမှာ ၂၀၁၂ ဒီဇင်ဘာလအထိရရှိသော အချက်များအပေါ်အခြေခံ၍ လေ့လာဆန်းစစ်ထားပါသဖြင့် အချို့ဝန်ကြီးဌာနများမှ ကျန်ရှိသောအချက်အလက်များကို ဆက်သွယ်၍ တောင်းယူကာ အဆင့်(၂)တွင် ဆက်လက်လေ့လာဆန်းစစ်သွားရန်တို့ ဖြစ်ပါသည်။

(ဆက်လက်ဖော်ပြပါမည်)

## Wifi ဖြင့် အင်တာနက် အခမဲ့အသုံးပြုနိုင်

**မြစ်ကြီးနား ဒီဇင်ဘာ ၁၄**

ယခင်က စာအုပ်စာပေများတွင်သာ အသိပညာဗဟုသုတတိုးပွားနိုင်ရေးကို မှီငြမ်းရှာဖွေနိုင်ပြီး ယနေ့ ခေတ်သည် ပညာခေတ်ဖြစ်သည့်အားလျော်စွာ ပြည်တွင်း၌သာမက ပြည်ပနိုင်ငံများမှ အသိပညာဗဟုသုတများကို ရှာဖွေလိုသူများအတွက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြစ်ကြီးနား ခရိုင်ရုံး၌ ဒီဇင်ဘာ ၁၀ ရက်တွင် Wifi စနစ် တပ်ဆင်ပြီးဖြစ်သည့်အတွက် ပြည်သူများအနေဖြင့် အင်တာနက် Wifi ကို အခမဲ့ အသုံးပြုနိုင်ပြီဖြစ်ကြောင်း သိရသည်။

(ခရိုင်ပြန်/ဆက်)



မြန်မာအမျိုးသားဘတ်စကက်ဘောအသင်းနှင့် စင်ကာပူအမျိုးသားဘတ်စကက်ဘောအသင်းတို့ယှဉ်ပြိုင်နေစဉ်။ (ဓာတ်ပုံ-မေသကြာ်န်)

## ဇေယျာသီရိအားကစားကွင်း (A) ရုံ၌ ဘတ်စကက်ဘောပြိုင်ပွဲများ ဆက်လက်ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၁၄**

(၂၇) ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲကြီးတွင် ဘတ်စကက်ဘောပြိုင်ပွဲကြီးကို ဒီဇင်ဘာ ၈ ရက်မှ စတင်ကျင်းပခဲ့ရာ ဒီဇင်ဘာ ၁၄ ရက်တွင် ခြောက်ရက်မြောက်ပွဲစဉ်များကို ဆက်လက်ကျင်းပလျက်ရှိသည်။

ပွဲစဉ် လေးပွဲကျင်းပရာ၌ ဖိလစ်ပိုင်အသင်းက အင်ဒိုနီးရှားအသင်းကို (၈၃-၅၂)ဖြင့်လည်းကောင်း၊ ထိုင်းအသင်းက မလေးရှားအသင်းကို (၇၃-၆၉) ဖြင့်လည်းကောင်း၊ စင်ကာပူအသင်းက မြန်မာအသင်းကို (၈၉-၅၂) ဖြင့် လည်းကောင်း အသီးသီးအနိုင်ရရှိခဲ့သည်။ အမျိုးသမီးပွဲစဉ်အဖြစ် မြန်မာအသင်းနှင့် ထိုင်းအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ထိုင်းအသင်းက (၉၉-၃၂) ဖြင့် အနိုင်ရရှိခဲ့သည်။ ဘတ်စကက်ဘောပွဲစဉ်များကို ဒီဇင်ဘာ ၁၅၊ ၁၆ ရက်တို့တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။ ဒီဇင်ဘာ ၁၆ ရက်တွင် မြန်မာအမျိုးသမီး ဘတ်စကက်ဘော အသင်းသည် ဖိလစ်ပိုင်ဘတ်စကက်ဘော အမျိုးသမီးအသင်းနှင့် ယှဉ်ပြိုင်ရမည်ဖြစ်ပြီး မြန်မာအမျိုးသားအသင်းသည် ထိုင်းအမျိုးသားအသင်းနှင့် ယှဉ်ပြိုင်ရမည်ဖြစ်ကာ အပိတ်ပွဲစဉ်နှင့် ဆုပေးပွဲကိုပါ တစ်ဆက်တည်းကျင်းပသွားမည်ဖြစ်သည်။

(မေစုအေး)

# ဗုဒ္ဓဘာသာ စိတ်ပညာဆိုင်ရာ အပြည်ပြည်ဆိုင်ရာညီလာခံ စာတမ်းဖတ်ပွဲဖွင့်



စိတ်ပညာဆိုင်ရာ အပြည်ပြည်ဆိုင်ရာညီလာခံ စာတမ်းဖတ်ပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပစဉ်။ (သတင်းစဉ်)

**ရန်ကုန် ဒီဇင်ဘာ ၁၄**

ဒီဇင်ဘာ ၁၄ ရက်မှ ၁၆ ရက်အထိ ကျင်းပမည့် ဗုဒ္ဓဘာသာတရားအားထုတ်မှုနှင့် စိတ်ခံစားမှု (စိတ္တာနုပဿနာ)အထူးပြုသည့် ဗုဒ္ဓဘာသာစိတ်ပညာဆိုင်ရာ အပြည်ပြည်ဆိုင်ရာညီလာခံ စာတမ်းဖတ်ပွဲဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်ရှိ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ကျင်းပရာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဗန်းမော်ကျောင်းတိုက်ဆရာတော် ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသက အဖွင့်ဩဝါဒကထာမြွက်ကြားရာတွင် စိတ္တာနုပဿနာနှင့် စပ်လျဉ်း၍ ယနေ့ကျင်းပသည့် အခမ်းအနားသည် မြန်မာနိုင်ငံ၌ ဒုတိယအကြိမ် ကျင်းပခြင်းဖြစ်ကြောင်း၊ မြန်မာနိုင်ငံတွင် ကမ္မဋ္ဌာန်းတရားအားထုတ်မှုနှင့် ပတ်သက်၍ သမထဘာဝနာ၊ ဝိပဿနာဟူ၍ နှစ်မျိုးရှိကြောင်း၊ သမထဘာဝနာသည် နီဝရဏတရားများ ငြိမ်းအေးရန်ဖြစ်သကဲ့သို့ ဝိပဿနာ ဘာဝနာသည် ထိုနီဝရဏတရားတို့ကို အမြစ်ပြတ်ဖယ်ရှားရန် ဖြစ်ကြောင်း၊ သမထဘာဝနာသည် ဘုရားမပွင့်သည့် ခေတ်ကာလတို့တွင်ရှိသော်လည်း ဝိပဿနာဘာဝနာတရားသည် ဘုရားရှင်ပွင့်ရာခေတ်ကာလတို့၌သာရှိကြောင်း၊ ဝိပဿနာဉာဏ်ဖြစ်ပေါ်စေရန်အတွက် မဟာသတိပဋ္ဌာန်သုတ်တွင် လိုက်နာကျင့်သုံးရမည့်နည်းစနစ်များကို အသေးစိတ်ဟောကြားခဲ့ကြောင်း၊ ယနေ့ဆွေးနွေးကြမည့် စိတ္တာနုပဿနာသည် ထိုမဟာသတိပဋ္ဌာန်တရားတော်လေးပါးတို့တွင် တစ်ခုအပါအဝင်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့၏စိတ်အစဉ်တွင် ဖြစ်ပေါ်တတ်သော စိတ်၏သဘာဝအမှန်ကို လေ့လာဆန်းစစ်ဆွေးနွေးခြင်းမှသည် ဝိပဿနာဉာဏ်ရင့်သန်ပြီး မဂ်ဉာဏ်ဖိုလ်ဉာဏ်မြတ်နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ကြပါစေကြောင်း မိန့်ကြားတော်မူသည်။

ဆက်လက်၍ အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်ပါမောက္ခချုပ်ဆရာတော်ဒေါက်တာဘဒ္ဒန္တနန္ဒမာလာဘိဝံသက ဗုဒ္ဓဘာသာတရားအားထုတ်မှုနှင့် စိတ်ခံစားမှု "စိတ္တာနုပဿနာ" အထူးပြုသည့် ဗုဒ္ဓဘာသာစိတ်ပညာဆိုင်ရာ အပြည်ပြည်ဆိုင်ရာညီလာခံသည် မြတ်စွာဘုရားရှင် ဟောကြားတော်မူအပ်သော သုတ်မဟာဝါပါဠိတော် မဟာသတိပဋ္ဌာန်သုတ်တွင် သတိပဋ္ဌာန်တရား လေးပါးအနက် တစ်ခုပင်ဖြစ်ကြောင်း၊ ထိုသတိပဋ္ဌာန်တရားလေးပါးအား ကျင့်ကြံကြိုးကုတ်အားထုတ်ပါက သတ္တဝါတို့၏ စိတ်အစဉ် စင်ကြယ်သန့်ရှင်းစေရန် စိုးရိမ်ပူဆွေးခြင်းသောက ငိုကြွေးမြည်တမ်းခြင်း ပရိဒေဝကိုကျော်လွှားနိုင်ရန်၊ ကိုယ်ဆင်းရဲခြင်း ကာယိကဒုက္ခနှင့် စိတ်ဆင်းရဲခြင်းစေတသိကဒုက္ခတို့ကင်းဝေးစေရန်၊ အရိယာမဂ်ကိုရရှိစေရန်နှင့် နိဗ္ဗာန်ကိုမျက်မှောက်ပြုနိုင်ရန်ဆိုသည့် အကျိုးတရားခုနစ်ပါးကို ရရှိနိုင်သော တစ်ခုတည်းသောလမ်းကြောင်းဖြစ်ကြောင်း၊ ထို့ကြောင့် ဘဝသံသရာတွင် မရှိမဖြစ်လိုအပ်သော ကောင်းကျိုးတရားတို့ကို ပေးစွမ်းနိုင်သော သတိပဋ္ဌာန်တရားလေးပါးတို့တွင် တစ်ပါးအပါအဝင်ဖြစ်သော စိတ္တာနုပဿနာ စိတ်ခံစားမှုအထူးပြုသည့် ဗုဒ္ဓဘာသာစိတ်ပညာဆိုင်ရာ အပြည်ပြည်ဆိုင်ရာညီလာခံသည် အကျိုးရလဒ်တစ်ခုအဖြစ် စိတ်၏ပျော်ရွှင်ချမ်းမြေ့မှုရလိမ့်မည်ဟု ယုံကြည်ပါကြောင်း၊ သို့ဖြစ်၍ ကမ္မဋ္ဌာန်းတရားအားထုတ်မှုနှင့် စပ်လျဉ်း၍ စနစ်တကျနည်းမှန်လမ်းမှန်ညွှန်ပြနိုင်၊ နည်းစနစ်ပေးနိုင်သော ဆရာသမားကောင်းရှာဖွေ၍ လိုက်နာကျင့်သုံးကြပြီး မြတ်စွာဘုရားရှင်ဟောကြားအပ်သော သတိပဋ္ဌာန်တရားတို့ကို လိုက်နာကျင့်သုံး၍ ဒုက္ခခပ်သိမ်း၏ ကင်းငြိမ်းရာမှန်မြတ်နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ကြပါစေဟု ဩဝါဒစကားမြွက်ကြားတော်မူသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးဆန်းဆင့်က ဗုဒ္ဓဘာသာတရားအားထုတ်မှုနှင့် စိတ်ခံစားမှု(စိတ္တာနုပဿနာ) ဖတ်ကြားဆွေးနွေးခြင်းမှာ ဗုဒ္ဓအလိုကျ တရားအားထုတ်မှုဖြစ်သော စိတ္တာနုပဿနာဓမ္မကို နက်ရှိုင်းစွာ နားလည်စေရန်ဖြစ်ကြောင်း၊ ယခုဆွေးနွေးမှုသည် ဗုဒ္ဓသာသနာတော်ထွန်းကားပြန့်ပွားရေးအတွက် ဗုဒ္ဓ၏ ပဋိပတ္တိကျင့်စဉ်ဖြင့် လူသားတို့၏ ငြိမ်းချမ်းမှုနှင့် အကျိုးစီးပွားဖြစ်ထွန်းမှုကို အထောက်အကူဖြစ်စေကြောင်း၊ ဗုဒ္ဓဘုရားရှင်က လူသားတို့၏ချမ်းသာသုခနှင့် အကျိုးစီးပွားအတွက် တရားတော်များကို ဟောကြားခဲ့ကြောင်း၊ တရားအားထုတ်ကျင့်ကြံမှုသည် ဗုဒ္ဓ၏အရေးကြီးဆုံးသော တရားတော်ဖြစ်ပြီး နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ရန်အတွက် တစ်ခုတည်းသောလမ်းဖြစ်ကြောင်း၊ အမှန်တရား ရှာဖွေနေသူ ကာလာမသတို့သားတို့အား မြတ်ဗုဒ္ဓကစံ ၁၀ ချက်ဖြစ်သော တစ်ဆင့်ကြားစကားဖြင့် အတည်မယူကြရန်၊ မိရိုးဖလာ အစဉ်အလာအရ ကိုးကွယ်ကျင့်သုံးခဲ့ခြင်းကြောင့် ဆိုပြီးလည်း မယုံကြည်ကြရန်၊ "ဤသို့ဖြစ်ဖူးသတဲ့"ဆိုပြီး ကောလာဟလမျှဖြင့်လည်း မယုံလေနှင့် မိမိကိုယ်တိုင်ကျင့်သုံးပြီး ပညာရှိသူတော်ကောင်းတို့၏ ချီးမွမ်းထိုက်သော ကျင့်သုံးမှုလမ်းကြောင်းဖြစ်ပါက ထိုအရာကို ဆက်လက်လက်ခံကျင့်သုံးရန် ဟောကြားခဲ့ကြောင်း၊ ၎င်းအပြင် ဗုဒ္ဓ၏တရားတော်သည် "ဧဟိ ပဿိကော" လာပါ၊ ရှုပါ၊ ကျင့်သုံးပါဟု ဖိတ်ခေါ်ထိုက်သော တရားဖြစ်ကြောင်း၊ "ဩပနေယျိကော" မိတ်ဆွေကောင်း၊ မိတ်ဆွေစစ်ကဲ့သို့ အနီးကပ်ဆောင်ထားထိုက်သောတရားတော်ဖြစ်ကြောင်း၊ တရားကျင့်ကြံအားထုတ်မှုသည် လူသားတို့၏ပျော်ရွှင်မှုနှင့် ကြီးပွားချမ်းသာမှုကိုဖြစ်ပေါ်စေကြောင်း၊ မြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓဘာသာနိုင်ငံတစ်ခုဖြစ်သည့်အားလျော်စွာ သံဃာတော်များနှင့် လူပုဂ္ဂိုလ်များမှ နိုင်ငံအတွင်း တရားကျင့်ကြံအားထုတ်ရန်နှင့် တိုးတက်ပြန့်ပွားစေရန် ကြိုးစားအားထုတ်လျက်ရှိကြောင်း၊ ဗုဒ္ဓဘာသာဝင်များသည် စိတ်ချမ်းသာမှုနှင့် ကိုယ်ကျန်းမာမှုတို့ကို ပေးစွမ်းနိုင်သည့် ဓမ္မ၏အနှစ်သာရကိုခံစားနိုင်ရန် တရားရိပ်သာများ၌ ဝိပဿနာအကျင့်ကို ကြိုးပမ်းကျင့်ကြံနေကြကြောင်း၊ ယနေ့ကမ္ဘာကြီးတွင် ရုပ်ဝတ္ထုပစ္စည်းများမှာ အလွန်လျင်မြန်စွာ တိုးတက်ဖြစ်ပေါ်လျက်ရှိ၍ ပစ္စည်းဥစ္စာကြွယ်ဝချမ်းသာမှုရှိရန်ရှာဖွေကြရာ အလုပ်တာဝန်များဖြင့် ဝန်ပိလာသောကြောင့် စိတ်ဖိစီးမှုနှင့် စိတ်ပူပန်မှုစသည်တို့ ခံစားလာကြရကြောင်း၊ ယင်းစိတ်ခံစားချက်ကို ဆေးဝါးများဖြင့်အပြီးတိုင်လွှန်မြောက်အောင် မကျော်လွှားနိုင်ဘဲ Meditiation is the best medicine ဆိုသည့်အတိုင်း ဝိပဿနာတရားကျင့်ကြံအားထုတ်မှုစွမ်းအားဖြင့်သာ ကုသနိုင်ကြောင်း၊ ဝိပဿနာတရားကို စစ်မှန်သောသဒ္ဓါတရားဖြင့် ကျင့်ကြံအားထုတ်ခဲ့လျှင် ယင်းပြဿနာများနှင့် ဒုက္ခများကို ဖယ်ရှားနိုင်မည်ဖြစ်သည်ကို ဗုဒ္ဓဘာသာဝင်များသိရှိပြီးဖြစ်ကြောင်း ရှင်းလင်းလျှောက်ထားသည်။

ယင်းနောက်ထိုင်းနိုင်ငံမဟာချူလာလောင်ကွန်တက္ကသိုလ် ဒုတိယပါမောက္ခချုပ်ဆရာတော်နှင့် ဆရာတော်တို့က ပညာရှင်ဆုရရှိသူများအား ဂုဏ်ပြုဆုချီးမြှင့်ကာ ကြွရောက်တော်မူလာကြသည့် ဆရာတော်၊ သံဃာတော်များနှင့် ဧည့်သည်တော်များစုပေါင်း၍ မှတ်တမ်းဓာတ်ပုံများ ရိုက်ကြပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထို့နောက် ဆရာတော်သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းပြီး အခမ်းအနားအစီအစဉ်အတိုင်း ဆက်လက်ကျင်းပကြောင်း သိရသည်။

**(သတင်းစဉ်)**

# အရှုံးမပေးတဲ့စိတ်ဓာတ်နဲ့ ရှေ့ဆက်ကြိုးစားသွားကြမယ့် ဘတ်စကက်ဘောကြယ်ပွင့်များ

နေပြည်တော် ဒီဇင်ဘာ ၁၄

**မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပလျက်ရှိသော (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကြီးတွင် ဘတ်စကက်ဘော အားကစားနည်းကို ဇေယျာသီရိအားကစားရုံ (A) ၌ ဒီဇင်ဘာ ၈ ရက်မှ ၁၆ ရက်ထိ ကျင်းပလျက်ရှိသည်။**

ဆီးဂိမ်းပြိုင်ပွဲကြီးအတွက် မြန်မာအမျိုးသားဘတ်စကက်ဘောအသင်းနှင့် မြန်မာအမျိုးသမီးဘတ်စကက်ဘောအသင်းတို့သည် လေ့ကျင့်မှုများကို ပြည်တွင်း၌သာမက ပြည်ပထိပါ သွားရောက်လေ့ကျင့်ခဲ့သည်။ ယခု (၂၇)ကြိမ်မြောက်ဆီးဂိမ်းပြိုင်ပွဲသည် မြန်မာအမျိုးသား၊ အမျိုးသမီး ဘတ်စကက်ဘောအသင်းအတွက် ပထမဦးဆုံးအကြိမ် နိုင်ငံတကာပြိုင်ပွဲကြီးဖြစ်သော်လည်း အားကစားစိတ်ဓာတ်အပြည့်ဖြင့် အစွမ်းကုန်ကြိုးပမ်းယှဉ်ပြိုင်လျက်ရှိသည်ကို တွေ့ရသည်။ မြန်မာအမျိုးသား ဘတ်စကက်ဘောအသင်းသည် မလေးရှားနိုင်ငံ၌ စက်တင်ဘာ ၂၅ ရက်မှ အောက်တိုဘာ ၁၅ ရက်ထိ ချစ်ကြည်ရေးလက်ရည်စမ်းပွဲ ၁၁ ပွဲသွားရောက်ကစားရာ ခြောက်ပွဲအနိုင်ရရှိ၍ ငါးပွဲရှုံးနိမ့်ခဲ့သည်။ မြန်မာအမျိုးသမီးဘတ်စကက်ဘော အသင်းသည်လည်း တရုတ်နိုင်ငံ ကူမင်း၌ စက်တင်ဘာ ၅ ရက်မှ အောက်တိုဘာ ၅ ရက်ထိ တစ်လကြာ သွားရောက်လေ့ကျင့်ခဲ့သည်။ မြန်မာ့လက်ရွေးစင် ဘတ်စကက်ဘော အားကစားသမားများနှင့် တွေ့ဆုံခဲ့ရာ -

**ဉာဏ်လင်း**
**(အသင်းခေါင်းဆောင်-နံပါတ်-၈)**

"ကျွန်တော်ကတော့ ၁၉၉၀-၉၁ လောက်ကတည်းက ကစားသမားဘဝကို စတင်ခဲ့တာပါ။ ၂၀၀၉-၂၀၁၀ မှာ မန္တလေးတိုင်းဒေသကြီး လက်ရွေးစင်အဖြစ် ရွေးချယ်ခံခဲ့ရပါတယ်။ မန္တလေးတိုင်းဒေသကြီးကိုယ်စားပြုအနေနဲ့ ရွှေတံဆိပ်တွေရခဲ့ပါတယ်။ အကောင်းဆုံးအားကစားသမားဆုလည်း ရခဲ့ပါတယ်။ အားကစားသမား သက်တမ်းတစ်လျှောက်မှာ American Vision Sport မှာလည်း ချစ်ကြည်ရေးပွဲအနေနဲ့ကစားခဲ့ပါတယ်။ ဆီးဂိမ်းမတိုင်ခင် တုန်းကတော့ ခုနစ်လ၊ ရှစ်လလောက် အပြင်းအထန် လေ့ကျင့်ခဲ့ပြီးတော့ မလေးရှားမှာလည်း joint training သွားရောက် လေ့ကျင့်ခဲ့ပါတယ်။ ဒီဆီးဂိမ်းဟာ မြန်မာနိုင်ငံမှာ ကျင်းပတဲ့အတွက် ကိုယ့်ပရိသတ်ရှေ့မှောက်မှာ ကစားရတဲ့အတွက် ပိုပြီးဝမ်းသာပါတယ်။ အားပေးနေတဲ့ပရိသတ်ကိုလည်း ကျေးဇူးအများကြီးတင်ပါတယ်။"

**အောင်ဖြိုးဝေ(နံပါတ် -၁၅)**

"ကျွန်တော်ကတော့ ၂၀၀၉-၂၀၁၀ မှာ တရုတ်ပြည် နန့်နင်း၊ ယူနန်ဖိတ်ခေါ်ပြိုင်ပွဲတွေမှာ ကစားခဲ့ပါတယ်။ ၂၀၁၁ အင်ဒိုဆီးဂိမ်းမှာလည်း ပါဝင်ကစားခဲ့ပါတယ်။ American Vision Sport တုန်းကလည်း ကစားခဲ့ပါတယ်။ Gold Camp မှာတစ်နှစ်နီးပါးလေ့ကျင့်ပြီးတော့ မလေးရှားကို joint training သွားခဲ့ပါတယ်။ ကျွန်တော်တို့ ဘတ်စကက်ဘောအားကစားကတော့ ပွဲကြီးရယ်လို့မရှိခဲ့တာကြာပါပြီ။ ဒီပွဲမှာတော့ နယ်ပေါင်းစုံ၊မြို့ပေါင်းစုံက လက်ရွေးစင်တွေနဲ့ စုစုစည်းစည်းကစားခဲ့ကြတာပါ။ နောင်လာမယ့် မျိုးဆက်သစ်တွေကို ကျွန်တော်တို့ထက်ပိုပြီး ကြိုးစားကြပါလို့ တိုက်တွန်းလိုပါတယ်။ ကျွန်တော်တို့လည်း ဆက်လက်ကြိုးစားသွားဦးမှာပါ။"

**ဆက်မွန်မင်း(နံပါတ်-၁၁)**

"ကျွန်တော်က ဘတ်စကက်ဘောကို အသက်(၁၁)နှစ်လောက်ကတည်းက ကစားခဲ့ပြီး (၁၄) နှစ်လောက်မှာ ပြိုင်ပွဲတွေစဝင်ခဲ့ပါတယ်။ ၂၀၀၈ အာဆီယံပွဲမှာ လက်ရွေးစင်အဖြစ် ရွေးချယ်ခံခဲ့ပါတယ်။ တူရကီမှာလုပ်တဲ့ပွဲမှာလည်း ပါဝင်ကစားခဲ့ပါတယ်။ ကျွန်တော်က အမေရိကန်နိုင်ငံ University of Oklahoma မှာ ကျောင်းတက်နေတာပါ။ ဒီဆီးဂိမ်းမှာ နိုင်ငံကိုယ်စားပြုအဖြစ်ပါဝင်ချင်လို့ ကျောင်းနားပြီးတော့ ပါဝင်ကစားခဲ့တာပါ။ လာရောက်ကြည့်ရှုအားပေးတဲ့ပရိသတ်ရော TV က ကြည့်နေတဲ့ ပရိသတ်ကြီးကိုပါ ကျေးဇူးတင်ပါတယ်။ ရှုံးရှုံးနိုင်နိုင် အားပေးနေလို့ ပိုကျေးဇူးတင်မိပါတယ်။ ကျွန်တော်တို့ဒီထက်ပိုတိုးတက်အောင် အစွမ်းကုန်ကြိုးစားနေမှာပါ။ ဘယ်တော့မှ အရှုံးမပေးပါဘူးလို့ ပြောချင်ပါတယ်"။

**သိန်းသန်းအောင်(နံပါတ်-၁၀)**

"ကျွန်တော်က ၂၀၀၃ လောက်ကတည်းက စကစားတာပါ။ ၂၀၀၈ မှာ လက်ရွေးစင်အဖြစ် အရွေးချယ်ခံခဲ့ရပါတယ်။ တရုတ်ပြည် နန့်နင်းဖိတ်ခေါ်ပြိုင်ပွဲမှာ ဝင်ရောက်ကစားခဲ့ပါတယ်။ လာကြည့်တဲ့ ပရိသတ်ကိုရော TV ကနေ အားပေးတဲ့ ပရိသတ်ကိုပါ အထူးကျေးဇူးတင်ပါတယ်။ ဆက်ပြီးတော့ကြိုးစားသွားမှာပါ။ အားပေးကြပါဦး လို့ပြောကြားလိုပါတယ်"။



ဉာဏ်လင်း
(အသင်းခေါင်းဆောင်-နံပါတ် -၈)




အောင်ဖြိုးဝေ
(နံပါတ် -၁၅)




ဆက်မွန်မင်း
(နံပါတ်-၁၁)



သိန်းသန်းအောင်
(နံပါတ်-၁၀)

သတင်းနှင့်ဓာတ်ပုံ
မေ၊ စု၊ အေး

# လူအမျိုးမျိုးနှင့် စိတ်အထွေထွေ

**အောင်နိုင်(သတင်းစဉ်)**

ဤကမ္ဘာလောကတွင် လူအမျိုးအစားမြောက်မြားစွာ တည်မှီနေထိုင်ရှင်သန်ရပ်တည်ကြ၏။ လူနှင့်လူချင်းတူသော်ငြား ဘ၀အပေါ်ထားရှိသည့် သဘောထားအမြင်နှင့် ခံယူချက်၊ ရပ်တည်ရှင်သန်ရာ၀န်းကျင်နှင့် လိုက်လျောညီထွေနေထိုင်နိုင်မှု၊ မိမိနေထိုင်ရာပတ်၀န်းကျင်နှင့် ထိစပ်ရာ အ၀န်းအ၀ိုင်းအပေါ် အကျိုးပြုနိုင်မှု၊ လူ့ကျင့်၀တ်နှင့် ဂုဏ်သိက္ခာအပေါ် မည်ရွေ့မည်မျှ စောင့်ထိန်းလိုက်နာနိုင်မှု စသည့်အချက်များအပေါ် မူတည်၍ လူတစ်ယောက်၏ တန်ဖိုးက တစ်ယောက်နှင့်တစ်ယောက်ကွာဟသွားသည်။

တချို့သောလူများက လူနှင့်စိတ် မျှတသင့်လျော်စွာ လိုက်ဖက်ညီတင့်တယ်သည်။ ပင်ကိုစိတ်နေသဘောထား မျိုးနှင့် မြင်မြင်ကရာ တွေ့တွေ့သမျှလူတိုင်းအပေါ် ချစ်ခင်ရင်းနှီးစွာ အကျွမ်းတ၀င် ပေါင်းသင်းဆက်ဆံတတ်၏။ ဒေါသ၊ အာဃာတနှင့် အငြိုးတရားကင်းစင်၏။ မျက်နှာမြင် ချစ်ခင်ပါစေဟူသည့် တောင်းဆုနှင့်ပြည့်၀သည်ဟု ဆိုရလောက်အောင် ရင်းနှီးခင်မင် မြင်တွေ့ဆက်ဆံဖူးသူအားလုံးကပင် မမြင်လျှင်မေးရလောက်သည်အထိ ထိုသူ၏ စွမ်းပကားက ကြီးမား၏။ ထိုသို့သောလူစားမျိုးသည် ဥပမိ ရုပ်ရည်ရူပကာ ချောမောတင့်တယ်ကောင်း တင့်တယ်မည်။ သို့တည်းမဟုတ် ရုပ်အဆင်းအင်္ဂါမပြေပြစ်ကောင်းမပြေပြစ်ရှိတတ်ချေမည်။ သို့သော် ထိုနှယ်လူစားမျိုးရှိရာ ၀န်းကျင်သည် ထိုသူ၏ အာနုဘော်ကြောင့် အစဉ်အမြဲ အေးချမ်း၏။ ချစ်ခင်စည်းလုံး၏။ ပြောရလျှင် ထိုပုဂ္ဂိုလ်မျိုးသည်ကား လူချစ်၊ နတ်ချစ်သောပုဂ္ဂိုလ်ဟု ခေါ်တွင်လောက်ဖွယ်ရာ။

ဒုတိယတစ်မျိုးသည်ကား ကြီးအာသီးကဲ့သို့သော လူစားမျိုး သို့တည်းမဟုတ် ပေါက်ပန်းနှင့်တူသောလူစားမျိုးဟု ဆိုရချေမည်။ နှုတ်ချို၍ စိတ်ပုပ်သော ထိုနှယ်လူစားမျိုးသည်ကား ပတ်၀န်းကျင်အတွက် အမြင်ခဏ တဒင်္ဂမျှသာ အသုံး၀င်တတ်သူများဖြစ်သည်။ ရှေ့တွင်တစ်မျိုး၊ ကွယ်ရာတစ်မျိုး ပြောဆိုဆက်ဆံတတ်သူဖြစ်သည့်အတွက် မည်သူတစ်ဦးတစ်ယောက်၏ မိတ်ဆွေအဖြစ် ဘ၀တစ်လျှောက်လုံးမနေခဲ့ဖူးသူများလည်းဖြစ်ကြသည်။ မည်သူတစ်ဦးတစ်ယောက်ကမျှ မိမိ၏အတွင်းရေးနှင့် မိသားစုကိစ္စအရေးများကို ယုံကြည်စွာ မတိုင်ပင်ရဲကြသူများထဲတွင် ထိုနှယ်လူစားက ထိပ်ဆုံးတွင်ရပ်တည်လျက်ရှိနေသည်။ ဗီဇနှင့် သန္ဓေခိုင်မာပါက ထိုနှယ်လူစားမျိုးသည် သေသည်အထိ သူ၏စိတ်ကို မပြောင်းလဲနိုင်ဘဲရှိနေလိမ့်မည်။ ကြောက်စရာအကောင်းဆုံးအချက်သည်ကား ထိုနှယ်သောသူများအတွက် လောကတွင် နေရာမရှိဟု သူတို့ကိုယ်တိုင်သိရှိချိန်တွင် အတိုင်းအရှည်မသိ ရမ်းကားတတ်ခြင်းပင်ဖြစ်သည်။

နောက်တစ်မျိုးသည် နှုတ်စွာသော်လည်း အများအကျိုးနှင့် စပ်လျဉ်းရာ၌ အလွန်ကျေးဇူးပြုတတ်သူ၊ တစ်နည်းအားဖြင့် အလွန်ကျေးဇူးပြုချင်သူများ ဖြစ်ကြသည်။ ပြောဆိုဆက်ဆံပေါင်းသင်းရ ခက်ခဲသည်ဟု အပေါ်ယံဗဟိဒ္ဓအမြင်တွင် ထင်မြင်သုံးသပ်ရသော်လည်း အတွင်းမနောအလွန်ဖြူစင်သူများဖြစ်သည်။ အများနှင့်လိုက်လျောညီထွေ မပြောတတ်၊ မဆိုတတ်။ သူနေတတ်သလိုနေသော်လည်း ပတ်၀န်းကျင်ကို အနှောင့်အယှက်မပေး။ သို့နှယ်လူစားမျိုးသည်ကား ဥပမာပြန္ဒိုင်းယှဉ်ရလျှင် ကြောင်လျှာသီး၊ ကြက်ဟင်းခါးသီး၊ ခွေးတောက်ရွက်တို့နှင့် ဆင်တူသည်။ အတန်ငယ်ခါးသက်သည်မှအပ စားသုံးမိသူအတွက် အန္တရာယ်မပေး၊ ဘေးမဖြစ်၊ ဆေးအဖြစ်ပင် အသုံး၀င်တတ်သူများဖြစ်သည်။

နောက်ထပ်တင်ပြလိုသည့် လူစားတစ်မျိုးမှာ လက်ညှိုးထောင်၊ ခေါင်းညိတ်လူစားမျိုးဖြစ်သည်။ ဘယ်တော့မှ ဘယ်သူနှင့်မျှ၊ ဘာအကြောင်းကြောင့်မှ အငြင်းအခုံ၊ အတိုက်အခံမလုပ်။ ဘယ်သူဘာမေးမေး အားလုံးကောင်းပါသည်ခင်ဗျားဟူသာ အဖြေပေးရန်အတွက် ခေါက်ရိုးကျိုးလေ့ကျင့်ထားပြီးသူများဖြစ်သည်။ ကိုယ်ပိုင်အတွေးအခေါ်၊ အတွေးအမြင် ဘာမျှမရှိ၊ တစ်စုံတစ်ယောက်က ဒါကောင်းသည်ဟု ညွှန်းလျှင် သူလည်းလိုက်၍ကောင်းပါသည်ဟု ညွှန်းရန်အသင့်။ အလားတူ ဒီကိစ္စမကောင်းဟု ဆိုလာခဲ့လျှင် သူလည်းလိုက်ပါ၍ ဟုတ်ကဲ့၊ ဒီကိစ္စမကောင်းပါဟု လိုက်ပြောရန် လေ့ကျင့်ပြင်ဆင်ထားသူတစ်ယောက်နှယ်ပင်ဖြစ်သည်။ ယင်းနှယ်လူစားမျိုးသည်ကား လူ့လောကအတွက် မည်သို့သောရှုထောင့်မှကြည့်ကြည့် အသုံးမ၀င်။

နောက်တစ်မျိုးက ပဒိုင်းသီးဆန်ဆန်လူစားမျိုးပင်ဖြစ်သည်။ ဆုပ်လည်းစူး၊ စားလည်းရူးဟု ဆိုရလောက်အောင်ပင် သူလိုလူစားမျိုးက မပေါင်းသင့်၊ မပေါင်းအပ်သည့် လူစားမျိုးဖြစ်သော်လည်း မိမိနှင့်အနီးနားတွင် အကြောင်းတိုက်ဆိုင်စွာ အမြဲလိုလို ရှိနေတတ်သည်။ မမြင်ချင်သော်လည်း မြင်နေရတတ်၏။ မခေါ်ချင်သော်လည်း၊ မဆက်ဆံချင်သော်လည်း ခေါ်ပြောဆက်ဆံနေရတတ်၏။ အလုပ်တစ်ခုအတွင်း၊ ဌာနတစ်ခုအတွင်း ထိုနှယ် လူစားတစ်ဦးလောက်ရှိနေပါက မလွယ်၊ အကယ်၍ ထိုသူသည် ရာထူးကြီးတစ်နေရာရာတွင် ရှိနေပါက ပို၍ပင်ဆိုးချေလိမ့်မည်။ ဆိုရလျှင် ကျွန်တော့်၀န်းကျင်၌ ဤနှယ် ထိုသို့သော လူစားပေါင်းမြောက်မြားစွာရှိနေပါသည်။

ထို့အတွက် မိမိ၏လူမှုကွန်ရက်အရ မိတ်၀တ်မပျက် ပေါင်းသင်းဆက်ဆံတတ်စေရေးအတွက် အရာရာတွင် သတိတရားနှင့်ယှဉ်ကာ ပေါင်းသင်းဆက်ဆံတတ်ရန် လိုအပ်ပါသည်။

အလားတူမျက်မှောက်ကာလနေရာမျိုးစုံတွင် အထက်ဖား အောက်ဖိ၊ ဖော်လံဖား၊ စားဖား၊ အနားပြော စသည့် လူတန်းစားပေါင်းစုံတို့ရှိနေကြ၏။ အခြားသောစကားလုံးများ၏ အနက်အဓိပ္ပာယ်ကို လူတိုင်းအလွယ်တကူ သိရှိပြီးဖြစ်နိုင်သော်ငြား အနားပြောဟူသောစကားလုံး၏ အနက်ကိုဖြင့် ဤနေရာတွင် ရှင်းလင်းတင်ပြလိုပါသည်။ မိမိ၏ ကုမ္ပဏီမှလူကြီး သို့တည်းမဟုတ် မိမိ၏ဌာနမှ တာ၀န်ရှိသူတစ်ဦးတစ်ယောက်၏ အနီးအနားသို့ရောက်ရှိနေလျှင် အလွန်အမင်းပျာယာခတ်ပြတတ်သူများကို အနားပြောဟု ခေါ်ဆိုခြင်းဖြစ်ပါ၏။ ထို့အတွက် အနီသို့သော လူစားမျိုးမြောက်မြားစွာ ရှိနေသည့်ဤလောက၌ ပင်ကိုသဘောထားရိုးနှင့် မြင်မြင်သမျှ၊ တွေ့တွေ့သမျှကို မိမိစိတ်နှင့် နှိုင်းယှဉ်ကာ မသုံးသပ်ကြဘဲ စဉ်းစားဆင်ခြင်သတိထားကာ အသိတရားဖြင့် ပေါင်းသင်းဆက်ဆံတတ်ရန် လိုအပ်ပါကြောင်းဖြင့် ရေးသားဖော်ပြအပ်ပါသည်။ ။



# ကမ္ဘာလှည့်ခရီးသွားများ သုံးဘီးဆိုင်ကယ်ဖြင့် လှည့်ပတ်

**ရေတာရှည် ဒီဇင်ဘာ ၁၄**

မြန်မာလူမျိုးတို့၏ ခင်မင်ဖော်ရွေမှုနှင့် ရေမြေတောတောင် သဘာ၀အလှများကြောင့် ကမ္ဘာလှည့် ခရီးသွားများ လာရောက်လည်ပတ်မှု ပိုမိုများပြားလာခဲ့ပြီး ဒီဇင်ဘာ ၁၃ ရက်က သုံးဘီးဆိုင်ကယ်စီးကာ ကမ္ဘာလှည့် ခရီးသွားနှစ်ဦးတို့ ရေတာရှည်မြို့နယ် ရန်ကုန်-မန္တလေးကားလမ်းတွင် တွေ့ရပြီး “Hello မင်္ဂလာပါမြန်မာ”ဟု လက်ပြ နှုတ်ဆက်ခဲ့သည်။

(၅၇၈)

# ဆိုလာပြားဖြင့် ကျေးရွာများတွင် မီးလင်းပြီ

**မြိုင် ဒီဇင်ဘာ ၁၄**

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် မြိုင်မြို့နယ် လင်းကတောကျေးရွာတွင် ဆိုလာပြားဖြင့်ကျေးရွာမီးလင်းရေးလုပ်ငန်းကို ကိုယ့်အားကိုယ်ကိုးဆောင်ရွက်လျက်ရှိရာ ယခုနှစ် ဇွန်လပိုင်းမှစတင်ဆောင်ရွက်ခဲ့သဖြင့် ယခုအခါ ကျေးရွာအတွင်း မီးထိန်ထိန်လင်းနေပြီဖြစ်သည်။

ကျေးရွာမီးလင်းရေးအတွက် ရန်ကုန်မြို့နေ ဦးခင်မောင်ငြိမ်းက ဆိုလာပြားနှင့်မီးသီးပါ အခု ၂၀ နှင့် ကျေးရွာမီးလင်းရေးအလှူရှင်များက ၁၅ ခု စုစုပေါင်း ၃၅ ခု တပ်ဆင်ပြီးစီးနေပြီဖြစ်သည်။ မီးတိုင်တစ်တိုင်တွင် ဆိုလာပြား တစ်ပြား၊ ဘက်ထရီအိုးတစ်လုံး၊ မီးသီးတစ်လုံး၊ အလင်းသိမျက်လုံးကြည့်အလင်းရောင်စုကိရိယာ တစ်လုံးနှင့် ၀ါယာကြိုးများပါရှိကာ မီးလင်းရေးအတွက် တစ်စုံလျှင် ငွေကျပ် ၈၂၀၀၀ ကုန်ကျမည်ဖြစ်ရာ အလှူရှင်များလှူဒါန်းမှုကြောင့် အခြားပစ္စည်းများ(မီးစက်၊ ဓာတ်ဆီ၊ ဒီဇယ်ဆီ)တို့ မလိုအပ်ဘဲဆိုလာပြားဖြင့် မီးလင်းနေပြီဖြစ်၍ ကျေးလက်ပြည်သူများ မြို့နှင့်မခြား အသုံးပြုနေနိုင်ပြီဖြစ်ကြောင်း သိရသည်။

**အောင်(မန်းတက္ကသိုလ်)**

## မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

**၁၅-၁၂-၂၀၁၃ (တနင်္ဂနွေနေ့)**

| | |
|---|---|
| ၆း၀၀ | တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော် |
| ၈း၃၀ | ပီတန်းပြိုင်ပွဲ |
| ၉း၃၀ | ပြေးခုန်ပစ်ပြိုင်ပွဲ |
| ၂း၀၀ | Sport News ပြေးခုန်ပစ်ပြိုင်ပွဲ |
| ၄း၀၀ | (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ ဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် (မြန်မာအသင်းနှင့် ဗီယက်နမ်အသင်း) (အမျိုးသမီး) |
| ၆း၄၅ | (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ ဘောလုံးပြိုင်ပွဲ ထုတ်လွှင့်မှုအစီအစဉ် (စင်ကာပူအသင်းနှင့် မလေးရှားအသင်း) (အမျိုးသား) |
| ၈း၄၀ | ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေ၀သသတင်း -တစ်မျက်နှာ၊ တစ်ကွက်စာ “မေတ္တာနှောင်ကြိုး” (စည်သူ၀င်း၊မှုဏ်း) [ဒါရိုက်တာ-မေတင် (MMG)] |

ဥတုရာသီ
တောကိုမှီ၏

## စိုက်ပျိုးရေးတက္ကသိုလ်

**(၁၉၇၉)ခုနှစ်ဘွဲ့ရကျောင်းဆင်းများ၏အာစရိယပူဇော်ပွဲ**

ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် (၁၉၇၉)ခုနှစ် စိုက်ပျိုးရေးဘွဲ့ရ ကျောင်းဆင်းများ၏ (၃၅)နှစ်ပြည့် အာစရိယပူဇော်ပွဲကို ၁၁-၁-၂၀၁၄ရက်တွင် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်တွင် ကျင်းပမည်ဖြစ်၍ (၁၉၇၉)စိုက်ပျိုးရေးဘွဲ့ရများအားလုံး တက်ရောက်ကြပါရန်နှင့် အလှူငွေများကို ဒေါ်အေးအေးမြင့် ဖုန်း-၀၉-၈၃၀၄၂၅၈ ထံ ဆက်သွယ်ပေးပို့ လှူဒါန်းနိုင်ပါသည်။

(၁၉၇၉)ခုနှစ် စိုက်ပျိုးရေးဘွဲ့ရများ
နေပြည်တော်

သက်ရှိလောကတည်မြဲဖို့ သဘာ၀တောတွေ ထိန်းသိမ်းစို့



ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာ၀န်ကြီးဌာန

## မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း

**လုပ်ငန်းသုံးပစ္စည်းများ၀ယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာ၀န်ကြီးဌာန မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအတွက် အသုံးပြုရန် လိုအပ်သော အောက်ဖော်ပြပါ စက်ပစ္စည်းများကို ပြည်တွင်းငွေဖြင့် ၀ယ်ယူလိုပါသည်။

| | | | |
|---|---|---|---|
| (က) | SOC-8000 | အိတ်ချိန်းကတ်များ | (၂၃) ကတ် |
| (ခ) | JSY-2000 | အိတ်ချိန်းကတ်များ | (၈) ကတ် |
| (ဂ) | KY-1000XM | အိတ်ချိန်းကတ်များ | (၁၅၆) ကတ် |
| (ဃ) | TWD 06/09 | အိတ်ချိန်းကတ်များ | (၁၂) ကတ် |
| (င) | KX-TDA 600 | အိတ်ချိန်းကတ်များ | (၂၄) ကတ် |

၂။ တင်ဒါပုံစံများအား လုပ်ငန်းနှင့်စစ်ဆေးရေးဌာန၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ ရုံးအမှတ်(၂)၊ နေပြည်တော်တွင် ရုံးချိန်အတွင်း ထုတ်ယူနိုင်ပြီး ၂၀-၁၂-၂၀၁၃ ရက် ၁၃း၀၀ နာရီတွင် တင်ဒါပိတ်သိမ်းပါမည်။

၃။ တင်ဒါပုံစံနှင့် တင်ဒါခေါ်ယူသည့်ပစ္စည်းများ၏ အသေးစိတ်အချက်အလက်များ ကို အောက်ဖော်ပြပါလိပ်စာတွင် စုံစမ်းနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ
ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာ၀န်ကြီးဌာန
မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း (လုပ်ငန်းနှင့် စစ်ဆေးရေးဌာန)
ရုံးအမှတ်(၂)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၀၇၁၈၈၊ ၀၆၇-၄၀၇၃၅၆

## ၂၀၁၃ ခုနှစ် ဒီဇင်ဘာ လူထုအားကစားလှုပ်ရှားမှုအထိမ်းအမှတ် ဓာတ်ပုံ၊ ဆောင်းပါးနှင့် ဝတ္ထုတိုပြိုင်ပွဲ ကျင်းပမည်

**နေပြည်တော် ဒီဇင်ဘာ ၁၄**

တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးအတွက် အခြေခံအကျဆုံးဖြစ်သည့် ပြည်သူလူထုများပါဝင်သည့် လူထုအားကစားလှုပ်ရှားမှုကို နှစ်စဉ် ဒီဇင်ဘာလတိုင်း ကျင်းပလေ့ရှိရာ အဆိုပါ စုပေါင်းအားကစားလှုပ်ရှားမှုများ တစ်နှစ်ထက်တစ်နှစ် ပိုမိုတိုးတက်များပြားလာစေရေးနှင့် အားကစားသည် ကျန်းမာရေးကို တိုက်ရိုက်အထောက်အကူပြုကြောင်း ပြည်သူလူထုများ ကျယ်ကျယ်ပြန့်ပြန့် သိရှိလာစေရေးတို့အတွက် ၂၀၁၃ ခုနှစ် ဒီဇင်ဘာ လူထုအားကစားလှုပ်ရှားမှု အထိမ်းအမှတ်ဓာတ်ပုံ၊ ဆောင်းပါးနှင့် ဝတ္ထုတိုပြိုင်ပွဲကို ကျင်းပသွားမည်ဖြစ်သည်။

ဆောင်းပါးပြိုင်ပွဲအတွက် ကွန်ပျူတာစာလုံး Font Size(14)အရွယ်အစားဖြင့် A4 စာမျက်နှာ ငါးမျက်နှာထက်မနည်း ခြောက်မျက်နှာထက်မများ၊ ဝတ္ထုတိုပြိုင်ပွဲအတွက် ကွန်ပျူတာစာလုံး Font Size(14)အရွယ်အစားဖြင့် A4 စာမျက်နှာ ရှစ်မျက်နှာထက်မနည်း ကိုးမျက်နှာထက်မများ ရေးသားနိုင်ပြီး အားကစားသည် ကျန်းမာရေးကို တိုက်ရိုက်အထောက်အကူပြုကြောင်း၊ လူထုအားကစားလှုပ်ရှားမှုများသည် မျိုးဆက်သစ်အားကစားသမားများ ပေါ်ထွန်းလာစေရန် အထောက်အကူဖြစ်ကြောင်း၊ ပြည်သူလူထု ကျယ်ကျယ်ပြန့်ပြန့်သိရှိကာ ပါဝင်လှုပ်ရှားဆောင်ရွက်လိုစိတ် ပေါ်ပေါက်လာစေရန် စည်းရုံးရေးသားနိုင်ရမည်ဖြစ်သည်။

ပြိုင်ပွဲဝင် ရောင်စုံဓာတ်ပုံများကို ၁၀" × ၁၂" အရွယ်ဖြင့် အကန့်အသတ်မရှိ တင်သွင်းယှဉ်ပြိုင်နိုင်ပြီး ၂၀၁၃ ခုနှစ် ဒီဇင်ဘာ လူထုအားကစားလှုပ်ရှားမှု ပေါ်လွင်စေရမည်ဖြစ်သည်။

အထက်ဖော်ပြပါ ဝတ္ထုတို၊ ဆောင်းပါးနှင့် ဓာတ်ပုံပြိုင်ပွဲဝင်စာမူများနှင့် ဓာတ်ပုံများကို ၁၇-၁-၂၀၁၄ ရက် နောက်ဆုံးထား၍ ညွှန်ကြားရေးမှူး လူထုအားကစားနှင့် ပညာပေးဌာနခွဲ အားကစားဝန်ကြီးဌာန နေပြည်တော် ရုံးအမှတ်(၃၁)သို့ လိပ်မူကာ ပေးပို့ကြရန်နှင့် စာမူနှင့်အတူ လိုင်စင်ဓာတ်ပုံနှစ်ပုံ၊ ပေါ်လွင်ထင်ရှားသော နိုင်ငံသား စိစစ်ရေးကတ်ပြား မိတ္တူမှန်တစ်စောင်၊ ကိုယ်တိုင်ရေးသားကြောင်း ဝန်ခံချက်တစ်စောင်တို့ ပါရှိရမည်ဖြစ်ပြီး အဆိုပါ အချက်အလက်များအားလုံး ထည့်သွင်းထားသည့် Soft Copy တစ်ချပ်ကိုပါ ထည့်သွင်းပေးပို့ကြရန်ဖြစ်သည်။

ပြိုင်ပွဲတွင် လက်ခံရရှိသော စာမူများနှင့်ဓာတ်ပုံများအနက် ဆောင်းပါးပြိုင်ပွဲအတွက် ပထမဆုကျပ် ငါးသိန်း၊ ဒုတိယဆု ကျပ်လေးသိန်း၊ တတိယဆု ကျပ်သုံးသိန်းနှင့်နှစ်သိမ့်ဆု ကျပ်နှစ်သိန်း၊ ဝတ္ထုတိုပြိုင်ပွဲအတွက် ပထမဆု ကျပ်ငါးသိန်း၊ ဒုတိယဆု ကျပ်လေးသိန်း၊ တတိယဆု ကျပ်သုံးသိန်းနှင့်နှစ်သိမ့်ဆု ကျပ်နှစ်သိန်း၊ ဓာတ်ပုံပြိုင်ပွဲအတွက် ပထမဆု ကျပ်ငါးသိန်း၊ ဒုတိယဆု ကျပ်လေးသိန်း၊ တတိယဆု ကျပ်သုံးသိန်းနှင့်နှစ်သိမ့်ဆု ကျပ်နှစ်သိန်း အသီးသီး ချီးမြှင့်သွားမည်ဖြစ်သည်။

ပထမ၊ ဒုတိယ၊ တတိယနှင့်နှစ်သိမ့်ဆုရရှိကြသည့် ဆုရစာမူများအား နေ့စဉ်ထုတ်သတင်းစာများနှင့် အားကစားဂျာနယ်များတွင် ဂုဏ်ပြုဖော်ပြပေးသွားမည်ဖြစ်ရာ စာမူပေးပို့ရန် သတ်မှတ်ရက်ထက်နောက်ကျပေးပို့လာသော စာမူများ၊ ဓာတ်ပုံများ၊ သတ်မှတ်ထားသည့်စာရွက်စာတမ်းအထောက်အထားမပြည့်စုံသော စာမူများနှင့် ဓာတ်ပုံများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ကြောင်း၊ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၆၇-၄၀၆၀၂၆၊ ၀၆၇-၄၀၆၀၂၇၊ ၀၉-၂၀၀၂၁၉၆၊ ၀၉-၄၄၈၅၃၅၃၁၁ တို့သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



## မြိတ်မြို့တွင် ဒီဇင်ဘာအားကစားလ ဒုတိယပတ် စုပေါင်းလမ်းလျှောက်ပွဲကျင်းပ

**မြိတ် ဒီဇင်ဘာ ၁၄**

မြိတ်ခရိုင် မြိတ်မြို့၏ ဒီဇင်ဘာ အားကစားလ ဒုတိယပတ် လူထု စုပေါင်းလမ်းလျှောက်ပွဲ**(အပေါ်ပုံ)**ကို ဒီဇင်ဘာ ၁၄ ရက် နံနက် ၅ နာရီ ၁၅ မိနစ်တွင် မြိတ်မြို့ မြို့မအားကစားကွင်းရှေ့မှ စတင်၍ မြစ်ငယ်ရပ် ဗဟိုလမ်း၊ ထားဝယ်စုရပ် ဗိုလ်ချုပ်လမ်း၊ ဆိတ်ငယ်ရပ် ဗိုလ်ချုပ်လမ်း၊ ဗောတံတားလမ်း၊ ကမ်းနားလမ်း၊ နာရီစင်လမ်းမှ ဗိုလ်ချုပ်လမ်းအတိုင်း ပြန်လည်လျှောက်ခဲ့ကြပြီး မြို့မအားကစားကွင်း အတွင်း၌ လေ့ကျင့်ခန်းများပြုလုပ်ခဲ့ကြသည်။

အဆိုပါ လူထုစုပေါင်းလမ်းလျှောက်ပွဲကို မြိတ်ခရိုင်အုပ်ချုပ်ရေးမှူး ဦးလွင်ကိုဦးနှင့် ခရိုင်/မြို့နယ်ဌာနဆိုင်ရာ ဝန်ထမ်းများ၊ ပြည်သူများ၊ ကျောင်းသား ကျောင်းသူများ၊ အားကစားဝါသနာရှင်များ စုစုပေါင်း ၄၀၃၀ ခန့် တပျော်တပါး စုပေါင်းလမ်းလျှောက်ခဲ့ကြပြီး မြို့မအားကစားကွင်းအတွင်း၌ ကိုယ်လက်ကြံ့ခိုင်ရေးလေ့ကျင့်ခန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(ခိုင်ထူး)**




## ဂန့်ဂေါတွင် စုပေါင်းလမ်းလျှောက်ပွဲကျင်းပ

**ဂန့်ဂေါ ဒီဇင်ဘာ ၁၄**

ဂန့်ဂေါမြို့နယ် ဒီဇင်ဘာအားကစားလ လူထုလမ်းလျှောက်ပွဲကို အပတ်စဉ် စနေနေ့တိုင်းကျင်းပလျက်ရှိရာ ဒီဇင်ဘာ ၁၄ ရက် နံနက် ၅ နာရီက ဒုတိယအကြိမ်အဖြစ်ကျင်းပသည်။ အဆိုပါလူထုလမ်းလျှောက်ပွဲကို စုရပ်ဖြစ်သည့် ဂန့်ဂေါမြို့ မြောက်ကုန်းရပ်ကွက် ဗိုလ်ချုပ်လမ်းနှင့်ကံ့ကော်လမ်းဆုံမှ ဗိုလ်ချုပ်လမ်း၊ လေယာဉ်ကွင်းလမ်း၊ ကျောတိုက်လမ်း၊ မြို့ပတ်လမ်းတို့တွင် စုပေါင်းလမ်းလျှောက်ကြကာ မြို့နယ်အားကစားကွင်းတွင် ကိုယ်လက်ကြံ့ခိုင်ရေးလေ့ကျင့်ခန်းများဆောင်ရွက်ကြသည်။

အဆိုပါ စုပေါင်းလမ်းလျှောက်ပွဲသို့ ဂန့်ဂေါခရိုင်အုပ်ချုပ်ရေးမှူး ဦးလှမင်းထွဋ်နှင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ မြို့ပေါ်ရပ်ကွက်များမှ ပြည်သူများ အင်အား ၁၅၀၀ ကျော်တို့ ပါဝင်ဆင်နွှဲကြကြောင်း သိရသည်။ **(၄၆၅)**

## ဒီဇင်ဘာ ဒုတိယပတ် စုပေါင်းလမ်းလျှောက် ကိုယ်ကာယကြံ့ခိုင်ရေးဆောင်ရွက်

**ပခုက္ကူ ဒီဇင်ဘာ ၁၄**

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှဆီးဂိမ်းအား ဂုဏ်ပြုသောအားဖြင့် ပခုက္ကူခရိုင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှဦးစီး၍ အားကစားနှင့် ကာယပညာဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်သော ၂၀၁၃ ခုနှစ် ဒီဇင်ဘာ လူထုအားကစားလလှုပ်ရှားမှုလမ်းလျှောက်ပွဲ(ဒုတိယပတ်)ကို ဒီဇင်ဘာ ၁၄ ရက် နံနက် ၅ နာရီခွဲတွင် ပခုက္ကူမြို့ လွတ်လပ်ရေးပန်းခြံမြောက်ဘက် မြို့မလမ်းမှမြိုင်လမ်း၊ မြိုင်လမ်းမှမြို့ပတ်လမ်းရှိ ခရိုင်အားကစားကွင်းသို့ ခရိုင်/မြို့နယ် အုပ်ချုပ်ရေးမှူးနှင့်ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ရပ်ကွက်ပြည်သူများ၊ ခရိုင်နှင့် မြို့နယ်ဌာနဆိုင်ရာ ဝန်ထမ်းများ၊ NGOအဖွဲ့များ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ ထွေ/အုပ်စာရေးဝန်ထမ်းများ စုစုပေါင်း ၈၅၀ ခန့် လမ်းလျှောက်ခဲ့ကြပြီး အားကစားကွင်း၌ ကိုယ်ကာယကြံ့ခိုင်ရေး လေ့ကျင့်ခန်းများ လှုပ်ရှားဆောင်ရွက်ကြကြောင်းသိရသည်။**(ယာပုံ)** **(အောင်-မန်းတက္ကသိုလ်)**
























ဂုဏ်မည်

(၇)မိုင်၊ ဦးလွန်းမောင်လမ်း၊ RC -2ထပ်၊ လုံးချင်း၊ အိပ်ခန်း (၄)၊ AC-3

Line Phone

01-220736, 09-5178791, 09-254112273





WIN YE KYAW SERVICES CO.,LTD

DMA အသိအမှတ်ပြု OOW-CoC Class III သင်တန်း

ဒေါက်တာစိုးဝင်း(ညွှန်ကြားရေးမှူးချုပ်၊ ငြိမ်း)နှင့် နိုင်ငံခြားရေကြောင်းကောလိပ်တွင် သင်ကြားပေးခဲ့သည့် ဆရာများက ဦးစီးသော ၂၀၁၄ခုနှစ် ဖေဖော်ဝါရီလတွင် ဖွင့်လှစ်မည့် ပထမအသုတ် သင်တန်းအတွက် ကျောင်းသားများစတင်လက်ခံနေပါပြီ။

သင်တန်းသားများအတွက် လိုအပ်သော Management, Security, Safety သင်တန်းများကိုလည်း အခမဲ့သင်ကြား ပို့ချပေးမည်။ သင့်အရည်အချင်းဖြင့် အလုပ်အကိုင်နှင့် အခွင့်အလမ်းအတွက် အာမခံသည်။

**သင်တန်းကြေး ၃၂သိန်း**

**သင်တန်းသားဦးရေ(၃၀)ကန့်သတ်ထားပါသဖြင့် စာရင်းအမြန်သွင်းကြပါရန်။**

**စုံစမ်းရန်နှင့် စာရင်းပေးသွင်းရန်**

**တိုက်(၁၁)၊ မြေညီထပ်၊ အေးရိပ်မွန်(၈)လမ်း၊ (၅)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့**

**ဖုန်း-၀၁ ၆၆၂၃၉၈၊ ၀၁ ၆၆၇၂၆၉၊ ၀၉-၇၃၁၇၇၂၀၆**





ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးက ဧည့်ခံသော ညစာစားပွဲတွင် ဂျပန်-အာဆီယံ ထိပ်သီးဆွေးနွေးပွဲသို့ တက်ရောက်လာသော ဝန်ကြီးချုပ်နှင့်အတူ အာဆီယံ ခေါင်းဆောင်များကို တွေ့ရစဉ်။

# ဂျပန်နှင့်အာဆီယံခေါင်းဆောင်များ ထိပ်သီးဆွေးနွေးပွဲကျင်းပ ရေကြောင်းနှင့်လေကြောင်း လွတ်လပ်ခွင့် တောင်းဆို

**တိုကျို ဒီဇင်ဘာ ၁၄**

ဂျပန်နိုင်ငံ တိုကျိုမြို့၌ ဂျပန်နှင့် အာဆီယံခေါင်းဆောင်များအကြား ထိပ်သီးဆွေးနွေးပွဲကျင်းပရာတွင် ၎င်းတို့က အငြင်းပွားမှုများကို ငြိမ်းချမ်းစွာဖြေရှင်းကြရန် တိုက်တွန်းလိုက်ပြီး ရေကြောင်းနှင့်လေကြောင်း လွတ်လပ်ခွင့်ကိုလည်း တောင်းဆိုကြကြောင်း စနေနေ့သတင်းများတွင် ဖော်ပြသည်။

မြို့ပြလေကြောင်းအန္တရာယ် ကင်းရှင်းရေးနှင့် လွတ်လပ်စွာ ပျံသန်းရေးတို့ ချောမွေ့စေရေးတွင် ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ရန် နိုင်ငံအားလုံးက သဘောတူကြသည်။

ဒေသတွင်းတင်းမာမှုကို အရှိန်မြင့်တက်လာစေသော တရုတ်နိုင်ငံ၏ အတိအလင်း စစ်ရေးဆိုင်ရာတောင်းဆိုမှုအပေါ် စိုးရိမ်ကြောင့်ကြမှုများဖြစ်ပေါ်လာသဖြင့် ဤသို့သောသဘောထားများ ထွက်ပေါ်လာခြင်းဖြစ်သည်။

ထိပ်သီးဆွေးနွေးပွဲမှ ကြေညာချက်တစ်စောင် ထုတ်ပြန်ရာတွင် ငြိမ်းချမ်းရေးထိန်းသိမ်းမှု အရေးပါခြင်း၊ ဒေသတွင်း တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ခြင်း၊ ရေကြောင်းလုံခြုံရေးနှင့် အန္တရာယ်ကင်းစေခြင်း၊ ရေကြောင်းသွားမှုလွတ်လပ်ခြင်း၊ စီးပွားရေးဆိုင်ရာ အဟန့်အတားမရှိခြင်း၊ နိုင်ငံတိုင်းက ကိုယ့်ကိုယ်ကိုယ်ထိန်းချုပ်နိုင်ခြင်းနှင့် ကမ္ဘာက အသိအမှတ်ပြုထားသည့် နိုင်ငံတကာဥပဒေများ၏ အခြေခံမူများဖြင့် အငြင်းပွားမှုကို ငြိမ်းချမ်းစွာ အဖြေရှာခြင်းတို့သည် အလွန်အရေးကြီးကြောင်း ကျွန်ုပ်တို့ ဖော်ပြအပ်ပါသည်ဟု ပါရှိသည်။

ယင်းကြေညာချက်သည် တရုတ်နိုင်ငံ၏ လေကြောင်းရန်ကာကွယ်ရေးဇုန်အသစ်သတ်မှတ်ခြင်းကို ရည်ညွှန်းခြင်းမရှိသော်လည်း တရုတ်နှင့် အာဆီယံနိုင်ငံများအကြား တောင်တရုတ်ပင်လယ်ဆိုင်ရာ ကျင့်ဝတ်စည်းမျဉ်းကို ညှိနှိုင်းတိုင်ပင်ခြင်းအား ဂျပန်နိုင်ငံက ကြိုဆိုကြောင်းကိုမူ ဖော်ပြသည်။

မကြာသေးမီက တရုတ်နိုင်ငံသည် လေကြောင်းရန်ကာကွယ်ရေးဇုန်ကြေညာခဲ့ရာတွင် ပေကျင်းက ပိုင်ဆိုင်ကြောင်း ပြောကြားပြီး တိုကျို၏ထိန်းချုပ်မှုအောက်တွင်ရှိသော ကျွန်းစုများမှာ ယင်းဇုန်အတွင်း ပါဝင်ခဲ့သည်။ ယင်းသို့ လုပ်ဆောင်ချက်ကို ဂျပန်၊ အမေရိကန်ပြည်ထောင်စုနှင့် တောင်ကိုရီးယားနိုင်ငံတို့က ကန့်ကွက်ခဲ့သည်။

အာဆီယံအဖွဲ့ဝင် နိုင်ငံအချို့က ပိုင်ဆိုင်ကြောင်း ကြေညာထားသည့် ရေပြင်များအပါအဝင် တောင်တရုတ်ပင်လယ်ပြင်တစ်ခွင် ရေပြင်အရေးနှင့်ပတ်သက်၍ အခြားသောအာရှနိုင်ငံအချို့နှင့်လည်း တရုတ်နိုင်ငံက အချင်းများလျက်ရှိသည်။

အဆိုပါပင်လယ်ရေပြင်တွင်လည်း အလားတူ လေကြောင်းရန် ကာကွယ်ရေးဇုန်ထူထောင်ဖွယ်ရာရှိသည်ဟု တရုတ်ကပြောကြားခဲ့သည်။ **အေအက်ဖ်ပီ/ရိုက်တာ။**



# မွမ်ဘိုင်းတွင် အထပ်များစွာပါ အဆောက်အအုံမီးလောင်၊ ခုနစ်ဦးသေဆုံး

**မွမ်ဘိုင်း ဒီဇင်ဘာ ၁၄**

အိန္ဒိယနိုင်ငံ မွမ်ဘိုင်းမြို့တွင် အထပ်များစွာပါ အဆောက်အအုံတစ်လုံး ဒီဇင်ဘာ ၁၃ရက် ညနေပိုင်းက မီးလောင်ကျွမ်းရာ သေဆုံးသူခုနစ်ဦးရှိကြောင်း ဒေသခံမီးသတ်တပ်ဖွဲ့က ဒီဇင်ဘာ ၁၄ ရက်တွင် ပြောကြားသည်။

မွမ်ဘိုင်းမြို့တောင်ပိုင်းရှိ ကမ့်ပ်စ်ကော်နာဒေသရှိ မောင့်ဘလန့်စ် ၂၆ ထပ် အဆောက်အအုံ၏ ၁၂ ထပ်၌ ဒေသစံတော်ချိန် ၇ နာရီခွဲတွင် မီးလောင်ကျွမ်းခြင်းဖြစ်ကြောင်း၊ မီးသတ်ကား ၂၄ စီး ကျော်ဖြင့် မီးငြိမ်းသတ်ရကြောင်း ပြောကြားသည်။

မီးလောင်ကျွမ်းသောအဆောက်အအုံမှ လူ ၂၀ ကျော် ကို ကယ်ထုတ်နိုင်ခဲ့ကြောင်း၊ မီးသတ်အရာရှိနှစ်ဦးအပါအဝင် မီးသတ်သမားငါးဦး ဒဏ်ရာရရှိကြောင်း၊ မီးကို သုံးနာရီကြာငြိမ်းသတ်ခဲ့ရကြောင်း၊ ရေကားခုနစ်စီးနှင့် သူနာပြုတင်ယာဉ်လေးစီး လျင်မြန်စွာရောက်ရှိလာကြောင်း၊ မီးလောင်ကျွမ်းမှုဖြစ်ပွားရသည့်အကြောင်းကို မသိရသေးကြောင်း ပြောကြားသည်။ **ဆင်ဟွာ။**

# လကမ္ဘာ စူးစမ်းလေ့လာရေးယာဉ်အား တရုတ်နိုင်ငံက အောင်မြင်စွာ ဆင်းသက်စေနိုင်

**ပေကျင်း ဒီဇင်ဘာ ၁၄**

အာကာသစူးစမ်းလေ့လာရေးနယ်ပယ်၌ ရည်မှန်းချက်ကြီးစွာထားရှိသည့် အာရှနိုင်ငံများမှ အင်အားကြီးနိုင်ငံတစ်နိုင်ငံဖြစ်သော တရုတ်နိုင်ငံမှ ယခုလအတွင်း လွှတ်တင်ခဲ့သော အာကာသစူးစမ်းလေ့လာရေး ယာဉ်တစ်စင်းသည် လမျက်နှာပြင်ပေါ် လေ့လာစူးစမ်းရေးယာဉ်ငယ်တစ်စင်းအား အောင်မြင်စွာချနိုင်ခဲ့ကြောင်း ယနေ့ ဘီဘီစီသတင်းများ၌ ဖော်ပြသည်။ **(ယာပုံ)**

ဒေသစံတော်ချိန် စနေနေ့ မွန်းတည့်ချိန်၌ တရုတ်နိုင်ငံ လကမ္ဘာလေ့လာရေးမြေဆင်းယာဉ်မှ ယင်းလဆင်းယာဉ်ငယ်အား လမျက်နှာပြင်သို့ ညင်သာစွာ ချထားပေးနိုင်ခဲ့သည်ဟု ဆိုသည်။

လမျက်နှာပြင်သို့ လဆင်းယာဉ်ဆင်းသက်ပြီး နာရီပေါင်းများစွာအကြာတွင် လမျက်နှာပြင်စူးစမ်းလေ့လာမည့် ယူတုဟု အမည်ပေးထားသည့်ယာဉ်မှာ စူးစမ်းလေ့လာမှုများပြုခဲ့သည်။

လကမ္ဘာ၏ မျက်နှာပြင်အား လေ့လာမှုပြုနိုင်ရေးအတွက် လောင်းမတ်ချ်-၃ အမည်ရှိ ဒုံးကျည်ဖြင့် တရုတ်နိုင်ငံတောင်ပိုင်း အာကာသဒုံးယာဉ်လွှတ်တင်ရေးစခန်းမှ ဒီဇင်ဘာလဆန်းပိုင်းတွင် လွှတ်တင်ခဲ့ခြင်းဖြစ်သည်။ **ဘီဘီစီ။**
























## တောင်တွင်းကြီးမြို့နယ် ကြံစိုက်တောင်သူများသကြားစက်ရုံသို့ ကြံများရောင်းချ

**တောင်တွင်းကြီး ဒီဇင်ဘာ ၁၄**

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် ကံပေးကြီးအုပ်စု ကံလှသကြားစက်ရုံမှ ကြိတ်ကြံများကို နိုဝင်ဘာ ၂၅ ရက်မှ စတင်ဝယ်ယူလျက်ရှိရာ မြို့နယ်အတွင်းရှိ ကျေးရွာများမှ ကြံစိုက်တောင်သူများက ကားများဖြင့် ကြံများသယ်ယူ၍ စက်ရုံသို့ ရောင်းချခဲ့ကြသည်။

အဆိုပါစက်ရုံသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ထွဋ်ပြည့်၊ သူ့လွှတ်တော်ကိုယ်စားလှယ်ဦးသန်းဝင်း၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကြည်သိန်းနှင့်တာဝန်ရှိသူများ ရောက်ရှိကာ စက်ရုံမှူးနှင့် ဝန်ထမ်းများ၊ ကြံစိုက်တောင်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံ၍ လိုအပ်ချက်များကို ကူညီပံ့ပိုးပေးခဲ့ကြသည်။

ယခုနှစ် ကြံစိုက်ရာသီတွင် စက်ရုံ၏ စက်စွမ်းအားဖြည့် လည်ပတ်နိုင်ရေး၊ စက်ပိုင်းဆိုင်ရာ ချွတ်ယွင်းချက်မရှိစေရေး၊ ကြိုတင်ပြင်ဆင်ထားရှိမှုတစ်ရပ်လိုအပ်ချက် ကြံတန်ချိန် ၁၆၀၀ ရရှိစေရေး၊ လတ်ဆတ်သောကြံ နေ့စဉ်ဝယ်ယူရရှိရေး၊ ကြံဖိုးငွေများ အပြည့်အဝထုတ်ပေးရေး၊ ကြံများခုတ်သိမ်းမှု၊ သယ်ယူပို့ဆောင်မှုအပိုင်းတို့တွင် လုပ်ငန်းများအောင်မြင်ရေး စနစ်တကျ ဆောင်ရွက်ပေးလျက်ရှိကြောင်း စက်ရုံမှူး ဦးကျော်အောင်၏ ပြောကြားချက်အရ သိရသည်။

(၅၈၀)

## ပူးပေါင်းဆောင်ရွက်မည့် စီမံကိန်းအတွက် ကွင်းဆင်းလေ့လာ

**ကျောက်ဆည် ဒီဇင်ဘာ ၁၄**

ငါးလုပ်ငန်းဦးစီးဌာနနှင့် (JICA) အဖွဲ့အစည်းတို့ ပူးပေါင်းဆောင်ရွက်မည့် Small-Scale Aquaculture Ectension for Promotion of Livelihood of Rural Communities in Centual Dry Zone စီမံကိန်းအတွက် အကောင်အထည်ဖော်ဆောင်ရွက်မည့်စီမံကိန်းဒေသများသို့ ကွင်းဆင်းလေ့လာရန် (JICA) စီမံကိန်းမှစီမံကိန်းအရာရှိချုပ် Mr.Takahashi Shingo ဦးဆောင်သောပညာရှင်အဖွဲ့နှင့် မန္တလေးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှူးဦးမျိုးအောင်၊ ကျောက်ဆည်ခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးသက်ဦးတို့က ကျောက်ဆည်ခရိုင်တံတားဦးမြို့နယ် အတွင်းသို့ ယနေ့နံနက်ပိုင်းတွင် ကွင်းဆင်းလေ့လာခဲ့ကြကြောင်း သိရသည်။

အဆိုပါအဖွဲ့သည် တံတားဦးမြို့နယ် ပျူကန်ဆည်ရေသောက်စပါး စိုက်ပျိုးရာဒေသဖြစ်သည့် ပျူကန်ကျေးရွာသို့သွားရောက်၍ စီမံကိန်းလုပ်ငန်းများအား စိတ်ပါဝင်စားသူ တောင်သူအချို့နှင့် တွေ့ဆုံကာ စီမံကိန်းတာဝန်ရှိ ဂျပန်လူမျိုးပညာရှင်နှင့် တိုင်းဒေသကြီးငါးလုပ်ငန်းဦးစီးဌာနမှူးတို့က Small - Scale Aquaculture Ectension for Promotion of Livelihood of Rural Communities in Centual Dry Zone စီမံကိန်းနယ်မြေအဖြစ်ဆောင်ရွက်လျက်ရှိသော မြန်မာနိုင်ငံ အောက်ပိုင်းနယ်မြေများဖြစ်သည့် ပဲခူး၊ ဧရာဝတီ၊ ကရင်ပြည်နယ်တို့တွင် ဆောင်ရွက်နေမှုအခြေအနေများ၊ စီမံကိန်း၏ အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားပြီး စီမံကိန်းမှတ်တမ်း Video အားပြသပေးသည်။



ထို့နောက် တက်ရောက်လာကြသည့် တောင်သူများ၏ မေးမြန်းဆွေးနွေးမှုများကို ပြန်လည်ဖြေကြားပြီး ပျူကန်ဆည်နှင့် စီမံကိန်းအား စိတ်ဝင်စားသည့် တောင်သူများ၏လက်ရှိဝက်၊ နွားစားနွားမွေးမြူနေမှု အခြေအနေများ၊ ဆည်ရေဖြင့် စပါးစိုက်ပျိုးသည့် အမှတ်(၃) ပျူကန်ရေပေးမြောင်းတစ်လျှောက်ရှိ တောင်သူများ၏စပါးခင်းများ၊ လယ်ကြားကန်တို့ကို ကွင်းဆင်းကြည့်ရှုပြီး ကျေးရွာတာဝန်ရှိသူများ၊ တောင်သူလယ်သမားများနှင့် ထပ်မံဆွေးနွေးကြသည်။

အလားတူ ကွင်းဆင်းကြည့်ရှုခြင်းကို မြစ်သားမြို့နယ် ကူမဲရှိဌာနပိုင် ငါးသားပေါက်စခန်း၊ မြစ်ဆုံကျေးရွာရှိပုဂ္ဂလိက အသေးစားငါးသားပေါက်စခန်း၊ ရွာခိုင်ကြီးကျေးရွာရှိ ပုဂ္ဂလိက စိုက်၊ မွေးကန်များ၊ ကျောက်ဆည်မြို့နယ်နှင့် စဉ့်ကိုင်မြို့နယ်တို့ရှိ ငါးမွေးကန်များသို့ ကွင်းဆင်းကြည့်ရှုလေ့လာခဲ့ကြောင်း သိရှိရသည်။

**ထွန်းထွန်းနိုင်(ကျောက်ဆည်)**

## မီးငြိမ်းသတ်နည်း လက်တွေ့သရုပ်ပြသ

**မလှိုင် ဒီဇင်ဘာ ၁၄**

မလှိုင်မြို့နယ် မီးသတ်ဦးစီးဌာနနှင့် မြို့မစည်ပင်သာယာစျေး အကျိုးဆောင်အဖွဲ့တို့ ပူးပေါင်း၍စျေးကြီး မီးဘေးအန္တရာယ်မှ ကင်းဝေးစေရန် စျေးသူစျေးသားများနှင့် စျေးအရန်မီးသတ်တပ်ဖွဲ့ဝင်များအား လက်တွေ့မီးငြိမ်းသတ်နည်း သရုပ်ပြပွဲကို ဒီဇင်ဘာ ၁၂ရက် နံနက် ၉နာရီတွင် မြို့မစျေးကြီးအတွင်း၌ ပြုလုပ်သည်။

ရှေးဦးစွာ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန့်ဇော်က လက်တွေ့မီးငြိမ်းသတ်နည်း သရုပ်ပြသရခြင်းရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး ဒုမြို့နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးတင်မောင်သန်းက လုံခြုံရေးဆိုင်ရာများကို အသိပညာပေး ဟောပြောခဲ့သည်။

ထို့နောက်မီးသတ်ဦးစီးမှူး ဦးအေးသောင်းက မီးသတ်ဆေးဘူးကိုင်တွယ်အသုံးပြုနည်းကို ရှင်းလင်းပြောကြားကာ စျေးသူစျေးသားများနှင့် စျေးအရန်မီးသတ်တပ်ဖွဲ့ဝင်များအား လက်တွေ့မီးငြိမ်းသတ်နည်း သရုပ်ပြသသည်။ သရုပ်ပြပွဲအပြီးတွင် တာဝန်ရှိသူများက စျေးအတွင်း လှည့်လည်၍ ရေလှောင်ကန်များကို လိုက်လံကြည့်ရှု စစ်ဆေးခဲ့ကြောင်းသိရသည်။

**အောင်ငွေး(မလှိုင်)**

## အစိုးရ/စီးပွားရေးကြော်ငြာ

### လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
### မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း
### (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ဓာတ်အားပို့လွှတ်ရေးစီမံကိန်းများဌာနမှ ၆၆ ကေဗွီ မိုင်းရယ်-တန့်ယန်းဓာတ်အားလိုင်းနှင့် ဂန့်ဂေါ-ဟားခါးဓာတ်အားလိုင်းအတွက် လိုအပ်သော ကျောက်တိုင်များကို မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ဆိုဝယ်ယူလိုပါသည်။

| | | |
|---|---|---|
| တင်ဒါပုံစံရောင်းချမည့်ရက် | - | ၁၂-၁၂-၂၀၁၃ ရက် |
| တင်ဒါပိတ်မည့်ရက် | - | ၂၆-၁၂-၂၀၁၃ ရက် |
| တင်ဒါပိတ်မည့်အချိန် | - | (၁၂:၀၀)နာရီ |

တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**
**တင်ဒါကြီးကြပ်ရေးအဖွဲ့**
**မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန**
**ရုံးအမှတ်(၂၇)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၁၀၂၀၉၊ ၄၁၀၂၈၂**

### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းမှ မုတ်ခွံရောရာများကို ရောင်းချမည်ဖြစ်ပါသဖြင့် နိုင်ငံသားမည်သူမဆို အိတ်ဖွင့်တင်ဒါပေးသွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။

| | | |
|---|---|---|
| (က)ပစ္စည်းကြည့်ရှုမည့်နေရာ | - | အမှတ်(၆၉/၇၁)၊ မြမာလာလမ်း၊ သာကေတစက်မှုဇုန်၊ ရန်ကုန် |
| (ခ)တင်ဒါတင်သွင်းရမည့်နေရာ | - | မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်း မြန်မာ့ကျောက်မျက်ရတနာပြတိုက်၊ နေပြည်တော် |
| (ဂ)တင်ဒါဖွင့်လှစ်မည့်နေရာ | - | သတ္တုတွင်းဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၊ ရုံးအမှတ်(၁၉)၊ နေပြည်တော် |

၂။ အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံများကို နေပြည်တော်(ရုံးချုပ်)နှင့် ရန်ကုန်(ရုံးခွဲ)တွင်တစ်စုံလျှင် ၁၀၀၀ိ/(ကျပ်တစ်ထောင်)နှုန်းဖြင့် ဝယ်ယူနိုင်ပြီးတင်ဒါပုံစံများကို ၁၆-၁၂-၂၀၁၃ရက်မှစတင်၍ ရောင်းချမည်ဖြစ်ပါသည်။တင်ဒါပိတ်သိမ်းမည့်ရက်မှာ ၉-၁-၂၀၁၄ရက် ၁၆း၃၀နာရီဖြစ်ပြီး တင်ဒါဖွင့်ဖောက်မည့်ရက်အားထပ်မံအကြောင်းကြားပါမည်။

၃။ အသေးစိတ်သိရှိလိုပါက ဝယ်ယူသိုလှောင်ဖြန့်ဖြူးရေးဌာနခွဲ၊ မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း(ရုံးချုပ်)၊ နေပြည်တော် ဖုန်းနံပါတ် ၀၆၇-၄၁၄၀၈၄၊ ၀၆၇-၄၁၄၀၈၃သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်း**

### အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)
### ၂၀၁၂-၂၀၁၃ပညာသင်နှစ်
### (၁၇)ကြိမ်မြောက်ဘွဲ့နှင်းသဘင်အခမ်းအနားကြေညာခြင်း

၁။ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)၏ (၁၇)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကို အောက်ဖော်ပြပါ အစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသည်-

| | | |
|---|---|---|
| ဘွဲ့နှင်းသဘင်ကျင်းပမည့်နေ့ | ။ ။ | ၈-၁-၂၀၁၄ရက်(ဗုဒ္ဓဟူးနေ့) |
| အစမ်းလေ့ကျင့်မည့်နေ့ | ။ ။ | ၇-၁-၂၀၁၄ရက်(အင်္ဂါနေ့) |
| ကျင်းပမည့်အချိန် | ။ ။ | နံနက် (၉း၀၀)နာရီ |
| ကျင်းပမည့်နေရာ | ။ ။ | ဘွဲ့နှင်းသဘင်ခန်းမ၊ ရန်ကုန်တက္ကသိုလ် |
| ဘွဲ့နှင်းသဘင်ဝင်ကြေး | ။ ။ | ၁၅၀၀ိ/- (ကျပ်တစ်ထောင့်ငါးရာတိတိ) |
| အဝေးရောက်ဘွဲ့နှင်းသဘင်ဝင်ကြေး | ။ ။ | ၁၀၀၀ိ/- (ကျပ်တစ်ထောင်တိတိ) |
| လျှောက်လွှာတင်ရမည့်ရက် | ။ ။ | ၁၆-၁၂-၂၀၁၃ရက် |
| လျှောက်လွှာပိတ်ရက် | ။ ။ | ၂၄-၁၂-၂၀၁၃ရက် |

၂။ (၁၇)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားသို့ ၂၀၁၂-၂၀၁၃ ပညာသင်နှစ်၌ တတိယနှစ်၊ ဒုတိယနှစ်(ဂုဏ်ထူးတန်း) အောင်မြင်ခဲ့သော ကျောင်းသား၊ ကျောင်းသူများ၊ ဘွဲ့လွန်အနုပညာဒီပလိုမာသင်တန်းအောင်မြင်သူများ၊ ဘွဲ့လွန်ပြတိုက်ပညာဒီပလိုမာသင်တန်းအောင်မြင်သူများ၊ ဘွဲ့လွန် အသုံးချရှေးဟောင်းသုတေသနပညာဒီပလိုမာ သင်တန်းအောင်မြင်ခဲ့သူများနှင့် ဘွဲ့လွန်စာ ကြည့် တိုက်စီမံခန့်ခွဲမှုပညာဒီပလိုမာသင်တန်းအောင်မြင်ခဲ့သူများအား ဘွဲ့များအပ်နှင်းချီးမြှင့်သွားမည်ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ လျှောက်လွှာပုံစံများကို သင်တန်းရေးရာဌာနတွင် ဝယ်ယူနိုင်ပြီး အသေးစိတ်သိရှိလိုပါက ဖုန်း ၅၉၀၂၅၂၊ ၅၉၀၂၅၄ သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**(ဇော်ဦး)**
**မော်ကွန်းထိန်း**
**အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)**

### အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၅)၊ မြေကွက်အမှတ်(၃၂၄)၊ နတ်သျှင်နောင်လမ်းရှိ မြေဧရိယာ(အလျားပေ၄၀×အနံပေ၆၀)အကျယ်အဝန်းပေါ်ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ မြေပေါ် မြေအောက် အကျိုးခံစားခွင့် အရပ်ရပ်တို့အား တရားဝင်အမည်ပေါက် ပိုင်ဆိုင်ထားသော (ဦးတင်ဝင်း(ဘ)ဦးဘကြည်၊ နိုင်ငံသားအမှတ်- RGN/ ၀၀၃၀၁၅ ကွယ်လွန်) အမည်ဖြင့်တည်ရှိသော နှစ်(၆၀)မြေငှားဂရန်ဖြစ်ပါသည်။ တရားဝင်အမွေဆက်ခံပိုင်ဆိုင်ခွင့်ရှိသည့် ၎င်း၏ဇနီးဖြစ်သူ ဒေါ်သန်းရင်(ဘ) ဦးဘသန်း နိုင်ငံသားအမှတ်-[၁၂/မဂတ(နိုင်)၀၃၃၅၇၉]က ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၃၁၁၂/၂၀၀၄)အရ တရားဝင်ရောင်းချပိုင်ခွင့်ရှိသူ ဦးအေးလွင်(ဘ)ဦးစံဝင်း နိုင်ငံသားအမှတ်[၁၂/မဂဒ(နိုင်)၀၀၃၆၇၅]ထံမှ ကျွန်ုပ်၏ မိတ်ဆွေက အပြီး အပိုင်ဝယ်ယူရန် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်၍ အကျိုးခံစားခွင့်ရှိသူမည်သူမဆို ဤကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်း အထောက် အထား (မူရင်း)များဖြင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ထားသည့်နေ့ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးကျော်စွာထွန်း:LL.B, D.L.P, WIPO (Switzerland), CAES**
**အထက်တန်းရှေ့နေ (စဉ်-၃၂၄၅၅)**
**အမှတ်(၇၂၄)၊ ယမနေ (၅)လမ်း၊ (၃၄) ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၃၁၃၆၃၆၇**







# ပန်းနှမ်းနှင့်ပျားရည် အဆင်ပြေ တောင်သူများ ဝင်ငွေတိုး

**ကျောက်မဲ ဒီဇင်ဘာ ၁၄**

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲမြို့တွင်ရာသီဥတုကောင်းမွန်ပြီးသီးနှံများတိုးချဲ့စိုက်ပျိုးလုပ်ကိုင်ခြင်းကြောင့်ကျေးလက်နေတောင် သူများ အဆင်ပြေဝင်ငွေတိုးလျက်ရှိရာ ယခုနှစ်တွင်မိုးသီးနှံများအောင်မြင်စွာ ဆွတ်ခူးရိတ်သိမ်းခဲ့ပြီးနောက် ဆောင်းသီးနှံဖြစ်သောပန်းနှမ်း ခေါ်ဂျပန်နှမ်းများ အောင်မြင်စွာဖြစ်ထွန်းလျက်ရှိသည်ကိုတွေ့ရသည်။



ဂျပန်နှမ်း(ခေါ်)ပန်းနှမ်းများကို မိုးလွန်ကာနီးတွင်ထွန်ယက်ပြီး ကြဲပက်စိုက်ပြီးရသည်။ ရေသွင်းရန်မလိုသည့်အကြမ်းခံအပင်မျိုးဖြစ်ပြီး နိုဝင်ဘာလကုန် ဒီဇင်ဘာလဆန်းပိုင်းလောက်ဆိုလျှင် အပွင့်များပွင့်နေကြသည်မှာ တစ်တောတစ်တောင်လုံးဝင်းဝါလျက်အောင်မြင်စွာ ပွင့်ကြပြီး ဒီဇင်ဘာလကုန်ချိန်လောက်တွင်ပွင့်ချပ်များကြွေသွားပြီး ဝတ်ဆံကိုရိတ်ချွေယူရသောဆီထွက်သီးနှံဖြစ်သည်။

ယခုရာသီအချိန်ဆိုလျှင်ရာသီဥတုမှာ အထူးသာယာကောင်းမွန်ပြီး အခြားတောပန်း၊ တောင်ပန်းများဖြစ်သည့်နေကြာရိုင်းများ၊ ခရစ်စမတ်ပန်းများ၊မဲဇလီပန်းပွင့်များ၊ ပနားမားငုများနှင့် အခြားတောပန်း၊ တောင်ပန်းများလည်း စုံညီလှပစွာဖူးပွင့်လျက်ရှိကြရာ ရှမ်းပြည်နယ်မြောက်ပိုင်းရှိ ပြည်ထောင်စုကားလမ်းမကြီးဝဲ၊ ယာနှစ်ဘက် မြန်မာပြည်ဒေသအသီးသီးမှ ပျားမွေးမြူရေးလုပ်ငန်းရှင်များ၊ အလုပ်သမားများတို့လည်း ၎င်းပန်းနှမ်းခင်းများ ဘေးပတ်ဝန်းကျင်တွင် ၎င်းတို့၏ပျားမွေးမြူရေးလှောင်အိမ်များကို ချထားပြီး ပျားရည်များကိုစုဆောင်းထုတ်လုပ်ရောင်းချပြီး ပန်းနှမ်းနှင့်ပျားရည် အဆင်ပြေလျက်ရှိသည်ကိုတွေ့ရသည်။

**မောင်မောင်(ကျောက်မဲ)**

# ဒီဂျစ်တယ်မီတာ ၁၃၀၀ကျော် သဃ်န်းကျွန်းမြို့နယ်တွင် တပ်ဆင်ပေး

**ရန်ကုန် ဒီဇင်ဘာ ၁၄**

ရန်ကုန်တိုင်းဒေသကြီး (အရှေ့ပိုင်းခရိုင်) သဃ်န်းကျွန်းမြို့နယ်တွင် ရပ်ကွက်အသီးသီးမှ လျှပ်စစ်ဓာတ်အားသုံးစွဲခွင့်ရရှိရေးအတွက်လာရောက်လျှောက်ထားမှုကို ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့၊ သဃ်န်းကျွန်းမြို့နယ်အုပ်ချုပ်ရေးမှူးရုံးမှ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဝန်ထမ်းများက ကွင်းဆင်းစစ်ဆေးဆောင်ရွက်ရာ သတ်မှတ်ရက်အတိုင်း တပ်ဆင်ပေးလျက်ရှိကြောင်းသိရသည်။

၂၀၁၃ခုနှစ် နိုဝင်ဘာလနှင့် ဒီဇင်ဘာလအတွင်း သဃ်န်းကျွန်းမြို့နယ်တွင် အိမ်သုံးဒီဂျစ်တယ်မီတာ ၁၃၂၃လုံး၊ ယာယီမီတာလေးလုံးနှင့် အိမ်သုံး/လုပ်ငန်းသုံးပါဝါမီတာ ၁၇လုံးတို့ တပ်ဆင်ပေးနိုင်ခဲ့ကြောင်း သိရသည်။**(အပေါ်ပုံ)** **(၀၅၁)**

## စီးပွားရေးကြော်ငြာ

# မြေအောက်ရေပိုက်ပေါက်၍ ရေများစိမ့်ထွက်

**ရန်ကုန် ဒီဇင်ဘာ ၁၄**

ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားမြို့နယ် (၃၄)လမ်း အလယ်မြို့တော်ခန်းမအနီး မြေအောက်ရေပိုက်လိုင်းပေါက်ပြီး ရေများစိမ့်ထွက်လျက်ရှိနေသဖြင့်ပတ်ဝန်းကျင်ရှိလူများနှင့် လမ်းသွား လမ်းလာများမှ အမြန်ဆုံးလာရောက် ပြုပြင်ပေးစေလို လျက်ရှိကြောင်းသိရသည်။ **(အောက်ပုံ)** **(၀၅၅)**



# ပျိုတိုင်းကြိုက်တဲ့ နှင်းဆီခိုင်လေးဖြစ်စေဖို့

အမျိုးသားတစ်ယောက်ဟာ ကြံ့ရည်ဖန်ရည်ကောင်းပြီး ငွေရှာကောင်းရုံလောက်နဲ့တော့ ယောကျ်ားဂုဏ်ရည်နဲ့ပြည့်ဝသူရယ်လို့ မဆိုနိုင်လောက်သေးပါဘူး။ အိမ်ထောင်တစ်လုံးကို ဦးစီးဦးဆောင်ပြုရမယ့် အမျိုးကောင်းသားတစ်ယောက်အနေနဲ့ အသုံးအဖြုန်းမကြမ်းသူ၊ အသောက်အစား၊ အပျော်အပါး မခုံမင်သူ၊ အဌာရသ (၁၈)ရပ်လုံး မဟုတ်တောင် ပြောင်းလဲလာတဲ့ခေတ်ရေစီးကြောင်းနဲ့အညီ သိပ္ပံအတတ်ကို မညှံ့လွန်းသူဖြစ်ကာ စာနာတတ်တဲ့နှလုံးသားလေး တစ်စုံလည်းရှိဖို့ လိုအပ်ပါတယ်။

စတိုင်လ်ကျစမတ်ကျတဲ့ အမျိုးသားတစ်ယောက်ဖြစ်ဖို့ဆိုရင်

-ရင်အုပ်ကျယ်ကျယ်၊လက်မောင်းကြွက်သားအဖုအထစ်တွေက အားကိုးချင်စရာ လက္ခဏာရပ်တွေမို့ လေ့ကျင့်ခန်းလုပ်ဖို့မပျင်းပါနဲ့။

-ဆံပင်ပုံစံက ရုပ်ဆိုးသူကိုလှသွားအောင်ပြောင်းလဲပေးနိုင်တာမို့ လိုက်ဖက်တဲ့ဆံပင်ပုံစံမျိုးဖြစ်နေရပါမယ်။

-အိမ်ပြင်ထွက်တဲ့အခါ အဝတ်အစားတွေကို ဖြစ်ကတတ်ဆန်း မဝတ်သင့်ပါဘူး၊

-တစ်ကိုယ်ရည်သန့်ရှင်းမှုအတွက် သံပုရာရနံ့ပါတဲ့ ကိုယ်တိုက်ဆပ်ပြာလေးတွေက အသားအရေကို လန်းဆန်းလတ်ဆတ်ရုံမက ကိုယ်သင်းရနံ့ကောင်းမွန်စေပါတယ်။

-သန့်ရှင်းသေသပ်စွာ ညှပ်ထားတဲ့လက်သည်း/ခြေသည်း လေးတွေကလည်း အမျိုးသားတစ်ယောက်ရဲ့ ဆွဲဆောင်မှုတစ်ခုပါ။

- အမျိုးသားသီးသန့်သုံး moistarizers(ခေါ်)အသားအရေအစိုဓာတ်ကို ထိန်းပေးတဲ့ အဲဒီလိုးရှင်းလေးတွေက မျက်နှာနဲ့လက်ဖဝါးတွေ ခြောက်သွေ့ကြမ်းတမ်းခြင်းကို သက်သာပျောက်ကင်းစေပါတယ်။

-ခြောက်သွေ့တဲ့နှုတ်ခမ်းတစ်စုံအတွက် နှုတ်ခမ်းဆိုးဆေးအဆီကို သုံးနိုင်ပါတယ်။ ဒီဆိုးဆေးအဆီက သဘာဝအရောင်အတိုင်းသာ နှုတ်ခမ်းသားကို စိုစို ထွေးထွေးလေးဖြစ်နေမှာပါ။

- မြန်မာဝတ်စုံ-အနောက်တိုင်းဝတ်စုံစတဲ့ ဘယ်အဝတ်အစားမျိုးကိုမဆို ဝတ်ဆင်တဲ့ အခါမှာ သေသေသပ်သပ် ဖြစ်နေသင့်ပါတယ်။

-နေကာမျက်မှန်နဲ့လက်ပတ်နာရီတို့ အတွက်ကိုတော့ မိမိအသားအရေသာမက မျက်နှာ-မေးရိုး-လက်ကောက်ဝတ်အရွယ်အစား အသေး/အကြီးအလိုက် သင့်တော်လိုက်ဖက်တာကို ရွေးချယ်တတ်မှုကလဲ အရည်အချင်းတစ်ရပ်ပါပဲ

-ကိုယ်ဟန်အနေအထား၊ စကားပြောဆိုပုံ လေယူလေသိမ်းနဲ့ လက်ဟန်ခြေဟန်တွေက မိမိကိုယ်ကိုယုံကြည်မှု အပြည့်ရှိတဲ့ ပုံမျိုးပေါ်နေရပါမယ်။

-တစ်ခါသုံး လန်းဆန်းမျက်နှာသစ်ပုဝါကို အိတ်ကပ်ထဲအမြဲဆောင်ထားပြီး နေလယ်စာစားပြီးတဲ့အခါ မျက်နှာသုတ်ပေးလိုက်ပါဦး၊ သူ့ရဲ့မွှေးကြိုင်တဲ့ရနံ့က လူကိုလန်းဆန်းသွားစေတဲ့အပြင် မျက်နှာအသား အရေကိုပါသန့်ရှင်းစင်ကြယ်သွားစေပါတယ်။

**(တင်ထက်ထက်ဇော်)**











# နွေစပါး၊ မြေပဲနှင့် စားဖိုဆောင်သီးနှံများ စိုက်ပျိုးလျက်ရှိ

**စစ်ကိုင်း ဒီဇင်ဘာ ၁၄**

စစ်ကိုင်းမြို့နယ် ကြွယ်လူးကျေးရွာအုပ်စု သလွန်ဖြူကျေးရွာမှ တောင်သူများသည် မိုးရာသီကုန်ဆုံးသွားပြီဖြစ်၍ စပါးနှင့် ဆီထွက်သီးနှံ၊ စားဖိုဆောင်သီးနှံများ စိုက်ပျိုးဖြစ်ထွန်းအောင်မြင်လျက်ရှိသည်။

သလွန်ဖြူကျေးရွာမှ တောင်သူများသည် မနောသုခ စပါး ၂၀၇ ဧက စိုက်ပျိုးရန် လျာထားရာ ယခုအခါ ၁၆၈ ဧက စိုက်ပျိုးထားပြီးဖြစ်သည်။ ဆီထွက်သီးနှံဖြစ်သည့် မြေပဲ ဧက ၃၅၀ စိုက်ပျိုးထားပြီး စားဖိုဆောင်သီးနှံဖြစ်သော မုန်ညင်း၊ ထောပတ်ပဲ၊ ခါ၍၊ ပဲနီလုံး၊ ဆလတ်များကို စိုက်ပျိုးလျက်ရှိပြီး ဈေးကွက်ဝင် မေမြို့ဂန္ဓာမာပန်းကိုလည်း စားဖိုဆောင်သီးနှံစိုက်ခင်းများကြားတွင် သီးသန့်မြေပြုပြင်ပြီး စိုက်ပျိုးထားကြသည်။ မေမြို့ဂန္ဓာမာပန်းမှာ မိုးမကြိုက်သောကြောင့် မိုးရာသီကုန် အစိုဓာတ်မရှိမှ စိုက်ပျိုးနိုင်ပြီး ပိုးသတ်ဆေးဖျန်းပေးရကာ ပေါင်းမြက်များလည်း ရှင်းပေးရသည်။ စိုက်၍ သုံးလခွဲကြာလျှင် ပန်းပွင့်ပြီး တစ်ပင်လျှင် ကျပ် ၈၀ နှုန်းဖြင့် ရွာသို့ လာရောက်ဝယ်ယူကြသည်ဟု ပန်းစိုက်တောင်သူများက ပြောသည်။

ကြွယ်လူးကျေးရွာအုပ်စုတွင် လူဦးရေ ၆၃၀၊ အိမ်ထောင်စု ၆၆၄ စုနေထိုင်လျက်ရှိပြီး မိရိုးဖလာတောင်သူလုပ်ကိုင်သူများဖြစ်သည်ဟု သိရသည်။

စစ်ကိုင်းမြို့နယ်အနေဖြင့် မိုးစပါး ဧက ၃၈၉၅၀၊ ဆီထွက်သီးနှံ ၄၆၄၇၅ဧက၊ ပဲမျိုးစုံ ၈၁၉၈၆ ဧက၊ စားဖိုဆောင်သီးနှံ ကြက်သွန်နီ၊ ငရုတ် ၂၀၉၄ ဧကနှင့် အခြားသီးနှံ ၁၀၉၄၆၄ ဧက စိုက်ပျိုးထားကြောင်း မြေစာရင်းဦးစီးဌာနမှ သိရသည်။

**(ထွေးမြင့်နိုင်-စစ်ကိုင်း)**



# မိုးစပါး ရိတ်သိမ်းခြွေလှေ့ပြီး အမိုးအကာအောက်ရောက်ရှိရေး စက်မှုလယ်ယာမှ ကူညီပေး

**လယ်ဝေး ဒီဇင်ဘာ ၁၄**

နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့နယ် နေပြည်တော် လေဆိပ်သွားရာ လမ်းတစ်လျှောက်ရှိ ကျေးရွာများမှ တောင်သူများ၏ မိုးစပါးများ အချိန်မီရိတ်သိမ်းရေး၊ ရိတ်သိမ်းပြီးစပါးများ အမိုးအကာအောက်ရောက်ရှိစေရေးနှင့် သီးနှံအရည်အသွေး ကောင်းမွန်ရေးတို့အတွက် စက်မှုလယ်ယာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ရုံး၏ လမ်းညွှန်ကြီးကြပ်မှုဖြင့် လယ်ဝေးမြို့ အမှတ်(၄၇)စက်မှုလယ်ယာစခန်းမှ မြို့နယ်ဦးစီးမှူး ဦးဝင်းသန့်နှင့် ဝန်ထမ်းများသည် စပါးရိတ်သိမ်းခြွေလှေ့စက်နှစ်စီး၊ စပါးခြွေလှေ့စက် ၁၀ လုံးတို့ဖြင့် နေ့စဉ်အင်တိုက်အားတိုက် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

အလားတူပင် ဒက္ခိဏသီရိမြို့နယ် ဧက ၃၀၀၀ တောင်သူပညာပေး စိုက်ကွင်းတွင်လည်း စပါးရိတ်သိမ်းခြွေလှေ့စက် ငါးစီးဖြင့် မိုးစပါးရိတ်သိမ်းခြင်းများကို ကူညီပေးလျက်ရှိကြောင်း သိရသည်။ ယခုကဲ့သို့ ဆောင်ရွက်မှုများနှင့်ပတ်သက်၍ ညောင်တုန်းကျေးရွာမှ တောင်သူ ဦးဆယ်ပြားက "လယ်ယာလုပ်သားရှားပါးနေချိန်မှာ အခုလို စပါးရိတ်သိမ်းခြွေလှေ့စက်ကြီးတွေ၊ စပါးခြွေလှေ့စက်ကြီးတွေနဲ့ တောင်သူတွေရဲ့ အခက်အခဲတွေကို ကူညီဖြေရှင်းပေးလို့ တောင်သူတွေအားလုံးက ကျေးဇူးတင်နေကြပါတယ်"ဟု ပြောပြသည်ကိုလည်း ကြည်နူးဖွယ်ရာ ကြားသိခဲ့ရပါသည်။

**ကိုကိုရှူပ(နေပြည်တော်)**

# သန်းခေါင်စာရင်းကောက်ယူရေးဆိုင်ရာ ဟောပြောပွဲကျင်းပ

**အောင်လံ ဒီဇင်ဘာ ၁၄**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် အောင်လံမြို့နယ် အထွေထွေအုပ်ချုပ်ရေးအစည်းအဝေးခန်းမ၌ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနက ကြီးမှူး၍ ၂၀၁၄ ခုနှစ် ပြည်လုံးကျွတ်သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းဆိုင်ရာ အသိပညာပေးဟောပြောပွဲအခမ်းအနားကို ဒီဇင်ဘာ ၁၁ ရက် နံနက် ၉ နာရီခွဲက ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဆင့်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်သန်းခေါင်စာရင်းကော်မတီအတွင်းရေးမှူး မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဦးစီးမှူး ဦးစောလှမောင်က ပြည်သူများသိသင့်သည့်အဓိကအချက်အလက်များကို ရှင်းလင်းဆွေးနွေးပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်တင်သူဇာလှိုင်က သန်းခေါင်စာရင်းကောက်ယူမှုအကြောင်း အကျယ်တဝင့် ရှင်းလင်းဆွေးနွေးခဲ့သည်။

ဆက်လက်၍ သရက်ခရိုင် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနလက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးဇော်သန်းက ၂၀၁၄ ခုနှစ် ပြည်လုံးကျွတ် သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းနှင့်ပတ်သက်၍ အသေးစိတ်ရှင်းလင်းပြောကြားခဲ့ပြီး တက်ရောက်လာကြသည့်ပြည်သူများက သိလိုသည်များကို မေးမြန်းခဲ့ကြကြောင်း သိရသည်။ **အောင်လံသူ(ပြန်/ဆက်)**

သင့်စီးပွားရေး
အောင်မြင်ဖို့
ကြေးမုံသတင်းစာတွင်
ကြော်ငြာစို့

## ရထားပို့ဆောင်ရေးဝန်ကြီးဌာန
## ကုန်းလမ်းပို့ဆောင်ရေး
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်ခရိုင်အတွင်းရှိ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေးပိုင်၊ ရွှေ့တန်းစခန်း ပုသိမ်(ကန်ကြီးထောင့်)မြေနေရာအနက်မှ အကျယ်အဝန်းပေ(၅၀၀×၂၀၀) ၂. ၂၉၀ ဧကအား သယ်ယူပို့ဆောင်ရေးကဏ္ဍနှင့် ဆက်စပ်သောလုပ်ငန်းများဆောင်ရွက်ရန် နှစ်ရှည်မြေငှားရမ်းလိုပါသဖြင့် ပြည်တွင်းရှိ နိုင်ငံသားလုပ်ငန်းရှင်များသို့ အိတ်ဖွင့်တင်ဒါသွင်းရန် ဖိတ်ခေါ်ပါသည်။

၂။ တင်ဒါသွင်းရမည့်ရက်/အချိန် - ၂၃-၁-၂၀၁၄ (ကြာသပတေးနေ့) နံနက် ၉း၀၀ နာရီမှ မွန်းတည့်၁၂း၀၀ နာရီအထိ
တင်ဒါစိစစ်မည့်နေရာ - ပုသိမ်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
တင်ဒါဖွင့်လှစ်မည့် ရက်/အချိန် - ၂၃-၁-၂၀၁၄ (ကြာသပတေးနေ့) မွန်းတည့် ၁၂း၀၀ နာရီ

၃။ အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို တစ်စုံလျှင် ၁၀၀၀၀ိ/- (ကျပ်တစ်သောင်းတိတိ) နှုန်းဖြင့် ရွှေ့တန်းစခန်း(ကန်ကြီးထောင့်)ရုံးတွင် ၁၈-၁၂-၂၀၁၃ ရက် (ဗုဒ္ဓဟူးနေ့) မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

(ပြန်ကြားရေးဝန်ကြီးဌာန Web Media Portal တွင်လည်း သတင်းဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

## အသုံးမလို၊ ပိုလျှံသည့် စမ်းသပ်ပိတ်၊ စမ်းသပ်ထည် ပိတ်ဖြတ်စ၊ အလေအလွင့်ပစ္စည်းများအားရောင်းချရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ တပ်မတော်ချည်မျှင်နှင့် အထည်စက်ရုံ(မိတ္ထီလာ)၊တပ်မတော်ချည်မျှင်နှင့် အထည်စက်ရုံ(သမိုင်း)၊ တပ်မတော်အထည်ချုပ်စက်ရုံ(မင်္ဂလာဒုံ)နှင့် တပ်မတော်မိုးရေကာဖျင်စက်ရုံ (လှိုင်းတက်)မှ အသုံးမလို၊ ပိုလျှံသည့် စမ်းသပ်ပိတ်၊ စမ်းသပ်ထည်၊ ပိတ်ဖြတ်စနှင့် အလေအလွင့် ပစ္စည်းများအား သက်ဆိုင်ရာစက်ရုံများတွင် မျက်မြင်အခြေအနေအတိုင်း ရောင်းချမည်ဖြစ်ပါသည်။

၂။ သက်ဆိုင်ရာစက်ရုံအလိုက် တင်ဒါလျှောက်လွှာနှင့် စည်းကမ်းချက်ပုံစံများရောင်းချမည့်-
(က) နေ့ရက် - ၁၆-၁၂-၂၀၁၃ရက်မှ၁၈-၁၂-၂၀၁၃ရက်အထိ
(ခ) အချိန် - ၈း၃၀ နာရီမှ ၁၆း၀၀ နာရီထိ
(ဂ) တင်ဒါတစ်စောင်ဈေးနှုန်း - ၅၀၀၀ိ/- (ကျပ်ငါးထောင်တိတိ)

၃။ သက်ဆိုင်ရာစက်ရုံအလိုက်ရောင်းချမည့်ပစ္စည်းများအား သက်ဆိုင်ရာစက်ရုံတွင် ၁၆-၁၂-၂၀၁၃ ရက်မှ ၁၈-၁၂-၂၀၁၃ ရက်ထိ ရုံးချိန်အတွင်းကြည့်ရှုနိုင်ပါသည်။

၄။ သက်ဆိုင်ရာစက်ရုံအလိုက် အိတ်ဖွင့်တင်ဒါတင်သွင်းရမည်ဖြစ်ပြီး အိတ်ဖွင့်တင်ဒါ တင်သွင်းရမည့်ရက်နှင့်အချိန်မှာ ၂၀-၁၂-၂၀၁၃ရက် ၁၀း၀၀ နာရီမှ ၁၁း၀၀ နာရီထိဖြစ်ပါ သည်။

၅။ အိတ်ဖွင့်တင်ဒါဖွင့်မည့်ရက်နှင့်အချိန် - ၂၀-၁၂-၂၀၁၃ရက်၊ ၁၂း၀၀ နာရီ

၆။ တင်ဒါဆိုင်ရာ အသေးစိတ်အချက်အလက်များကို အောက်ဖော်ပြပါအတိုင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။
(က) တပ်မတော်ချည်မျှင်နှင့် အထည်စက်ရုံ(မိတ္ထီလာ) - ၀၆၄ ၂၃၄၃၅
(ခ) တပ်မတော်ချည်မျှင်နှင့်အထည်စက်ရုံ(သမိုင်း) - ၀၁ ၅၁၉၉၀၄
(ဂ) တပ်မတော်အထည်ချုပ်စက်ရုံ(မင်္ဂလာဒုံ) - ၀၁ ၆၃၅၁၁၀
(ဃ) တပ်မတော်မိုးရေကာဖျင်စက်ရုံ(လှိုင်းတက်) - ၀၉၃၉၁၀၁၁၀၉

## မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန
## ငါးလုပ်ငန်းဦးစီးဌာန
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာနမှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွင်း ငွေလုံးငွေရင်း (စက်ပစ္စည်း) ဖြည့်စွက်ခွင့်ပြုရန်ပုံငွေမှ အောက်ဖော်ပြပါ ရုံးသုံးစက်ပစ္စည်းကိရိယာများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါ၍ အိတ်ဖွင့်တင်ဒါများ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|
| (1) | Desktop PC | 5 Nos |
| (2) | Cannon P-215 Scanner | 5 Nos |
| (3) | Cannon LBP 6000 Printer | 5 Nos |
| (4) | Cannon iR 2520 Multi Copier | 3 Nos |
| (5) | External Hard Disk | 2 Nos |
| (6) | Cat-6 UTP Cable | 1 No |
| (7) | UPS 5 Nos | |
| (8) | Wireless Adapter | 5 Nos |
| (9) | Wireless Router | 2 Nos |
| (10) | Furniture Computer Table/Chair | 5 Nos |

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၁၆-၁၂-၂၀၁၃ ရက်မှ ၂၀-၁၂-၂၀၁၃ ရက်အထိ ရုံးချိန်အတွင်း ငါးလုပ်ငန်းဦးစီးဌာန၊ ရုံးအမှတ်(၃၆)၊ နေပြည်တော်တွင် ဝယ်ယူနိုင်ပါသည်။

၃။ အသေးစိတ်အချက်အလက်များကိုသိရှိလိုပါက ပစ္စည်းဝယ်ယူရေးအဖွဲ့၊ ငါးလုပ်ငန်းဦးစီးဌာန၊ ရုံးအမှတ်(၃၆) နေပြည်တော်၊ ဖုန်း-၀၆၇-၄၁၈၅၃၅၊ ၀၆၇- ၄၁၈၅၃၇ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။ **ပစ္စည်းဝယ်ယူရေးအဖွဲ့**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

(၁) လုပ်ငန်းအမည် - အလုပ်ရုံနှင့် အလုပ်သမားဥပဒေ စစ်ဆေးရေးဦးစီးဌာန (သီလဝါအထူးစီးပွားရေးဇုန်ရုံး) ရုံးသစ်ဆောက်လုပ်ခြင်းလုပ်ငန်း
(၂) ဆောင်ရွက်ရမည့်နေရာ - ကျောက်တန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် မြိုင်သာယာ၊ မြေကွက်အမှတ်(၄၉၂/၁)
(၃) ဆောင်ရွက်မည့်လုပ်ငန်း အမျိုးအစား - အလျားပေ(၂၈)၊ အနံပေ(၃၀)၊ အမြင့်ပေ(၂၃)ရှိ (RC) နှစ်ထပ်
(၄) တင်ဒါတင်သွင်းမည့်ဈေးနှုန်း - သီလဝါ အထူးစီးပွားရေးဇုန်ရုံးတည်ဆောက်ခြင်း ပေ ၆၀×ပေ ၆၀ အကျယ်အဝန်းရှိ မြေကွက်တွင် အနံပေ ၂၈×အလျား ပေ ၃၀၊ အမြင့် ပေ ၂၃၊ (RC) (၂) ထပ်၊ သွပ်မိုး၊ အောက်ထပ်ကွန်ကရစ်ခင်း ရေ၊ မီး၊ မိလ္လာပါဝင်သည်။ ခြံစည်းရိုးကာရံခြင်း အပါအဝင် စုစုပေါင်းကုန်ကျမည့်ငွေကို အသေးစိတ်တွက်ချက်ဖော်ပြရမည်။
(၅) အပြီးသတ်ဆောင်ရွက်ပေးရမည့်ရက် - ၂၀၁၄ ခုနှစ် မတ်လ (၂၀) ရက်
(၆) အိတ်ဖွင့်တင်ဒါအဆိုပြုလွှာများအား ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ ၂၃ ရက် (တနင်္လာနေ့) ညနေ ၄း၃၀ နာရီ နောက်ဆုံးထား၍ အလုပ်ရုံနှင့် အလုပ်သမား ဥပဒေစစ်ဆေးရေးဦးစီးဌာန၊ တိုင်းဒေသကြီးရုံး၊ မရမ်းကုန်းမြို့နယ်၊ မဟာစည်မှတ်တိုင်အနီး၊ ပြည်လမ်းသို့ ပေးပို့ရန် တင်ဒါခေါ်ယူ အပ်ပါသည်။
(၇) အသေးစိတ်သိလိုသောအချက်များကို အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန၊ အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန၊ တိုင်းဒေသကြီးရုံး၊ မရမ်းကုန်းမြို့နယ်၊ မဟာစည်မှတ်တိုင်အနီး၊ ပြည်လမ်းသို့ လူကိုယ်တိုင်သော်လည်းကောင်း၊ ဖုန်း ၆၅၀၉၁၅၊ ၆၅၀၂၉၅ သို့လည်းကောင်း ရုံးချိန်အတွင်း ဆက်သွယ်ရန် ကြော်ငြာအပ်ပါသည်။

**လုပ်ငန်းတင်ဒါကြီးကြပ်ရေးအဖွဲ့**






# (၈၄)ကြိမ်မြောက် ဖြူစင်သန့်ရှင်းသော ပင်မစတုဒိသာ အလှူရှင်များ၏ သစ္စာဓိဋ္ဌာန် အလှူတော်မင်္ဂလာ

ကမ္ဘာသူ ကမ္ဘာသား၊ နိုင်ငံသူ နိုင်ငံသားတို့ ရာသီဥတုဘေးဒဏ်၊ ကပ်ကြီးသုံးပါးသဘာဝဘေးအန္တရာယ်နှင့် ဥပစ္စေဒကကံတို့မှ ကင်းဝေးစေရန် ရည်သန်၍ ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့ ဒေဝဒဟာသဗ္ဗသိဒ္ဓိလောကနတ်၊ ပရဟိတနတ်စင်တစ်ရာကျောင်း အထူးသာသနာပြုဆရာတော် ဘဒ္ဒန္တပညာတေဇနှင့် ဖြူစင်သန့်ရှင်းသော စတုဒိသာ ပင်မအလှူရှင်များက ပဲခူးတိုင်းဒေသကြီး၊ ပြည်မြို့ ရတနာသီရိမဟာဘုရားကြီးစေတီတွင် (၈၄)ကြိမ်မြောက် စတုဒိသာအလှူကို ၁၃၇၅ခုနှစ်၊ နတ်တော်လပြည့်ကျော်၁၁ရက်၊ ၂၈-၁၂-၂၀၁၃ရက် (စနေနေ့) နံနက် ၉ နာရီမှ မွန်းလွဲ၂ နာရီအထိ စတုဒိသာထမင်းနှင့် ဟင်းများကို ဆေးအလှူတော်အဖြစ် မည်သူမဆို လာရောက်စားသုံးနိုင်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

နံနက် ၇ နာရီတွင် သံဃာတော်အပါး (၁၀၀)အား မြတ်သက်န်း၊ ထောပတ်ဆွမ်းနှင့် ဒါတဗ္ဗဝတ္ထုတို့ကို လောင်းလှူပါမည်။ နံနက် ၉ နာရီတွင် နိုင်ငံတော်သံဃနာယက ဆရာတော်ကြီးတို့မှ ရေစက်ချအနုမောဒနာတရားတော်များ ဟောကြားတော်မူမည်ဖြစ်ပါသည်။ နံနက် ၁၁ နာရီတွင် နိုင်ငံတော် သံဃနာယက ဆရာတော်ကြီးများအား နေ့ဆွမ်းကပ်လှူပါမည်။

စတုဒိသာပင်မအလှူရှင်များ ပြည်ဝင်မည်ဖြစ်ပါ၍ စတုဒိသာ အလှူရှင်ဒါယကာ၊ ဒါယိကာမများနှင့် (၇)ရက်သားသမီးများ မဖြစ်မနေ လာရောက်ကြည်ညိုသဒ္ဓါပွားနိုင်ကြရန် ဖိတ်ကြားအပ်ပါသည်။

လှူသူချမ်းသာ၊ စားသူကျန်းမာ၊ လှူသူကျန်းမာ၊ စားသူချမ်းသာစေဖို့။

**ဆက်သွယ်နိုင်ရန်-**

**ဆရာတော်ဘဒ္ဒန္တပညာတေဇ- ဖုန်း- ၀၉-၄၂၁၀၆၅၇၇၇**
**ဒေါက်တာဇော်ဇော်မြင့်- ဖုန်း- ၀၉-၅၁၁၆၁၆၁**
**ဒေါ်မိုးမိုးအေး- ဖုန်း- ၀၉-၅၁၀၃၈၆၀**

**နတ်စင်တစ်ရာစတုဒိသာ**
**ဒါယကာ၊ဒါယိကာမများ**

**ပျောက်ဆုံးကြောင်း**

ကျွန်တော်ဦးဗိုလ်ဗိုလ်ကျော်[၇/ပခန(နိုင်)၂၂၃၆၈၄] (CDC-69569)၏ သင်္ဘောသားဆိုင်ရာ ကျွမ်းကျင်မှုလက်မှတ်များဖြစ်သော[PSC & RB, MFA, TF, BST, SSO နှင့် AFF]လက်မှတ်များပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဆက်သွယ်ရန်- ဖုန်း- ၀၉-၂၅၄၀၈၈၄၈၅**

# ရန်ကုန်စီးပွားရေးတက္ကသိုလ် ၁၉၈၀ ကျောင်းဆင်းသူငယ်ချင်းတို့ရေ

ဒုတိယအကြိမ်မိတ်ဆုံစားပွဲကို အောက်ပါအစီအစဉ်အတိုင်းကျင်းပသွားမယ်။ လိပ်စာမှတ်တမ်းစာအုပ်အမှတ်(၂)ကို ထပ်ရိုက်ဖို့နဲ့ အမှားပြင်ဆင်ဖို့အတွက် အားလုံး ဓာတ်ပုံ(၁)ပုံ၊ မေဂျာ၊ အဆောင်၊ အလုပ်အကိုင်၊ ဆက်သွယ်ရန်လိပ်စာ၊ ဖုန်းနံပါတ်တွေကို တစ်ယောက်ကို စာအိတ်တစ်အိတ်စီထည့်ပြီး ယူလာကြပါ။ မလာနိုင်သူတွေကတော့ ပို့ပေးကြပါ။

| | |
|---|---|
| မိတ်ဆုံစားပွဲကျင်းပမည့်ရက်နှင့်အချိန် | - ၂၈-၁၂-၂၀၁၃ ရက် (စနေနေ့) ညနေ ၆ နာရီ |
| မိတ်ဆုံစားပွဲကျင်းပမည့်နေရာ | - M.3 Food Centre၊ ဗဟန်းအားကစားကွင်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။ (မိတ်ဆုံစားပွဲအတွက် လက်မှတ်မရောင်းပါ။ F.O.C ကျွေးပါမည်။) |

၂၉-၁၂-၂၀၁၃ရက် နံနက် ၈း၀၀ နာရီအရောက် စီးပွားရေးတက္ကသိုလ်မြက်ခင်းပြင်ရှိ ၁၉၈၀ စတုဒိသာ မဏ္ဍပ်မှာ ဆုံကြမယ်။ စီးပွားရေးတက္ကသိုလ် ဆရာကန်တော့ပွဲကို စုပေါင်းကန်တော့ကြမယ်။ စတုဒိသာကျွေးကြမယ်။

| | |
|---|---|
| **ဆရာကန်တော့ပွဲအလှူငွေထည့်ရန်-** | **မြေနီကုန်း(ကမ္ဘောဇဘဏ်)စာရင်းအမှတ်- ၀၂၉-၁၁၂၀၀၀၃၆၄၂** |
| **ဆက်သွယ်ရန်** | **- ကိုစိန်မောင်- ၀၉-၄၃၀၈၅၈၅၉၊ ကိုတင်သိန်း(တောင်ကြီး)- ၀၉-၈၃၅၀၈၇၀၊ ကိုကြင်ဝိန်- ၀၉-၅၀၀၈၂၂၃၊ ကိုမြင့်အောင် (နေပြည်တော်) -၀၉-၅၀၅၃၉၀၀၊ အေးအေးခိုင်- ၀၉-၄၃၀၄၉၇၈၀၊ ကိုသိန်းထွန်း-၀၉-၂၅၅၈၀၀၂၈၀၊ ယဉ်ယဉ်ထွေး(မန္တလေး)-၀၉-၂၀၂၂၈၀၅၊ ကိုခင်မောင်သန်း (မန္တလေး)- ၀၉-၄၃၁၀၀၉၈၉၊ ကိုစိုးလွင် (ဘားအံ)- ၀၉-၄၉၇၇၀၉၆၅၊ ကိုမျိုးသန့်(မုံရွာ)- ၀၉-၂၁၃၁၅၅၃** |

## အထက(၁)တာမွေ (၁၉၇၂-၇၃ ဝန်းကျင်) တပည့်ဟောင်းများ၏ (၁၉)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲ ဖိတ်ကြားလွှာ (၂၅-၁၂-၂၀၁၃) ပင်လုံခန်းမ

**မွန်းတည့်(၁၂း၀၀)နာရီ**

လူ့ဘဝသက်တမ်းသည် တို၏။ . . . ထို့ထက်ကျန်ရှိနေသော လူ့ဘဝသက်တမ်းသည် ပို၍ပို၍ တိုတောင်းလှချေ၏။ တိုတောင်းလှတဲ့ ဘဝသက်တမ်းလေးထဲမှာ ဆရာ-ဆရာမတွေနဲ့ တပည့်တွေ တစ်စုတစ်ဝေးတည်း တွေ့ရ၊ ဆုံရ၊ ပြုံးပျော်တမ်းတ၊ လွမ်းစရာ နေ့ကလေး တစ်နှစ်တစ်ခါ တစ်ရက်သာ ကြုံရတာမို့ . . . ကျေးဇူးရှင် ဆရာကြီး/ဆရာမကြီးများ တက်ရောက်ချီးမြှင့်ပေးပါရန်နှင့် ကြုံတောင့်ကြုံခဲ အခွင့်အခါလေးမှာ အားလုံးဆုံတွေ့ဖို့ တာမွေ(၁)အပေါင်းအသင်းအားလုံးကိုလည်း ဖိတ်ကြားလိုက်ပါရစေ. . .။ ။

**ပစ္စည်းနှင့် ငွေလှူဒါန်းမယ်ဆိုရင်-**

ဦးမောင်မောင်တီ(သင်္ချာ) ၀၉-၅၁၈၆၆၃၇၊ ဒေါက်တာတင်စံဦး ၀၉-၇၃၁၇၉၂၄၇၊ ဒေါက်တာသန်းသန်းစိုး ၀၉-၅၁၉၄၈၄၉၊ ဒေါ်အေးအေးသန်း-၅၄၂၂၃၈၊ ဒေါ်နီနီမြင့် ၅၄၂၄၀၁၊ ဒေါ်ခင်အေးမြင့် ၂၅၄၁၀၈၊ ဒေါ်သီသီဆွေ ၀၉-၄၂၁၀၆၇၇၀၂၊ ဒေါ်ကျင်ကျင်စန်း ၅၄၅၈၆၆၊ ဒေါ်တင်တင်ထွေး(ထ-၁၊ တာမွေ) ၀၉-၅၀၈၉၄၁၇ တို့ထံ ဆက်သွယ်နိုင်ပါတယ်. . .။ ။

Htay Services Agency Co.,Ltd

Htay Services Agency Co.,Ltd

**မီးသတိပြု**




"No.1 Millionaire Mind"

No.1 Millionaire Mind

No.1 Millionaire Mind



# (၁၀)နှစ်ပြည့်အလွမ်း
## နိုင်မောင်စိန်(သံလှယ်)
**B.A, B.L အသက်(၇၇)နှစ်**

ကျေးဇူးရှင် ဖေဖေ. . . . ချစ်တဲ့မိသားစုနဲ့ ခင်မင်သံယောဇဉ်ရှိသူတွေကို ခွဲခွာသွားတာ ဒီဇင်ဘာ ၁၅ ရက်နေ့မှာ (၁၀)နှစ်ပြည့်ခဲ့ပါပြီ။ ခဏတာလေးလိုပါပဲ။ လွမ်းဆွတ်နေတဲ့မိသားစုတွေ နေ့စဉ်ပြုသမျှကုသိုလ် အားလုံးကို ရောက်ရာဘုံဘဝမှ သာဓုခေါ်ဆိုနိုင်ပါစေ. . .

**ဇနီး** - **ဒေါ်ခင်ခင်သွယ်**
**သားသမီးများ** - **မင်းတလညာဏ်-ထွေးထွေးကြည်**
**မင်းတလထော-ခင်သက်မော်**
**မင်းတလဖေ့၊ (မင်းတလမနွေ့)၊ မင်းတလပါရမီ၊ မိကေထော**
**မြေးများ** - **မိစန္ဒီမင်းညာဏ်၊ မိခတ္တာမင်းညာဏ်၊ မင်းပြည့်ဖြိုးညာဏ်၊**
- **မိဆုရတနာမင်းထော၊ မင်းတလစွန်းထော၊ မိသီရိရတနာမင်းထော**

# အထူးဝမ်းနည်းကြေကွဲခြင်း
## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## အဂ္ဂမဟာသီရိသုဓမ္မသီင်္ဂီဒေါ်ခင်နွဲ့ရီ(ရွှေပုစွန်မိခင်ကြီး)
**အသက်(၈၉)နှစ်**

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ သံလွင်လမ်း၊ အမှတ်(၁၁၉)နေ ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး အဂ္ဂမဟာသီရိသုဓမ္မသီင်္ဂီ ဒေါ်ခင်နွဲ့ရီ(ရွှေပုစွန်)မိခင်ကြီးသည် ၈-၁၂-၂၀၁၃ ရက် နံနက် ၄ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**MOBILEKING TRADING CO.,LTD. မိသားစု**

## ဝမ်းနည်းကြေကွဲခြင်း

E-Trade Myanmar ကုမ္ပဏီမှ Director ဦးထင်ကျော်ညို၏ ဖခင်ကြီး ဦးတင်မောင်ဝင်းသည် ၁၃-၁၂-၂၀၁၃(သောကြာနေ့)တွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**E-Trade Myanmar မှ**
**BOD နှင့်ဝန်ထမ်းများ**

## အထူးဝမ်းနည်းကြေကွဲခြင်း

အင်ဂျင်နီယာမှူးကြီး ဦးတင့်လွင်နှင့်ဇနီး ဒေါ်ပွင့်မာခိုင်တို့၏ ကျေးဇူးရှင်မိခင်ကြီး ဒေါ်ခင်နွဲ့ရီ(ရွှေပုစွန်) အသက်(၈၉)နှစ်သည် ၈-၁၂-၂၀၁၃ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

**စိန်ဂွန်းကျောင်းသားဟောင်းများ**
**(1955-73)**

# အထူးဝမ်းနည်းကြေကွဲခြင်း
## အဂ္ဂမဟာသီရိသုဓမ္မသီင်္ဂီဒေါ်ခင်နွဲ့ရီ(ရွှေပုစွန်မိခင်ကြီး)

မြန်မာနိုင်ငံနယ်စပ်ဒေသဖွံ့ဖြိုးရေးအသင်းကို အားပေးချီးမြှင့်သည့် ရွှေပုစွန်မိသားစု၏ ကျေးဇူးရှင်မိခင်ကြီး အဂ္ဂမဟာသီရိသုဓမ္မသီင်္ဂီ ဒေါ်ခင်နွဲ့ရီသည် ၈-၁၂-၂၀၁၃ ရက်တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်အတူ အထူးပင်ဝမ်းနည်းကြေကွဲရပါသည်။

**အမှုဆောင်အဖွဲ့**
**မြန်မာနိုင်ငံနယ်စပ်ဒေသဖွံ့ဖြိုးရေးအသင်း**

## ဝမ်းနည်းကြေကွဲခြင်း
**ဒေါ်ဘေဘီ(မြင်းခြံ)**
**အသက်(၈၄)နှစ်**

မြန်မာနိုင်ငံလက်ဝှေ့အဖွဲ့ချုပ် ဒု-ဥက္ကဋ္ဌ၊ (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကျင်းပရေးဗဟိုကော်မတီဝင် ဦးကျော်ကျော်စိုး၏မိခင် ဒေါ်ဘေဘီ အသက်(၈၄)နှစ်သည် ၉-၁၂-၂၀၁၃ ရက် နံနက် ၈း၄၅ နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာနိုင်ငံလက်ဝှေ့အဖွဲ့ချုပ် (၂၇)ကြိမ်မြောက်**
**အရှေ့တောင်အာရှလက်ဝှေ့ပြိုင်ပွဲကျင်းပရေး Local Orgamizing ကော်မတီ**

## ဝမ်းနည်းကြေကွဲခြင်း
**ဒေါ်ဘေဘီ(မြင်းခြံ)**
**အသက်(၈၄)နှစ်**

**System Engineering** ကုမ္ပဏီမန်နေးဂျင်းဒါရိုက်တာ ဦးကျော်ကျော်စိုး၏မိခင် ဒေါ်ဘေဘီ အသက်(၈၄)နှစ်သည် ၉-၁၂-၂၀၁၃ ရက် နံနက် ၈း၄၅ နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**SEC ကုမ္ပဏီဝန်ထမ်းများ**

## ဝမ်းနည်းကြေကွဲခြင်း
**ဒေါ်ဘေဘီ(မြင်းခြံ)**
**အသက်(၈၄)နှစ်**

**System Engineering** ကုမ္ပဏီမန်နေးဂျင်းဒါရိုက်တာ ဦးကျော်ကျော်စိုး၏မိခင် ဒေါ်ဘေဘီ အသက်(၈၄)နှစ်သည် ၉-၁၂-၂၀၁၃ ရက် နံနက် ၈း၄၅ နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**GTI ကျောင်းသား၊ ကျောင်းသူဟောင်းများ**

## ပြင်ဆင်ဖတ်ရှုပါရန်

၁၃-၁၂-၂၀၁၃ ရက် ကြေးမုံသတင်းစာ၊ စာမျက်နှာ(၂၂)ပါ ဝမ်းနည်းကြေကွဲခြင်း ရဲတပ်ကြပ်မြင့်စိုး လ-၁၇၂၇၇၇ အသက်(၅၂)နှစ် မှူးယစ်တပ်ဖွဲ့စု(၁၈)မန္တလေးကြော်ငြာတွင် ၉-၁၂-၂၀၁၃ ရက်ကွယ်လွန်ဟု ပြင်ဆင်ဖတ်ရှုပါရန်။

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ကန် ဒါယကာကြီး**
## ဦးတင်မောင်ဝင်း (၇၂)နှစ်
**(မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်၊ ဒုတိယဥက္ကဋ္ဌ)**
**(မိုးကုတ်)**

ရန်ကုန်မြို့နေ (ဦးအောင်ကျော်-ဒေါ်စိန်စိန်)တို့၏ သားကြီး၊ မိုးကုတ်မြို့နေ (ဦးကြင်ဖ-ဒေါ်အေး)တို့၏သားသမက်၊ ရန်ကုန်မြို့နေ ဦးကျော်စိန်-ဒေါ်မြင့်မြင့်ရီ တို့၏မောင်၊ ဦးအောင်မြင့်-ဒေါ်မြင့်မြင့်ကြည်၊ ဦးတင်မောင်အေး-ဒေါ်ဆွေဆွေ၊ ဦးကံညွန့်-ဒေါ်နွယ်နွယ်အောင်ကျော်၊ ဦးဇော်ဝင်း-ဒေါ်မြမြဝင်း၊ ဒေါ်စုစုအောင်ကျော်တို့၏အစ်ကိုကြီး၊ ဒေါ်မြတ်ညို၏ ချစ်လှစွာသော ခင်ပွန်း ဦးတင်မောင်ဝင်းသည် ၁၃-၁၂-၂၀၁၃(သောကြာနေ့) ဗန်ကောက်ဒေသစံတော်ချိန် မွန်းလွဲ ၁ နာရီတွင် ဗန်ကောက်မြို့ Bumrungrad ဆေးရုံကြီး၌ကွယ်လွန်သွားပါသဖြင့် ၁၅-၁၂-၂၀၁၃ (တနင်္ဂနွေနေ့) ညနေ ၄ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ [ကွယ်လွန်သူအား ရည်စူး၍ ၁၉-၁၂-၂၀၁၃(ကြာသပတေးနေ့) နံနက် ၈ နာရီမှ ၁၀ နာရီအထိ အမှတ်(၈)၊ ရတနာမွန်(၃)လမ်းနှင့် အေးရိပ်မွန် (၃)လမ်းထောင့်၊ လှိုင်(၄)ရပ်ကွက်၊ အေးရိပ်မွန် အိမ်ရာနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**
## ဦးတင်မောင်ဝင်း (၇၂)နှစ်
**(မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်၊ ဒုတိယဥက္ကဋ္ဌ)**
**(မိုးကုတ်)**

(ဦးအောင်ကျော်-ဒေါ်စိန်စိန်)တို့၏ သားကြီး၊ မိုးကုတ်မြို့နေ (ဦးကြင်ဖ-ဒေါ်အေး)တို့၏ သားသမက်၊ ဦးမောင်မောင်ကြင်၏အစ်ကို၊ ဒေါ်မြတ်ညို၏ခင်ပွန်း၊ ဦးကောင်းထက်ဦး-ဒေါ်မြတ်ကြည်ဖြူဝင်း၊ ဦးသန့်ဇင်-ဒေါ်မေသက်ထား၊ ဦးထင်ကျော်ညို-ဒေါ်အင်ကြင်းဖြူ ဦးဇေယျာထွန်း-မမေနွယ်မောင်မောင်၊ ဦးဝင်းထက်မောင်မောင်-မစုမြင့်ထွေးတို့၏ ကျေးဇူးရှင်ဖခင်ကြီး၊ မောင်ကောင်းပြည့်စုံ၊ မောင်ကောင်းမြတ်သူ၊ မောင်ကျော်ဇင်သီဟ၊ မခန့်စုသာ၊ မသန့်သီရိထင်တို့၏ ဘိုးဘိုး ဦးတင်မောင်ဝင်းသည် ၁၃-၁၂-၂၀၁၃(သောကြာနေ့) ဗန်ကောက်စံတော်ချိန် မွန်းလွဲ ၁ နာရီတွင် ဗန်ကောက်မြို့ Bumrungrad ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၅-၁၂-၂၀၁၃ (တနင်္ဂနွေနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်မည် ဖြစ်ပါသည်။

ကျန်ရစ်သူမိသားစု

**ခရစ်တော်၌အိပ်ပျော်ခြင်း**
## ဒေါ်ညိုညို(Ellen) (၈၂)နှစ်
**(ကုန်သွယ်ရေး-ငြိမ်း)**

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ပိန္နဲကုန်း ရပ်ကွက်၊ သီရိလမ်း၊ အမှတ်(၆၆၉)နေ (ဦးဘိုးအောင်-ဒေါ်ပန်းရင်)တို့၏သမီး၊ ဦးအောင်မိုးဦး (Chief officer JSM Shipping Co., Ltd.)-ဒေါ်ငြိမ်းငြိမ်း ဆွေ၊ ဗိုလ်မှူးအောင်မိုးထူး(ငြိမ်း) (မန်နေဂျာ၊ မြဝတီဘဏ်လီမိတက်)-ဒေါ်သီဂီခိုင် (အထက-ခွဲ၊ အလက-၇၊ အင်းစိန်)၊ ဦးအောင်မိုးထွေး (Myanmar Ganad Advertising Co., Ltd.)-ဒေါ်အေးမြတ်ထွန်း၊ ဗိုလ်ကြီးအောင်မိုးကျော်(ငြိမ်း)(မန်နေဂျာ၊ မြန်မာ့မီးရထား)-ဒေါ်စန္ဒာစိုး၊ (ဦးအောင်မိုးနိုင်)-ဒေါ်စန်းစန်းထွေး(USA)၊ ဦးအောင်နန္ဒထွန်း-ဒေါ်မိုးမိုးထွေး (A&M Education Services) တို့၏ မွေးသမိခင် ကျေးဇူးရှင်၊ မြေး ၁၈ ယောက်တို့၏ အဘွား၊ ဦးစောချစ်စိန်(ဗဟိုကော်မတီဝင်၊ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးပါတီ)၏ ချစ်လှစွာသော ဇနီးသည် ၁၃-၁၂-၂၀၁၃ (သောကြာနေ့) မွန်းတည့် ၁၂ နာရီတွင် သီရိစန္ဒာဆေးရုံ(အင်းစိန်)၌ ခရစ်တော်တွင် အိပ်ပျော်သွားပါသဖြင့် ၁၅-၁၂-၂၀၁၃(တနင်္ဂနွေနေ့) နံနက် ၁၁ နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံ ဥယျာဉ်တော်ရှိ ခရစ်ယာန်ဂိုဏ်းပေါင်းစုံ ဘုရားကျောင်း၌ ဝတ်ပြုဆုတောင်းပြီး ဂူသွင်းသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉း၃၀ နာရီတွင်ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

**ခရစ်တော်၌အိပ်ပျော်ခြင်း**
## ဒေါ်ညိုညို(Ellen) (၈၂)နှစ်
**(ကုန်သွယ်ရေး-ငြိမ်း)**

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ပိန္နဲကုန်း ရပ်ကွက်၊ သီရိလမ်း၊ အမှတ်(၆၆၉)နေ (ဦးဘိုးအောင်-ဒေါ်ပန်းရင်)တို့၏သမီး၊ **Dr.** ရောဘတ်မြဖေ-[ဒေါ်အက်စတာ (USA)]၊ [ဦးဒွန်း-ဒေါ်အယ်ဆီဒွန်း (USA)]၊ဦးဖြိုးစိန်-[ဒေါ်ခင်အေး (USA)]၊ (မန်းဖူးစံ-နန့်လေလီ)တို့၏ ညီမ၊ ဦးစောချစ်စိန်(ဗဟိုကော်မတီဝင်၊ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးပါတီ)၏ ချစ်လှစွာသောဇနီး ဒေါ်ညိုညိုသည် ၁၃-၁၂-၂၀၁၃(သောကြာနေ့) မွန်းတည့် ၁၂ နာရီတွင် သီရိစန္ဒာဆေးရုံ (အင်းစိန်)၌ ခရစ်တော်တွင် အိပ်ပျော်သွားပါသဖြင့် ၁၅-၁၂-၂၀၁၃(တနင်္ဂနွေနေ့) နံနက် ၁၁ နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံ ဥယျာဉ်တော်ရှိ ခရစ်ယာန်ဂိုဏ်းပေါင်းစုံ ဘုရားကျောင်း၌ ဝတ်ပြုဆုတောင်းပြီး ဂူသွင်းသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉း၃၀ နာရီထွက်ပါမည်။) ကျန်ရစ်သူမိသားစု

**ကျောင်းကုန်းမြို့နယ်အသင်း(ရန်ကုန်)**
## ဒေါ်သန်းရှင် (၁၀၄)နှစ်
**(သက်ကြီးပူဇော်ခံ)**

ဧရာဝတီတိုင်းဒေသကြီး၊ ကျောင်းကုန်းမြို့၊ အမှတ်(၁)ရပ်ကွက်၊ ရတနာပုံလမ်းနေ ရာသက်ပန်အသင်းဝင်သား၊ သမီးများဖြစ်ကြသော ဆရာဦးမြသိန်း-ဆရာမဒေါ်တင်ရီ၊ ဒေါ်လှမြင့်၊ ဦးဆန်းထွန်း၊ ဦးအောင်ဝင်းတို့၏မိခင်၊ မြေး ၁၆ ယောက်၊ မြစ် ၂၀ယောက်တို့၏ အဘွားသည် ၁၃-၁၂-၂၀၁၃ ရက် မွန်းလွဲ ၂း၃၀ နာရီတွင် နေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၁၅-၁၂-၂၀၁၃ (တနင်္ဂနွေနေ့) မွန်းတည့် ၁၂ နာရီတွင် ကျောင်းကုန်းမြို့ ဂြိုဟ်ကုန်းသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါ၍ အသင်းသူအသင်းသားများ လိုက်ပါပို့ဆောင်ကြပါရန် အကြောင်းကြားအပ်ပါသည်။

အမှုဆောင်အဖွဲ့

## ဦးဘုန်းမြင့် (M.A,B.L)
**အသက်(၉၀)**
**သမိုင်းကထိက(ငြိမ်း)**
**ကျောက်ဖြူကောလိပ်**
**ဗဟိုတရားရုံးချုပ်ရှေ့နေ**

ရန်ကုန်မြို့နေ ဦးဘအုန်း-ဒေါ်အေးခင်တို့၏ သား၊ လသာမြို့နယ်၊ (၂၃)လမ်း၊ အမှတ်(၁၁၆) နေ ဒေါ်ကြင်မြ၏ ခင်ပွန်း၊ ဒေါ်တိုးတိုးမြင့် (Best Pre School & Nursery)၊ ဦးမျိုးမြင့်-ဒေါ်ခင်အေးမြင့်၊ ဦးမိုးမြင့်-ဒေါ်အေးအေးသီ၊ ဦးစိန်ဝင်း-ဒေါ်ပိုးပိုးမြင့်၊ ဦးစိုးရဘုန်းမြင့်-ဒေါ်လှလှဝင်း၊ ဦးသူရိန်ဘုန်းမြင့်-ဒေါ်တင်မိုးလတ်၊ ဦးဇင်ဘို-ဒေါ်ခင်မိုးသူ၊ ဦးသိဒ္ဓိ-ဒေါ်ထူးထူးမြင့်တို့၏ဖခင်၊ မြေး ၁၄ ယောက်တို့၏အဘိုးသည် ၁၀-၁၂-၂၀၁၃ (အင်္ဂါနေ့) ညနေ ၄ နာရီတွင် ရန်ကုန်အထွေထွေရောဂါကုဆေးရုံသစ်ကြီး အထူးကြပ်မတ်ကုသဆောင် (ICU) ၌ ကွယ်လွန်သွားပါသဖြင့် ၁၂-၁၂-၂၀၁၃ (ကြာသပတေးနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (မကွယ်လွန်မီနှင့် ကွယ်လွန်ပြီးချိန်အထိ အဘက်ဘက်မှ ကူညီပံ့ပိုးပေးသော ဆွေမျိုးမိတ်သင်္ဂဟများ၊ နာမကျန်းစဉ် ကုသပေးသော ဆရာဝန်၊ ဆရာမများနှင့် နောက်ဆုံးအချိန်အထိ အထူး ကြိုးစားကုသပေးခဲ့ကြသော အထွေထွေရောဂါကုဆေးရုံသစ်ကြီး၊ အထူးကြပ်မတ်ဆောင်မှ ဆရာဝန်ကြီးနှင့်တကွ ဆရာဝန်၊ ဆရာမများအား အထူး ကျေးဇူးတင်ရှိပါကြောင်း။)

ကျန်ရစ်သူမိသားစု

# ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး အဂ္ဂမဟာသီရိသုဓမ္မသီင်္ဂီဒေါ်ခင်နွဲ့ရီ(ရွှေပုစွန်မိခင်ကြီး) အသက်(၈၉)နှစ်သည် ၈-၁၂-၂၀၁၃(တနင်္ဂနွေနေ့) နံနက် ၄ နာရီတွင် နေအိမ်၌ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဦးထင်အောင်ကျော်-ဒေါ်အေးညွန့်ရွှေ(မိသားစု)**
**ဥက္ကဋ္ဌ**
**တနင်္သာရီတိုင်းဒေသကြီးလွှတ်တော်**

## အထူးဝမ်းနည်းကြေကွဲခြင်း
**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
## အဂ္ဂမဟာသီရိသုဓမ္မသီင်္ဂီဒေါ်ခင်နွဲ့ရီ(ရွှေပုစွန်မိခင်ကြီး)
**အသက်(၈၉)နှစ်**

ဒေါက်တာတင့်စိုးလင်း(Managing Director) (Pwint Gaung and Khin Nwe Ye Co., Ltd. & Shwe Pu Zun Co., Ltd.)၊ ဦးတင့်လွင်(အင်ဂျင်နီယာမှူးကြီး-ပဆင)-ဒေါ်ပွင့်မာခိုင်တို့၏ ကျေးဇူးရှင်မိခင်ကြီး ဒေါ်ခင်နွဲ့ရီ(အဂ္ဂမဟာသီရိသုဓမ္မသီင်္ဂီ)(ရွှေပုစွန်မိခင်ကြီး) အသက်(၈၉)နှစ်သည် ၈-၁၂-၂၀၁၃ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးတင်လတ်-ဒေါ်မာလာမြင့်**
**ငွေကျားတိုက်အလှဆင်မီးပန်းဆိုင်းနှင့်လျှပ်စစ်ပစ္စည်း**
**အမျိုးမျိုးရောင်းဝယ်ရေး**
**Silver Tiger Co., Ltd.**

# ဝမ်းနည်းကြေကွဲခြင်း
## အဂ္ဂမဟာသီရိသုဓမ္မသီင်္ဂီဒေါ်ခင်နွဲ့ရီ(ရွှေပုစွန်မိခင်ကြီး)
**အသက်(၈၉)နှစ်**

ဒေါက်တာတင့်စိုးလင်း(Managing Director) Pwint Gaung and Khin Nwe Ye Co.,Ltd. & Shwe Pu Zun Co.,Ltd.၏ ကျေးဇူးရှင်မိခင်ကြီး ဒေါ်ခင်နွဲ့ရီ(ရွှေပုစွန်မိခင်ကြီး) အသက်(၈၉)နှစ်သည် ၈-၁၂-၂၀၁၃ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**မြစ်ရွှေဝါကုမ္ပဏီလီမိတက်**

## ဝမ်းနည်းကြေကွဲခြင်း

ဆရာဦးစိုင်းလှဘော်(a)George[အင်/ယာမှူးကြီး၊ မြို့ပြ-ငြိမ်း၊ အမှတ်(၂) သတ္တုတွင်းလုပ်ငန်း] အသက်(၇၆)နှစ်သည် ၉-၁၂-၂၀၁၃ ရက်(တနင်္လာနေ့) မွန်းလွဲ ၂း၄၅ နာရီတွင် ဘရူနိုင်းနိုင်ငံ၌ ခေတ္တနေထိုင်စဉ်အတွင်း ကွယ်လွန်ကြောင်းသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**တပည့်များ-ဒေါ်ခင်သန်းနွဲ့၊ ဒေါ်သင်းသင်းထွေး**
**ဦးမောင်နီ-ဒေါ်ခင်မိမိညွန့်**
**ဦးလှကြည် အမှတ်(၂)သတ္တုတွင်းလုပ်ငန်း**

## ဝမ်းနည်းကြေကွဲခြင်း
**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
## အဂ္ဂမဟာသီရိသုဓမ္မသီင်္ဂီဒေါ်ခင်နွဲ့ရီ(ရွှေပုစွန်မိခင်ကြီး)
**အသက်(၈၉)နှစ်**

ဒေါက်တာတင်ဝင်း(ဂျာမနီနိုင်ငံ)၏ ကျေးဇူးရှင်မိခင်ကြီး အဂ္ဂမဟာသီရိသုဓမ္မသီင်္ဂီ ဒေါ်ခင်နွဲ့ရီသည် ၈-၁၂-၂၀၁၃ ရက် နံနက် ၄ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**Dr.အေးအေးမြင့်၊ Dr.နီနီသန်း၊ Dr.မြင့်မြင့်ခိုင်၊**
**Dr.ချိုချို၊ ဦးညာဏ်ထွန်း(ဓာတုဗေဒဌာန၊ ရန်ကုန်တက္ကသိုလ်)**

## ဝမ်းနည်းကြေကွဲခြင်း
**ဒေါ်သန်းသန်းမြင့်**
**အသက် (၆၈)နှစ်**

Maritime Training Centre (PGI) OOW သင်တန်းအပတ်စဉ်(၈/၂၀၁၃)မှ သင်တန်းသား မောင်ထွန်းထွန်းအောင်၏မိခင် ဒေါ်သန်းသန်းမြင့်သည် ၆-၁၂-၂၀၁၃ ရက် ည ၈း၄၅ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**Maritime Training Centre (PGI)**
**သင်တန်းဆရာ၊ ဆရာမများ၊**
**သင်တန်းသားများနှင့်ဝန်ထမ်းများ**

# ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့်ဇနီး မြားပစ်ပြိုင်ပွဲ ကြည့်ရှုအားပေး

**နေပြည်တော် ဒီဇင်ဘာ ၁၄**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် ဇနီး ဒေါ်နန်းရွှေမှုန်တို့သည် ယနေ့တွင် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ကရာတေးဒိုပြိုင်ပွဲနှင့် မြားပစ်အားကစားပြိုင်ပွဲ ပွဲစဉ်များယှဉ်ပြိုင်မှုကို ကြည့်ရှုအားပေးခဲ့သည်။ **(ယာပုံ)**





နံနက် ၉ နာရီမှစ၍ ဝဏ္ဏသိဒ္ဓိ အားကစားကွင်း ရုံအမှတ်(A)တွင် ကရာတေးဒို ကုမိတဲ့အတိုက်ပြိုင်ပွဲများ ကျင်းပခဲ့ရာ ၇၅ ကီလိုတန်းပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ အေးချမ်းနိုင်က ပထမ၊ အင်ဒိုနီးရှားက ဒုတိယ၊ မလေးရှားနှင့် ထိုင်းက တတိယအသီးသီးရရှိကြသည်။

**စာမျက်နှာ ၈ ကော်လံ ၁ သို့ ❖**

## နိုင်ငံအလိုက် ဆုတံဆိပ်ရရှိမှု အခြေအနေ

| နိုင်ငံ | ရွှေ | ငွေ | ကြေး |
|---|---|---|---|
| ထိုင်း | ၃၃ | ၃၀ | ၃၀ |
| မြန်မာ | ၃၁ | ၂၉ | ၂၈ |
| အင်ဒိုနီးရှား | ၃၀ | ၄၀ | ၃၄ |
| ဗီယက်နမ် | ၂၉ | ၂၃ | ၃၃ |
| မလေးရှား | ၁၈ | ၁၂ | ၃၁ |
| စင်ကာပူ | ၁၂ | ၁၀ | ၁၉ |
| ဖိလစ်ပိုင် | ၇ | ၁၁ | ၁၅ |
| ကမ္ဘောဒီးယား | ၄ | ၆ | ၁၁ |
| လာအို | ၂ | ၅ | ၁၈ |
| ဘရူနိုင်း | ၁ | ၁ | ၃ |
| တီမော | ၀ | ၀ | ၁ |

# အမျိုးသမီးအလေးမ ၅၃ ကီလိုတန်းတွင် မြန်မာနိုင်ငံမှ အလေးမအားကစားနည်းအတွက် ပထမဆုံးရွှေတံဆိပ်ဆွတ်ခူး

**ရန်ကုန် ဒီဇင်ဘာ ၁၄**

အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ အလေးမပွဲစဉ်များတွင် မြန်မာနိုင်ငံအတွက် ပထမဆုံးသော ရွှေတံဆိပ်ဆုကို အမျိုးသမီး ၅၃ ကီလိုတန်းတွင် အလေးမ အားကစားသမား မအေးသန္တာလွင်က ဆွတ်ခူးပေးခဲ့သည်။

(၂၇)ကြိမ်မြောက် ဆီးဂိမ်းအလေးမ ဒုတိယနေ့ပွဲစဉ်များကို ရန်ကုန်မြို့ သိမ်ဖြူအလေးမ အားကစားရုံ၌ ဒီဇင်ဘာ ၁၄ ရက် မွန်းတည့် ၁၂ နာရီမှ စတင်ယှဉ်ပြိုင်လျက်ရှိရာ အမျိုးသမီး ၅၃ ကီလိုတန်းတွင် မြန်မာနိုင်ငံမှ မအေးသန္တာလွင်က ၂၀၂ ကီလို မနိုင်ခဲ့ပြီး ပထမဆု ရွှေတံဆိပ်ကို ရယူနိုင်ခဲ့သည်။ ၎င်းသည် (၂၇)ကြိမ်မြောက် ဆီးဂိမ်း အမျိုးသမီးအလေးမ ၅၃ ကီလိုတန်း ပြိုင်ပွဲဝင် အားလုံးထဲတွင် အသက်အငယ်ဆုံး အားကစားသမားဖြစ်သည်။ အဆိုပါပြိုင်ပွဲတွင် ငွေတံဆိပ်ကို ဗီယက်နမ်နိုင်ငံကရရှိပြီး ကြေးတံဆိပ်ကို အင်ဒိုနီးရှားနိုင်ငံက ရရှိခဲ့သည်။



အမျိုးသမီးအလေးမပြိုင်ပွဲ ၅၃ ကီလိုတန်းတွင် ပထမရွှေတံဆိပ် ဆွတ်ခူးသွားသော မြန်မာမှ အေးသန္တာလွင်။ (ဓာတ်ပုံ-ဌေးခိုင်)

ရွှေတံဆိပ်ဆုရှင် မြန်မာအားကစားသမား မအေးသန္တာလွင်က "အများကြီးပျော်ပါတယ်၊ ပရိသတ်က အခုလို သောင်းသောင်းဖြဖြ အားပေးတဲ့အတွက် ရင်ထဲမှာ ကြည်နူးမိပါတယ်။ ဝမ်းလည်းသာပါတယ်။ အခက်အခဲကတော့ အများကြီးရှိခဲ့တာပေါ့။ ဒီနှစ်မှာ အခက်အခဲအများဆုံးကြုံတွေ့ရပါတယ်။ ကံမကောင်းတဲ့နှစ်လို့ တောင်ပြောလို့ရပါတယ်။ အခုတော့ အဲဒါတွေ မရှိတော့ပါဘူး။ ကျေးဇူးတင်ပါတယ်"ဟု စိတ်လှုပ်ရှားမှုများဖြင့် ရွှေတံဆိပ်ရရှိခဲ့မှုအပေါ် ဝမ်းသာစွာ ပြောပြသည်။

ဆီးဂိမ်းအလေးမ ဒုတိယနေ့ ပွဲစဉ် ပထမဆုံးပွဲအဖြစ် အမျိုးသား ၆၉ ကီလိုတန်း၌ အင်ဒိုနီးရှားနိုင်ငံက ရွှေတံဆိပ်၊ မြန်မာနိုင်ငံမှ ကျော်မိုးဝင်းက ငွေတံဆိပ်နှင့် မလေးရှားနိုင်ငံမှ ကြေးတံဆိပ်များရရှိခဲ့သည်။ အင်ဒိုနီးရှားနိုင်ငံမှ ရွှေတံဆိပ်ရရှိသူ Deni Deni သည် အမြန်မတွင် ယခင်အရှေ့တောင်အာရှ ၆၉ ကီလိုတန်း စံချိန်ဟောင်း ၁၄၇ ကီလိုကို ကျော်ဖြတ်ကာ ၁၄၈ ကီလိုမပြီး စံချိန်သစ်တင်နိုင်ခဲ့သည်။

ဒုတိယနေ့ နောက်ဆုံးပွဲစဉ်အဖြစ် အမျိုးသား ၇၇ ကီလိုတန်းတွင် ထိုင်းနိုင်ငံမှ အမြန်မတွင် ယခင်စံချိန် ၁၅၀ ကီလိုကို ချိုး၍ ၁၅၁ ကီလိုဖြင့် စံချိန်သစ်တင်ပြီး ရွှေတံဆိပ်ရရှိခဲ့သည်။ ငွေတံဆိပ်ကို ဗီယက်နမ်နိုင်ငံနှင့် ကြေးတံဆိပ်ကို အင်ဒိုနီးရှားနိုင်ငံတို့မှ ရရှိခဲ့သည်။

(၂၇)ကြိမ်မြောက် ဆီးဂိမ်းအလေးမ အားကစားပြိုင်ပွဲ ကျင်းပလျက်ရှိရာတွင် အိမ်ရှင်မြန်မာနိုင်ငံက ရွှေ(၁)၊ ငွေ(၁)၊ ကြေး(၂) ရရှိထားသည်။

**(သတင်းစဉ်)**


ယနေ့ မာတိကာ

ကာယဗလပြိုင်ပွဲ ၆၀ ကီလိုတန်း မြန်မာအသင်းမှ ရွှေတံဆိပ်ရရှိ — စာမျက်နှာ - ၄

ကချင်ပြည်နယ်အတွင်း ဆက်သွယ်ရေးလိုင်းများ ပိုမိုကောင်းမွန်ရေး မြေအောက်ဖိုက်ဘာ ကေဘယ်လိုင်းများ ဆောင်ရွက်သွားမည် — စာမျက်နှာ - ၄

လကမ္ဘာ စူးစမ်းလေ့လာရေးယာဉ်အား တရုတ်နိုင်ငံက အောင်မြင်စွာ ဆင်းသက်စေနိုင် — စာမျက်နှာ - ၁၄





ရှေ့ပြေး

(၂၇) ကြိမ်မြောက် အရှေ့တောင်အာရှ
အားကစားပြိုင်ပွဲ
အထူးထုတ်

(၄၄)နှစ်တွင် တစ်ကြိမ် ပြန်လည်ကျင်းပခွင့်ရသည့် ဆီးဂိမ်းပြိုင်ပွဲကြီးကို ဂုဏ်ပြုပါသည်။ ၁၅ - ၁၂ - ၂၀၁၃ (တနင်္ဂနွေနေ့)

# ဆီးဂိမ်းတွင် ပိုက်ကျော်ခြင်း ပြိုင်ပွဲများဆက်လက်ယှဉ်ပြိုင်

**နေပြည်တော်  ဒီဇင်ဘာ  ၁၄**

နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်းရုံအမှတ်(B)တွင် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲများကို ဆက်လက်ကျင်းပလျက်ရှိရာ ယနေ့ နံနက် ၉ နာရီမှစတင်၍ သုံးယောက်တွဲ အမျိုးသား၊ အမျိုးသမီး ပိုက်ကျော်ခြင်းပြိုင်ပွဲများ ဆက်လက်ယှဉ်ပြိုင်ခဲ့သည်။

နိုင်ငံအလိုက်ကိုယ်စားပြုအားကစားသမားများ ကွင်းအတွင်းသို့ဝင်ရောက်လာချိန်တွင် ပွဲကြည့်ပရိသတ်များက သောင်းသောင်းဖြဖြ မြူးမြူးတတ အတီးအမှုတ်အကအခုန်များဖြင့် ကြိုဆိုအားပေးကြသည်ကိုတွေ့ရပြီး အမျိုးသား သုံးယောက်တွဲပိုက်ကျော်ခြင်း ပထမပွဲစဉ်တွင် မလေးရှားနှင့် လာအိုအသင်းတို့ ယှဉ်ပြိုင်ကစားရာ မလေးရှားအသင်းက အနိုင်ရရှိပြီး ဒုတိယပွဲစဉ်တွင် မြန်မာအသင်းနှင့် ထိုင်းအသင်းတို့ ယှဉ်ပြိုင်ကစားရာ ထိုင်းအသင်းက အနိုင်ရရှိသည်။

အမျိုးသမီးသုံးယောက်တွဲပိုက်ကျော်ခြင်းပြိုင်ပွဲ ပထမပွဲစဉ်တွင် လာအိုအသင်းနှင့် ဗီယက်နမ်အသင်းတို့ယှဉ်ပြိုင်ကစားရာ လာအိုအသင်းက အနိုင်ရရှိပြီး ဒုတိယပွဲစဉ်အဖြစ် မလေးရှားအသင်းနှင့် ထိုင်းအသင်းတို့ယှဉ်ပြိုင်ကစားရာ ထိုင်းအသင်းက အနိုင်ရရှိသည်။

သုံးယောက်တွဲ ပိုက်ကျော်ခြင်းပြိုင်ပွဲများတွင် အမျိုးသားအသင်းများမှာ အုပ်စုခွဲ ယှဉ်ပြိုင်ကြပြီး အမျိုးသမီးများမှာ ပတ်လည်ယှဉ်ပြိုင်ကစားကြသည်ဟုသိရပြီး နောက်ရက်များတွင်လည်း ဆက်လက်ကျင်းပသွားမည်ဟု သိရသည်။



သတင်း - လှိုင်သန်းတင့်(ရမည်းသင်း)
ဓာတ်ပုံ - ခင်မောင်ဝင်း



အမျိုးသားပိုက်ကျော်ခြင်းပြိုင်ပွဲတွင် မြန်မာနှင့် ထိုင်းတို့ ယှဉ်ပြိုင်ကြစဉ်။ (ဝဲပုံ) နှင့် အားကစားပြိုင်ပွဲများသို့ လာရောက်အားပေးသူ သမီးငယ်လေး၏အလှ (အောက်ပုံ)



# ဆီးဂိမ်းပြိုင်ပွဲလာရောက်ကြည့်ရှုသူများပြား

**နေပြည်တော်  ဒီဇင်ဘာ  ၁၄**

(၂၇)ကြိမ်မြောက် ဆီးဂိမ်းပွဲတော်ကြီးကို နေပြည်တော်၌ ကျင်းပလျက်ရှိရာ ဝဏ္ဏသိဒ္ဓိအားကစားပြိုင်ကွင်းကြီး၏ အတွင်းအပြင်တို့တွင် လာရောက်အားပေးကြသော ပရိသတ်ကြီးမှာ အမိမြန်မာနိုင်ငံတော်အလံများနှင့် ဆီးဂိမ်းသင်္ကေတပါ အင်္ကျီ၊ အိတ်၊ ရင်ထိုး၊ စတစ်ကာ၊ ထီးများဖြင့် ပျော်ရွှင်စွာတွေ့မြင်ရသည်။ မြန်မာတို့၏ ဆီးဂိမ်းပွဲတော်ကြီးကို ဆင်နွှဲရာတွင်လည်း မြန်မာ့ယဉ်ကျေးမှုတစ်ခုဖြစ်သည့် အိုးစည်၊ ဒိုးပတ်များနှင့် အားပေးနေသော ပရိသတ်ကြီးကို ကွင်းအတွင်း၌ ကြည်နူးပျော်ရွှင်ဖွယ် တွေ့မြင်နေရသည်။ ယနေ့ အများပြည်သူရုံးပိတ်ရက်ဖြစ်သည့် စနေနေ့တွင် ဝဏ္ဏသိဒ္ဓိအားကစားကွင်းအတွင်းရှိ Indoor Stadium ရှေ့အဝင်၌ လုံခြုံရေးစိစစ်နေသည်ကို စနစ်တကျ စည်းကမ်းရှိရှိ တန်းစီ၍စောင့်နေသောပရိသတ်ကြီးကို ကြည်နူးဖွယ် တွေ့မြင်ရသည်။**(အောက်ပုံ)**

**သန်းနိုင်(ဇမ္ဗူသီရိ)**



# Digital ရုပ်သံလိုင်းဖမ်းစက်များ အခမဲ့ဖြန့်ဝေထား၍ ဆီးဂိမ်းအားကစားပွဲများ ပြည်သူများ အားပါးတရ ကြည့်ရှုခွင့်ရ

**ကျောက်ဆည် ဒီဇင်ဘာ ၁၄**

ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ Digital စနစ်ဖြင့် အသစ်ထုတ်လွှင့်လျက်ရှိသော တိုးချဲ့ရုပ်သံလိုင်းများ ဖမ်းယူကြည့်ရှုနိုင်ရန်အတွက် ရုပ်သံဖမ်းစက်(Set Top Box)များကို ကျောက်ဆည်ခရိုင်အတွင်းရှိ ကျောက်ဆည်၊ စဉ့်ကိုင်၊ မြစ်သား၊ တံတားဦးမြို့နယ်များအတွက် တစ်မြို့နယ်လျှင် အလုံး ၂၀၀ နှုန်း (၂၇)ကြိမ်မြောက်ဆီးဂိမ်းအမီ ဒီဇင်ဘာ ၇ ရက်နှင့် ၈ ရက်တို့တွင် အခမဲ့ဖြန့်ဝေပေးခဲ့ခြင်းကြောင့် ပြည်သူများအနေဖြင့် ခမ်းနားကြီးကျယ်စွာဖွင့်လှစ်ခဲ့သော ဆီးဂိမ်းဖွင့်ပွဲကြီးနှင့် အားကစားပွဲများ ကျင်းပနေမှုကို အားပါးတရ ကြည့်ရှုခွင့်ရခဲ့ကြောင်း သိရသည်။

"အခုပေးတဲ့ Set Top Box စက်တွေမှာပါတဲ့ ရုပ်သံလိုင်းတွေ တော်တော်များများက ဆီးဂိမ်းအားကစားပွဲ အကုန်လုံး လိုင်းခွဲပြီးလာတော့ ပွဲတွေအများကြီးကြည့်ရတယ်။ Digital စနစ်နဲ့ဆိုတော့ ရုပ်လည်း ကြည်လင်ပြတ်သားတယ်။ အရင်လိုစနစ်နဲ့ဆို ရုပ်လည်းမကြည်ဘူး။ လိုင်းလည်းများတော့ တစ်လိုင်းပဲကြည့်ရတာ၊ အခုချပေးတာက တစ်မြို့နယ် ၂၀၀ ထဲချပေးတော့ ပြည်သူတွေအများကြီးမရဘူးပေါ့။ အခုလို အများပြည်သူကြည့်လို့ရတဲ့ နေရာတွေမှာ ချပေးထားတာကောင်းတာပေါ့"ဟု အများပြည်သူ ကြည့်ရှုရန်နေရာအဖြစ် သတ်မှတ်ပြီး Set Top Box ရရှိသော ကျောက်ဆည်မြို့ မီးရထားဘူတာတွင် လာရောက်ကြည့်ရှုသူတစ်ဦး၏ ပြောပြချက်အရ သိရသည်။

ကျောက်ဆည်ခရိုင်တွင် Set Top Box အလုံး ၈၀၀ကို အဆင့်ရှစ်ဆင့် ခွဲခြားသတ်မှတ်ကာ ဆင်းရဲနွမ်းပါး လူမှုအဆင့် (E)အတွက် ၃၆၉ လုံး၊စီးပွားဖြစ်မဟုတ်သော ဆေးရုံ၊ ဆေးခန်းများအတွက် ၉၆ လုံး၊ စီးပွားဖြစ် မဟုတ်သော စာသင်ကျောင်းများအတွက် ၁၃၂ လုံး၊ မိဘမဲ့၊ လူအိုရုံ၊ မသန်စွမ်းကျောင်းများအတွက် ခြောက်လုံး၊ သိပ္ပံကောလိပ်၊ တက္ကသိုလ်ကျောင်းများအတွက် ငါးလုံး၊ စီးပွားဖြစ်မဟုတ်သော အများပြည်သူကြည့်ရှုရန် နေရာများအတွက် ၁၃ လုံး၊ ပြည်သူ့စာကြည့်တိုက်များအတွက် ၁၄၅ လုံး၊ သာရေးနာရေး၊ လူမှုရေးအသင်းများအတွက် ၃၆ လုံး စသည်ဖြင့် အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**ထွန်းထွန်းနိုင်(ကျောက်ဆည်)**





# အမျိုးသမီးဘော်လီဘောပွဲစဉ်များ ဆက်လက်ကျင်းပ ထိုင်းနှင့်ဗီယက်နမ်တို့ နိုင်ပွဲကိုယ်စီရရှိ

**နေပြည်တော် ဒီဇင်ဘာ ၁၄**

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ၏ အမျိုးသမီးဘော်လီဘော ပြိုင်ပွဲများကို ဒီဇင်ဘာ ၁၄ ရက်တွင် နေပြည်တော် ဇေယျာသီရိအားကစားကွင်း၌ ဆက်လက်ယှဉ်ပြိုင်ကစားခဲ့သည်။

ယင်းသို့ ယှဉ်ပြိုင်ကစားခဲ့သည့် ဘော်လီဘောပြိုင်ပွဲများအနက် နံနက် ၁၀ နာရီတွင် စတင်ယှဉ်ပြိုင်ကစားခဲ့သော အမျိုးသမီး ဘော်လီဘောပွဲစဉ်အဖြစ် ထိုင်းအမျိုးသမီးဘော်လီဘော အသင်းနှင့် မလေးရှားအမျိုးသမီး ဘော်လီဘော အသင်းတို့ ပွဲစဉ်တွင် ပထမတွင် သူတင်ကိုယ်တင်ကစားကာ အကြိတ်အနယ်ရှိခဲ့သော်လည်း နောက်ပိုင်းတွင်မူ အရည်အချင်းနှင့်ကြံ့ခိုင်မှုပေါ်မူတည်ကာ ထိုင်းအမျိုးသမီးဘော်လီဘော အသင်းက အကောင်းဆုံးစွမ်းဆောင်နိုင်ခဲ့ခြင်းကြောင့် ထိုင်းအမျိုးသမီးဘော်လီဘော အသင်းက Section (1)တွင် ၂၅-၁၂၊ Section (2) တွင် ၂၅-၉၊ Section(3) တွင် ၂၅-၉ စသည်ဖြင့် ရလဒ်များထွက်ပေါ်ကာ ထိုင်းအသင်းက အနိုင်ရရှိခဲ့သည်။

ဒုတိယပွဲစဉ်အဖြစ် မွန်းတည့် ၁၂ နာရီမှ စတင်ကာ ဗီယက်နမ်အမျိုးသမီးဘော်လီဘော အသင်းနှင့် မြန်မာအမျိုးသမီးဘော်လီဘော အသင်းတို့ ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ရာ ဗီယက်နမ်အမျိုးသမီးဘော်လီဘောအသင်းက မြန်မာအမျိုးသမီးဘော်လီဘောအသင်းကို Section (1) တွင် ၂၅-၁၄၊ Section (2)တွင် ၂၅-၉၊ Section (3) တွင် ၂၅-၁၄ စသည်ဖြင့် ဗီယက်နမ်အမျိုးသမီး ဘော်လီဘောအသင်းက အနိုင်ရရှိခဲ့သည်။

ဒီဇင်ဘာ ၁၅ ရက် ပွဲစဉ်များအဖြစ် ဗီယက်နမ်အမျိုးသမီး ဘော်လီဘောအသင်းသည် အင်ဒိုနီးရှားအမျိုးသမီး ဘော်လီဘောအသင်းနှင့်ယှဉ်ပြိုင်ရမည်ဖြစ်ပြီး ကမ္ဘောဒီးယားအမျိုးသားဘော်လီဘောအသင်းသည် ထိုင်းအမျိုးသားဘော်လီဘောအသင်းနှင့်လည်းကောင်း၊ မြန်မာအမျိုးသားဘော်လီဘောအသင်းသည် မလေးရှားအမျိုးသားဘော်လီဘောအသင်းနှင့် လည်းကောင်း အသီးသီး ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သိရသည်။ ■

သတင်း - နိုင်လင်းကြည်
ဓာတ်ပုံ - YAMANYA



ဒီဇင်ဘာ ၁၄ ရက်က ရန်ကုန်မြို့ မြောက်ဒဂုံ သေနတ်ပစ်ကွင်းတွင် ကျင်းပသော အမျိုးသမီးတစ်ဦးချင်း ၁၀ မီတာ လေပစ်စတိုပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုကို ဗီယက်နမ်ကလည်းကောင်း၊ ငွေတံဆိပ်ဆုကို စင်ကာပူက လည်းကောင်း၊ ကြေးတံဆိပ်ဆုကို ဗီယက်နမ်မှ ရရှိသည်။ မြန်မာနိုင်ငံမှ မေပိုးဝါက အဆင့် ၅ နေရာ ရရှိသည်။

ဓာတ်ပုံ - ငြိမ်းချမ်းလင်း

# ဆီးဂိမ်းပွဲတော်တွင် ဝင်ခွင့်ကတ်များချက်ချင်းပြုလုပ်ပေး၍ ပြည်သူများအဆင်ပြေ



သတင်း - လှိုင်သန်းတင့်(ရမည်းသင်း) ✻ ဓာတ်ပုံ - ခင်မောင်ဝင်း

**နေပြည်တော် ဒီဇင်ဘာ ၁၄**

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပွဲတော်များကျင်းပရာ နေပြည်တော်တွင် အနယ်နယ်အရပ်ရပ်မှ လာရောက်ကြသော ပြည်သူများ အဆင်ပြေကြည့်ရှုအားပေးနိုင်ရန်အတွက် ဝင်ခွင့်ကတ်များကို အချိန်နှင့်တစ်ပြေးညီပြီးစီးအောင်တာဝန်ရှိသူများက ဆောင်ရွက်လုပ်ကိုင်ပေးလျက်ရှိသည်ကို တွေ့ရသည်။

နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားဂိတ်အမှတ်(၂)၊ (၄)၊ (၅)တို့တွင် နံနက်အစောပိုင်းမှစ၍ စတင်ဆောင်ရွက်ပေးလျက်ရှိပြီး ဝင်ခွင့်ကတ်ပြုလုပ်လိုသူများအတွက် နိုင်ငံသားစိစစ်ရေးကတ်၊ ယာဉ်မောင်းလိုင်စင်၊ ကျောင်းသားကတ်၊ ဝန်ထမ်းကတ်နှင့်ရဲစခန်းထောက်ခံချက်တစ်ခုခုပါရှိပါက ပြုလုပ်လိုသူများအတွက် ချက်ချင်းလုပ်ဆောင်ပေးသည်ဟုသိရပြီး ယခုကဲ့သို့ လူဝင်ခွင့်ကတ်များကို ချက်ချင်းအချိန်နှင့်တစ်ပြေးညီ ပြီးစီးအောင် ဆောင်ရွက်ပေးသည့်အတွက် အနယ်နယ်အရပ်ရပ်မှ ဆီးဂိမ်းပွဲတော်သို့ လာရောက်ကြည့်ရှုအားပေးသူများအတွက် များစွာအဆင်ပြေမှုရှိကြောင်း အားကစားပွဲကြည့်လာသူ ပြည်သူတစ်ဦးက ပြောပြသည်။ ■

# ဝဏ္ဏသိဒ္ဓိမြင်းစီးအားကစားရုံတွင် မြင်းစီးအလှပြိုင်ပွဲကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၁၄**

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ မြင်းစီးအားကစားအလှပြိုင်ပွဲကို ယနေ့ နံနက် ၉ နာရီတွင် ဝဏ္ဏသိဒ္ဓိအားကစားရုံတွင် ကမ္ဘောဒီးယား၊ မလေးရှား၊ ထိုင်း၊ စင်ကာပူ၊ မြန်မာ၊ အင်ဒိုနီးရှား ခြောက်နိုင်ငံမှ တစ်နိုင်ငံ နှစ်ဦးစီဖြင့် ယှဉ်ပြိုင်ရာ မလေးရှားနိုင်ငံအသင်းမှ PRAVEEN NAIRMATHAVAN က စံချိန် ၆၇ ဒသမ ၄၅ ရာခိုင်နှုန်းဖြင့် (ပထမ) ရွှေတံဆိပ်ဆုကိုလည်းကောင်း၊ အင်ဒိုနီးရှားနိုင်ငံအသင်းမှ VALENTINO LUMENTAH က စံချိန် ၆၆ ဒသမ ၄၃၂ ရာခိုင်နှုန်းဖြင့်(ဒုတိယ) ငွေတံဆိပ်ဆုကို လည်းကောင်း၊ အင်ဒိုနီးရှားနိုင်ငံအသင်းမှ FERRY WAHYU HADIYANTO က စံချိန် ၆၄ ဒသမ ၁၀၈ ရာခိုင်နှုန်းဖြင့် (တတိယ)ကြေးတံဆိပ်ဆုကို လည်းကောင်း အသီးသီးရရှိကြောင်း သိရသည်။

သတင်းနှင့်ဓာတ်ပုံ
အေးမောင်(ကျိုင်းတုံ)





(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ၏ မြင်းစီးပြိုင်ပွဲကို ဒီဇင်ဘာ ၁၄ ရက်က ဆက်လက်ကျင်းပရာ ပြိုင်ပွဲဝင်များ၏ မြင်းစီးယှဉ်ပြိုင်ဟန်။

# နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်းနှင့် အားကစားရုံများတွင် အမှတ်တရဓာတ်ပုံရိုက်သူများဖြင့် စည်ကား

**နေပြည်တော် ဒီဇင်ဘာ ၁၄**

(၂၇) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကျင်းပရာ နေရာတစ်ခုဖြစ်သည့် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်းနှင့် အားကစားရုံအနီးတွင် အမှတ်တရဓာတ်ပုံရိုက်ကူးသည့် ပြည်တွင်းပြည်ပ အားကစားသမားများနှင့် လာရောက်ကြည့်ရှုသူများဖြင့် နေ့စဉ်စည်ကားလျက်ရှိကြောင်း သိရသည်။

"အားကစားရုံကြီးက အကြီးကြီးပဲဗျနော်။ ကျွန်တော်တို့နိုင်ငံမှာ အခုလိုကြီးမားတဲ့ အားကစားရုံကြီးတွေရှိလာမယ်လို့တောင် စိတ်မကူးမိဘူး။ အားကစားပြိုင်ပွဲတွေလာရောက်ကြည့်ရှုသူတွေအနေနဲ့ အခုလိုကြီးမားခမ်းနားတဲ့ အားကစားရုံကြီးတွေအနီးမှာ အမှတ်တရ ဓာတ်ပုံရိုက်ကူးခွင့်ရတာ ကျွန်တော့်လိုပဲ ပျော်ရွှင်ဝမ်းသာကြမယ်လို့ ထင်ပါတယ်။ ကျွန်တော်က ဒိုက်ဦးမြို့ဘက်ကနေ နေပြည်တော်ကို အလည်လာရင်း အားကစားပွဲတွေ ဝင်ရောက်ကြည့်ရှုဖြစ်တာပါ" ဟု ဝဏ္ဏသိဒ္ဓိမိုးလုံလေလုံအားကစားရုံကြီးအနီးတွင် အမှတ်တရဓာတ်ပုံရိုက်သူအမျိုးသားတစ်ဦးက ပြောသည်။

နေပြည်တော် ဝဏ္ဏသိဒ္ဓိနိုင်ငံတကာအဆင့်မီဘောလုံးကွင်း၊ မိုးလုံလေလုံအားကစားရုံ၊ ရေကူးအားကစားရုံနှင့် ဆီးဂိမ်းအထိမ်းအမှတ်အလံများ လမ်းဘေးဝဲ၊ ယာ တလူလူလွှင့်ထူထားသည့် အားကစားကွင်းများအနီးရှိ လမ်းများတွင်လည်း အားကစားရုံကြီးများ နောက်ခံထား၍ အမှတ်တရဓာတ်ပုံရိုက်သူများဖြင့် နေ့စဉ်စည်ကားလျက်ရှိသည်။

**ချမ်းသာ (မိတ္ထီလာ)**



# ကုမိတဲ့အတိုက်ပြိုင်ပွဲတွင် မြန်မာရွှေ(၁)၊ ကြေး(၁)ရရှိ

**နေပြည်တော်　　ဒီဇင်ဘာ　　၁၄**

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲများကို ဆက်လက်ကျင်းပလျက်ရှိရာ ဒီဇင်ဘာ ၁၄ ရက် နံနက် ၉ နာရီမှစ၍ ဝဏ္ဏသိဒ္ဓိအားကစားကွင်း ရုံအမှတ် (A)တွင် ကရာတေးဒို ကုမိတဲ့အတိုက်ပြိုင်ပွဲများ ကျင်းပခဲ့ရာ ၇၅ ကီလိုတန်းပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ အေးချမ်းနိုင်က ပထမ၊ အင်ဒိုနီးရှားက ဒုတိယ၊ မလေးရှားနှင့် ထိုင်းက တတိယ အသီးသီးရရှိကြသည်။

၆၈ ကီလိုတန်းတွင် မလေးရှားက ပထမ၊ ဗီယက်နမ်က ဒုတိယ၊ အင်ဒိုနီးရှားနှင့် ဖိလစ်ပိုင်တို့က တတိယ ရရှိသည်။ ၆၇ ကီလိုတန်းပြိုင်ပွဲတွင် အင်ဒိုနီးရှားက ပထမ၊ မလေးရှားက ဒုတိယ၊ တင်ထွန်းအောင် မြန်မာနှင့် ဗီယက်နမ်တို့က တတိယ အသီးသီးရရှိကြသည်။

၆၀ ကီလိုတန်းပြိုင်ပွဲတွင် မလေးရှားက ပထမ၊ အင်ဒိုနီးရှားက ဒုတိယ၊ ဗီယက်နမ်နှင့် ဘရူနိုင်းတို့က တတိယဆု အသီးသီး ရရှိခဲ့ကြသည်။

**လှိုင်သန်းတင့်(ရမည်းသင်း)**



ဒီဇင်ဘာ ၁၄ ရက်က နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားရုံတွင် ပြုလုပ်သော အမျိုးသမီးလက်ဝှေ့ ၅၇ ကီလိုတန်းတွင် မြန်မာနိုင်ငံမှ နွယ်နီဦးက ဖိလစ်ပိုင်မှ Nesthey Petecio ကို အနိုင်ယူပြီး မြန်မာနိုင်ငံအတွက် လက်ဝှေ့မှ ပထမ(ရွှေတံဆိပ်)ရယူပေးခဲ့သည်။

ဓာတ်ပုံ - A ဇော်



(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ကရာတေးဒို အမျိုးသားတစ်ဦးချင်းအတိုက် ကုမိတဲ့ ၇၅ ကီလိုတန်းတွင် ပထမ(ရွှေတံဆိပ်)ဆု ရရှိသွားသော အေးချမ်းနိုင်။

ဓာတ်ပုံ - ဟိန်းထက်

## အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ မြန်မာအားကစားသမားများ အခွမ်းကုန်ကြ

# အမျိုးသား အလေးမပြိုင်ပွဲ မြန်မာငွေတံဆိပ်ရ

**ရန်ကုန်　　ဒီဇင်ဘာ　　၁၄**

ဒီဇင်ဘာ ၁၄ ရက်က ရန်ကုန်မြို့ သိမ်ဖြူအားကစားကွင်း၌ ပြုလုပ်သော ၆၉ ကီလိုတန်း အမျိုးသားအလေးမပြိုင်ပွဲတွင် အင်ဒိုနီးရှားမှ DENI DENI က အမြန်မတွင် ၁၄၈၊ နှစ်ဆင့်မတွင် ၁၇၆ စုစုပေါင်း ၃၂၄ ကီလိုဖြင့် ပထမရခဲ့ပြီး မြန်မာမှ ကျော်မိုးဝင်းက အမြန်မတွင် ၁၄၀၊ နှစ်ဆင့်မတွင် ၁၇၄ စုစုပေါင်း ၃၁၄ ကီလိုဖြင့် ဒုတိယနှင့် ထိုင်းမှ TAIRAT BUNSUK က အမြန်မတွင် ၁၃၇၊ နှစ်ဆင့်မတွင် ၁၇၅ စုစုပေါင်း ၃၁၂ ကီလိုဖြင့် တတိယ၊ မလေးရှားမှ MOHD HAFIFI MANSOR က အမြန်မတွင် ၁၃၇၊ နှစ်ဆင့်မတွင် ၁၇၅ စုစုပေါင်း ၃၁၂ ကီလိုဖြင့် စတုတ္ထတို့ အသီးသီး ရရှိကြသည်။

အမြန်မတွင် ၁၄၈ ကီလိုမနိုင်ခဲ့သော အင်ဒိုနီးရှားမှ DENI DENI **(ယာပုံ)**မှာ အင်ဒိုနီးရှားမှ TRIYATNO မထားသော ၁၄၇ ကီလိုအား ကျော်ဖြတ်ကာ ဆီးဂိမ်းစံချိန် ချိုးနိုင်ခဲ့သည်။




သတင်းနှင့် ဓာတ်ပုံ - ရဲဟိန်း

ဆီးဂိမ်းပွဲတော်တွင် ဝင်ခွင့်ကတ်များ ချက်ချင်းပြုလုပ်ပေး၍ ပြည်သူများအဆင်ပြေ

စာမျက်နှာ ၃ »»

အမျိုးသမီးဘော်လီဘော ပွဲစဉ်များဆက်လက်ကျင်းပ ထိုင်းနှင့် ဗီယက်နမ်တို့ နိုင်ပွဲကိုယ်စီရရှိ

စာမျက်နှာ ၂ »»

" ရွှေအောင်ချမ်းသာဗုဒ္ဓဂယာဘုရားဖူးအဖွဲ့ "

Power Palace Hotel

Emerald Myanmar Group of Companies

27th Sea Game Expo

Emerald Myanmar

New Entertainment

Aroma

Smart Group

Emerald Myanmar

Customer

GSM Handset


## နှစ်(၅၀)ပြည့်ရွှေရတုမင်္ဂလာဆုတောင်း

ချစ်ဖေဖေဦးသန်းထွန်း၊ ချစ်မေမေဒေါ်ခင်စိန်တို့၏ ၁၅-၁၂-၂၀၁၃ရက်တွင် ကျရောက်သော ရွှေရတုမင်္ဂလာမှသည်နောင်နှစ်ပေါင်းများစွာ ချစ်သော သား၊ သမီး၊ မြေးများနှင့်အတူ သက်ရှည်ကျန်းမာပျော်ရွှင်စွာ နေထိုင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက်-

**ချစ်သားသမီးများ-**

ဒေါ်လှလှသန်း

ဦးခင်ဝင်း-ဒေါ်ချိုချိုသန်း

ဦးရဲမင်းထွန်း-ဒေါ်အေးအေးခင်

ပိုလ်မှူးသန့်ဇင်ကျော်-ဒေါ်ရွှေစင်မေထွန်း

**ချစ်မြေးများ-**

စည်သူ-ရဲခေါင်-ခန့်မင်းသန့်စင်၊

ဇေကရီမျိုးကျော်-စိုးစန္ဒီမျိုးကျော်

စုက္ကန္ဒာထွန်း-သဇင်ထက်မြင့်

**ရွှေပိတောက်ရိပ်မွန်**

## ဝယ်လိုသည်

- ကားအပ်ပြီးစလစ်များ
- စ၊ ဆမှ သ၊ အ အထိအပ်ကား

**ဖုန်း ၀၉-၄၄၈၀၀၇၃၇၇**

## ကျေးဇူးဆပ်ပါမည်

ကျွန်မ မခင်နှင်းမူ၏ PP No.MA 310094 ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပါရန်။

**ဖုန်း-၀၉၄၃၁၀၃၇၈၆**

## ပျောက်ဆုံးခြင်း

Alpha Info-Tech Co.,Ltd ၏ ကုမ္ပဏီမှတ်ပုံတင်လက်မှတ် အမှတ်၇၂၃/၂၀၀၄-၂၀၀၅(၂၀-၈-၂၀၀၄) ကတ်ပြားမူရင်းမှာ ၂၀-၃-၂၀၁၃ရက် နံနက် ၁၀နာရီခန့်တွင် ပျောက်ဆုံးသွားပါ၍ တွေ့ရှိပါက ပေးပို့ပါရန်။

**ဖုန်း-၂၀၃၀၂၃**

## ငှားမည် (ပွဲစားမလို)

မရမ်းကုန်း၊ သီရိမွန်ပလာဇာဝင်း၊ သီရိမွန်(၇)လမ်း၊ 2RC,Hall Type, GF-1100sqft, 1st f-1200sqft

**Ph:09-4306-3687**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄/မြောက်၊ မြေကွက်အမှတ်(၁၃၁/ခ)၊ မြေကွက်တည်နေရာအမှတ်(၁၃၁/ခ)၊ မြို့မ(၁၅)လမ်း၊ ၄/မြောက်ရပ်ကွက်၊ သာကေတမြို့နယ် (ဦးသိန်းရွှေ)အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးသိန်းရွှေ(ဖခင်)နှင့် ဒေါ်ခင်စန်း(မိခင်)တို့ ကွယ်လွန်သဖြင့် သားသမီးများဖြစ်သော (၁)ဒေါ်စန်းမြင့်[၁၂/သကတ(နိုင်)၀၁၀၃၆၇]၊ (၂)ဦးထွန်းထွန်းဦး[၁၂/သကတ(နိုင်)၀၀၁၅၀၆]တို့ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၂၀၈၃၈/၂၀၁၃) ရရှိသူ ဒေါ်ဝင်းစန္ဒာစိုး[၁၄/ဟသတ(နိုင်)၂၁၈၄၅၀]မှ သေစာရင်း၊ ကျမ်းကျိန်လွှာတင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ်ရန်နှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## မွေးနေ့မင်္ဂလာဆုတောင်း

၁၅-၁၂-၂၀၁၃ (Grade VII- J, T.T.C)

(UMG College)

(Uranium Education Centre)

(Grade V-D, T.T.C)

## မွေးနေ့ဆုတောင်း

၁၅-၁၂-၂၀၁၃ရက်တွင် ကျရောက်သည့် **ချစ်သမီးကြီး မြမဉ္ဇူ** ရဲ့ မွေးနေ့ရက်မြတ်မင်္ဂလာမှစ၍ နောင်နှစ်ပေါင်းများစွာတိုင် ပျော်ရွှင်ခြင်း၊ အောင်မြင်ခြင်းတို့နှင့် ပြည့်စုံပြီး ဘဝကို သာယာဖြောင့်ဖြူးစွာ ဖြတ်သန်းနိုင်ပါစေ။

**ချစ်မာမား - ဒေါ်စန်းစန်းဦး(ဘုတ်ဆုံမငရုတ်သီးမှုန့်ရောင်းဝယ်ရေး)**

**ချစ်အမြွာညီမလေးများ- လဝန်းမြင့်မိုရ်၊ လပြည့်မြင့်မိုရ်**

**ဘုတ်ဆုံမငရုတ်သီးမှုန့် ဝန်ထမ်းများ**

## အသင့်ရိုက်နှိပ်နိုင်သောပုံနှိပ်စက်အမြန်ရောင်းမည်(Used)

၁။ KOMORI SPRINT 2Unit သိန်း ၁၀၀

၂။ FUJI 58 (74...) ၂၅သိန်း

အမှတ်(၂၂၅)၊ ၃၆လမ်း(အပေါ်ဘလောက်၊)

ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

ဖုန်း-၀၁-၇၀၉၈၆၁၊ ၀၉-၅၀၃၃၀၁၇

၀၉-၅၀၈၄၉၄၉


မြစ်ဆုံမြန်မာ သို့ ကျေးဇူးတင်လွှာ

Tour Guide


## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ကမာရွတ်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၆(E)၊ မြေကွက်အမှတ် ၁၀၂စီ/၃၅၊ မြေကွက် တည်နေရာအမှတ်(၃၅)၊ အောင်မင်းခေါင် (၂)လမ်း၊ ကမာရွတ်၊ (မခင်ရွှေ) အမည်ပေါက်မြေပိုင်မြေအားအမည်ပေါက် မခင်ရွှေထံမှ အမွေဆက်ခံပိုင်ဆိုင်ကြောင်း မြွက်ဟကြေညာစာချုပ် ၇၈၆၈/ ၁၂-၁၂-၂၀၁၁ဖြင့်ရရှိသူ ဦးတင်အောင်ထံမှ ပြန်လည်ရုပ်သိမ်းခွင့်မရှိသော အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၅/၂၀၁၂(၁၇-၁-၂၀၁၂)ဖြင့်ရရှိသူ ဦးဟန်ဝင်းအောင်[၁၂/ပဘတ(နိုင်)၀၂၉၀၆၁]မှ မူလမြေအမည်ပေါက်စာချုပ်မရှိကြောင်း ၁၉၇၅-၇၆ရက်စွဲပါ ဒေါ်ခင်ရွှေအမည်ဖြင့် ထုတ်ပေးထားသော မြေပုံကိုတင်ပြ၍ အရောင်း အဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**


Plastic

Ton 250 · Ton 200

Ton 220 · Ton 150

Injection Moulding Machines

WiFi Free for all Android

Wi-Fi

WiFi Free

for all Android Phone, Tablet & Computer

WiFi Direct, WiFi Free, Bluetooth, NFC (Near Field Communication), WiFi Hotspot, Phone နှင့် Tablet Application Share ADOBE AIR, Redlink Wimax Phone WiFi Free Phone WiFi/ WLAN Computer Laptop Wireless





သီးနှံအားလုံး အထွက်တိုးရန် လိုအပ်သော

ကောမက်

awba

# ဂုဏ်ယူဝမ်းမြောက်ခြင်း

ကမ္ဘောဇဘဏ် လီမိတက် (KBZ Bank) သည် အင်္ဂလန်နိုင်ငံ လန်ဒန်အခြေစိုက် Financial Times မှ ပေးအပ်ချီးမြှင့်သော ဘဏ်လုပ်ငန်းဆိုင်ရာ စွမ်းဆောင်မှု အကောင်းဆုံးဆု Bank of the year in Myanmar 2013 ဆုကို ရရှိခြင်းအတွက် ဂုဏ်ယူဝမ်းမြောက်ကြောင်းနှင့် ဆက်လက်ထမ်းပိုး တိုးတက်အောင်မြင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

ဦးညီ
ဂျိန်းဇေယျာအောင် (တောင်ကြီးမြို့)
ဦးလှိုင်ဟိန်း
ZBT Co., Ltd (တောင်ကြီးမြို့)
ကိုမျိုး
Mega Strength Co.,Ltd (တောင်ကြီးမြို့)

ကိုဇွေး
Cinderella electronic (တောင်ကြီးမြို့)
ဦးကျော်မိုး
ခိုင်ဇေတီ ကားပစ္စည်းဆိုင် (တောင်ကြီးမြို့)
ဒေါ်နီနီအောင်
မိုးချစ် စက်ပစ္စည်းဆိုင် (တောင်ကြီးမြို့)











## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်တောင်ပိုင်း၊ (၁၅၂)ရပ်ကွက်၊ အမှတ်-၁၆၉၃၊ ပေ(၄၀×၆၀)ရှိမြေကွက်သည်ဦးတင်မြ [၁၂/ရပတ(နိုင်) ၀၀၆၆၄၈]အမည်ပေါက် ပါမစ်မြေဖြစ်ပြီး တရားဝင် လွှဲပြောင်းပိုင်ခွင့်ရှိသူထံမှ ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကိုပေးချေပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ပိုင်ဆိုင်မှုအထောက်အထား မူရင်းများဖြင့် (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

**ဦးမျိုးမြင့်ထွန်း**
**[၁၂/ကတတ(နိုင်)၀၂၁၂၁၅]**
**ဖုန်း ၀၉-၄၂၅၀၁၅၂၇၇**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တာမွေမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်၃စီ^၅^မြေကွက်အမှတ် V ၉၁နှင့် ၉၂၊ မြေကွက်တည်နေရာအမှတ် (၅၀)၊ (၁၃၄)လမ်း၊ မအူကုန်းရပ်ကွက်၊ တာမွေမြို့နယ်၊ (ဦးလှမောင်)မည်ပေါက် နှစ်(၉၀)ဂရန်မြေအား အမည်ပေါက်(ဖခင်)ဦးလှမောင်နှင့် (မိခင်)ဒေါ်လှစိန်တို့ကွယ်လွန်သဖြင့် (၁)ဦးကျော်စိန် [၁၂/တမန(နိုင်) ၀၄၉၇၁၆]၊ (၂) ဒေါ်အေးအေးသန်း[၁၂/တမန(နိုင်)၀၄၉၀၆၂]၊(၃)ဒေါ်မြကျင်သန်း[၁၂/တမန(နိုင်)၀၅၈၃၆၅]၊ (၄)ဒေါ်အေးအေးမူ [၁၂/ပဘတ(နိုင်)၀၁၀၇၄၃]၊ (၅)ဦးကျော်ဝင်း[၁၂/တမန(နိုင်)၀၇၆၇၄၉]၊ (၆)ဦးလှထွေး[၁၂/တမန(နိုင်)၀၄၉၁၇၅]တို့ကသားသမီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်းတင်ပြ၍အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန်နှင့် ခိုင်လုံသောအထောက်အထားများဖြင့် ကန့်ကွက်နိုင်ပါကြောင်း

ဦးအုံးဖေအမည်ပေါက် ဦးစိုးစနိုင် လက်ရောက်ရရှိဝယ်ယူပိုင်ဆိုင်ထားသော ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၅)ရပ်ကွက်၊ ဗဟိုလမ်း၊ မြေကွက်အမှတ်(၄၆၇)၊ ပေ(၄၁×၆၀)ဂရန်မြေအမျိုးအစားမြေကွက်ကို ကျွန်ုပ်တို့၏မိတ်ဆွေဒေါ်စန်းစန်းမေမှ စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်၍ ကန့်ကွက်လိုသူများသည် ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းကျွန်ုပ်တို့ထံသို့ ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားများကို တင်ပြကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးဆုံးအောင်မြင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအများသိစေရန်ကြော်ငြာအပ်ပါသည်။

| ဦးဇော်ကျော်အောင် | ဒေါ်ကြည်သာဝင်း | ဒေါ်နန်းဆိုင်အုံ |
|---|---|---|
| (စဉ်-၃၄၄၉၀) | (စဉ်-၂၉၅၅၃) | (စဉ်-၃၄၅၁၀) |
| LL.B, C.B.L | LL.B, LL.M | LL.B |
| ဒေါ်ဇင်လင်းထွေး(စဉ်-၃၈၂၃၈) LL.B | | ဦးမိုးမင်းဟိန်း(စဉ်-၃၈၂၉၂) LL.B |

**အထက်တန်းရှေ့နေများ**
**(ရှေ့ဟသ်ာ အိမ်ခြံမြေ ဥပဒေအတိုင်ပင်ခံအကျိုးဆောင်)**
**အမှတ်-၈၆၄၊ ပင်လုံလမ်း၊ ၃၆အဆင့်မြင့်ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း ၀၉-၇၃၀၈၉၂၁၃၊ ၀၉-၄၃၁၃၃၇၅၁၊ ၀၉-၃၁၂၁၀၇၇၂၊ ၀၉-၃၁၃၀၂၆၂၉၊ ၀၉-၄၂၀၂၅၇၄၀၃**

## ဇနီးအဖြစ်မှစွန့်လွှတ်ခြင်း

တိုက်သစ်၊ အခန်း(၄)၊ ဗိုလ်တထောင်အိမ်ရာစခန်း YCDC နေထိုင်သော ကျွန်တော် ဦးဝဏ္ဏသိန်း [၁၂/အလန(နိုင်)၀၀၁၀၉၁]၏ ဇနီးဖြစ်သူ ဒေါ်ထားထားဦး [၁၂/အလန(နိုင်)၀၁၇၀၈၈]အား ခွင့်မလွှတ်နိုင်သော အကြောင်းကိစ္စများအား မိမိသဘောဆန္ဒအလျောက် ပြုလုပ်သွားပါသဖြင့် ယနေ့မှစ၍ဇနီးအဖြစ်မှ မသက်ဆိုင်တော့ပါကြောင်းနှင့် ဇနီးအဖြစ်မှ စွန့်လွှတ်လိုက်ပါကြောင်း ၎င်းနှင့်ပတ်သက်သော မည်သည့်ကိစ္စမဆို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အသိပေးအပ်ပါသည်။

**ဦးဝဏ္ဏသိန်း [၁၂/အလန(နိုင်)၀၀၁၀၉၁]**



Dream Paradise

Congratulations

“အထူးဂုဏ်ယူဝမ်းမြောက်ခြင်း”

မြန်မာနိုင်ငံ ဆောက်လုပ်ရေးလောကတွင် အရည်အသွေးမြင့် စီးပွားရေးနှင့် လူနေအဆောက်အအုံများ ဆောက်လုပ်ခြင်းနှင့်
Decoration အလှဆင်ခြင်း လုပ်ငန်းများကို အောင်မြင်စွာ လုပ်ကိုင်ဆောင်ရွက်လျက်ရှိသော
Champion Construction Co., Ltd. ကို
အင်္ဂလန်နိုင်ငံ United Kingdom Accreditation Service မှ ချီးမြှင့်သည့် နိုင်ငံတကာအသိအမှတ်ပြု
ISO 9001:2008 လက်မှတ်ရရှိအောင် စွမ်းဆောင်ပေးနိုင်သည့် Executive Director ဦးအောင်နိုင်မိုး
General Manager ဦးနိုင်လွင်အောင်၊ Asst; General Manager ဦးအုန်းတင် နှင့် ဝန်ထမ်းများအားလုံးအတွက်
အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း မှတ်တမ်းတင်ဂုဏ်ပြုအပ်ပါသည်။

NAING Group Holding Co., Ltd. ဝန်ထမ်းများ
NAING Group Capital Co., Ltd. ဝန်ထမ်းများ
NAING Group Construction Co., Ltd. ဝန်ထမ်းများ
Myanmar New Generation Design Co., Ltd. ဝန်ထမ်းများ
Grand Paradise Landscape Co., Ltd. ဝန်ထမ်းများ
NAING Family Co., Ltd (Cherry Oo) ဝန်ထမ်းများ
Champion Construction Materials Co., Ltd. ဝန်ထမ်းများ
Geo-Tech Pile Co., Ltd. ဝန်ထမ်းများ
Champion Oversea Trading Co., Ltd. ဝန်ထမ်းများ
Lucky Concrete Precast Products Manufacturing Co., Ltd. ဝန်ထမ်းများ



**BUHLER**

**Buhler Asia Private Ltd.(Myanmar Branch)** is now looking for an energetic and high caliber person for the following position:

- General Manager (Myanmar National to be stationed in Yangon).
- Male or Female with the age range of 40 to 50 year-old.

**Responsibilities:**

- Establish business contacts in Flour, Rice, & Feed Milling industries.
- Responsible formarket strategies and develop business in compliance with Buhler's South East Asia strategies.
- Ensure to fulfill short and long term objectives including budget goals.
- Coordinate and capture activities associated with all business units and provide inputs.
- Pursuit projects through tenders and assist sales managers ensuring pre-qualify for tender documentation.
- Communicate local and overseas cooperation partners in view of joint submission for tender complement.
- Develop/organize team work and lay down back up motivation plan along with company ethics and policies.
- Able for frequent travels domestic and overseas.

**Qualifications:**

- Bachelor or master Degree in Economics or Marketing or Engineering.
- Knowledge in rice business would be an advantage.
- Able to communicate with senior management and organizations in myanmar.
- Have strong will and achievement driven mentality.
- Good interpersonal skills with self-motivation.
- Keen to learn and problem solving ability.
- Good command of both writing and speaking English.
- Competence in computer utility and office management.

***Buhler is a Switzerland-based company established over 150 years ago.Presently we are active in more than 140 count ries giving solutions for flour mills,feed mills,rice mills,storage-&-dryers,die casting and other high-tech products.Interested persons are welcomed and will be offered attractive package of salary.***

**Closing date for application is 31st December,2013**

**Expected date to start duty: January ,2014**

**Please submit application to buhler.myanmar@gmail.com**





## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ်၊ (၅)ရပ်ကွက်၊ ၂၇လမ်း(အထက်)၊ တိုက်အမှတ်-၁၆၆/၁၆၈၊ အခန်းအမှတ်(၃၆)၊ ဒုတိယအလွှာ (လမ်းမဘက်မှ မျက်နှာမူလျှင် ယာဘက်ခြမ်း) တိုက်ခန်း (၁)ခန်းအပါအဝင် ယင်းတိုက်ခန်းတွင် တပ်ဆင်ထားသော လျှပ်စစ်မီတာ၊ ရေမော်တာ တို့နှင့်အတူ ပတ်သက်ဆက်နွယ်သော အကျိုးခံစားခွင့် အရပ်ရပ်တို့အား မိမိကိုယ်တိုင် စီမံခန့်ခွဲ ရောင်းချပိုင်ခွင့်ရှိပါသည်ဟု ဝန်ခံကတိပြုသူ ဒေါ်ဌေးမြင့် [၁၂/ဥကမ(နိုင်)၀၄၄၃၀၈]ထံမှ ဝယ်ယူရန်အတွက် ကျွန်ုပ်၏ မိတ်ဆွေက စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ဖော်ပြပါ တိုက်ခန်းအရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်း အထောက်အထားများ ယူဆောင်၍ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အထက်ဖော်ပြပါ တိုက်ခန်း အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးသတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးမောင်မောင်သူရ (မြောင်းမြ)**
**LL.B, A.G.T.I (EP), D.B.L, D.M.L**
**WIPO (SWITZERLAND)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၈၁၀၈)**
**ဘဏ်ရှေ့နေနှင့် ဥပဒေအကြံပေး**

**ဦးဇေယျာထွန်း (စဉ်-၂၅၇၈၅)**
**LL.B, WIPO (SWITZERLAND)**
**ဦးစိုးလွင်ဦး (စဉ်-၃၇၉၈၁)**
**LL.B, WIPO (SWITZERLAND)**
**အထက်တန်းရှေ့နေများ**

**အမှတ်-၁၃၂၊ ပထမထပ်၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉၅၁ ၈၄၀၄၂၊ ၀၉၃၁၁၆၇၀၈၆၊ ၀၉၇၃၁၁၅၁၀၅၊ ၀၉၄၂၁၁၀၈၅၅၁**

## ကုန်အမှတ်တံဆိပ်အား အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ပုလဲကွန်ဒို စီဘလောက်၊ အခန်း (CF-02-04) ရှိ ဒေါ်သင်းသင်းခိုင် [၁၄/မအန(နိုင်)၀၁၃၉၅၁ ]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေအပ်ပါသည်။

အောက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်ကို ကျွန်ုပ်၏မိတ်ဆွေက ၎င်းကုမ္ပဏီ၏ မူပိုင်အဖြစ် ရန်ကုန်မြို့ စာချုပ်စာတမ်း မှတ်ပုံတင်ရုံး၌ မှတ်ပုံတင်စာချုပ်အမှတ်-(၁၂၇၀၃/၁၃) ဖြင့် တရားဝင်မှတ်ပုံတင်သွင်းကြေညာထားပြီးဖြစ်ပါသည်။

Elite Express

**မှတ်ပုံတင်စာချုပ်အမှတ်(၁၂၇၀၃/၁၃)**

အထက်ဖော်ပြပါ 'Elite Express' ကုန်အမှတ်တံဆိပ်အမှတ်အသားကို ကျွန်ုပ်၏မိတ်ဆွေက အရွယ်အစားအမျိုးမျိုး၊ အရောင်အသွေးအမျိုးမျိုးတို့ဖြင့် ခရီးသွားလုပ်ငန်း၊ အထူးကုန်စည်နှင့် ခရီးသည်ပို့ဆောင်ရေးလုပ်ငန်း၊ ခရီးသည်လက်မှတ်အရောင်း Agency ၊ မော်တော်ယာဉ်ဂိတ်များ၊ မော်တော်ယာဉ်နှင့် ဆက်စပ်ပစ္စည်းများ ရောင်းချခြင်းလုပ်ငန်းတို့ကို ဆောင်ရွက်ရာတွင်လည်းကောင်း၊ အဆိုပါ လုပ်ငန်းနှင့်ဆက်သွယ်ပတ်သက်သည့် စာရွက်စာတမ်းများ၊ ငွေပြေစာဖြတ်ပိုင်းများ၊ Letter Head ဘလောက်တုံး၊ တံဆိပ်တုံး၊ ခေါင်းစီးကြော်ငြာ၊ ကြော်ငြာဆိုင်းဘုတ်၊ လက်ကမ်းကြော်ငြာ၊ ပိုစတာများ၊ တီဗွီ၊ ဗီဒီယိုကြော်ငြာများတွင် လည်းကောင်း၊ 'INTERNET WEBSITE'များတွင် ထည့်သွင်းကြော်ငြာခြင်းဖြင့် လည်းကောင်း၊ အခြားကြော်ငြာမှုအမျိုးမျိုးတို့တွင်လည်းကောင်း၊ လုပ်ငန်းဆိုင်ရာဆက်စပ်ပစ္စည်း၊ ထုပ်ပိုးသောအိတ်အမျိုးမျိုးတို့တွင်လည်းကောင်း၊ အသားတံဆိပ်ပြုလုပ်၍လည်းကောင်း၊ အသင့်ပြုလုပ်ပြီး တံဆိပ်ကပ်နှိပ်၊ ရိုက်နှိပ်၊ ဖိနှိပ်၍လည်းကောင်း ပြည်ထောင်စု မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် အသုံးပြုလုပ်ကိုင်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

အထက်ဖော်ပြပါ 'Elite Express' ကုန်အမှတ်တံဆိပ်အမှတ်အသားအား တစ်ခုလုံးကို ထပ်တူပြုလုပ်၍ဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ ဆင်တူယိုးမှား အတုအပပြုလုပ်သုံးစွဲခြင်းမပြုကြရန်နှင့် ထိုသို့ပြုလုပ်သုံးစွဲပါက သက်ဆိုင်ရာတည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဇင်မာမင်း (LL.B,D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၉၃၀၄)**
**အမှတ်-၁၇၉(အေ-၂)၊ ခိုင်ရွှေဝါ (ဗဟို)လမ်း၊ (၁)ရပ်ကွက်၊**
**ကမာရွတ်မြို့နယ်။**








## ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင်သံကြား
## စက်ပစ္စည်းများဝယ်ယူရန်အတွက် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားအတွက် လုပ်ငန်းလိုအပ်ချက်အရ အောက်ဖော်ပြပါ စက်ပစ္စည်းများအား ကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါများတင်သွင်းကြပါရန် ဖိတ်ခေါ်ပါသည်။

(က) ရုပ်မြင်သံကြားလုပ်ငန်းသုံးပစ္စည်းများ

| | |
|---|---|
| 1. 70 Meter Guyet Tower | 1 Set |
| 2. 30KVA Genetrator (FG Wilson) | 1 Set |
| 3. Tape and Disc | |
| (a) CD RW Rewriteable CD with Box | 100 Nos |
| (b) CD R Recordable CD with Box | 4100 Nos |
| (c) Cassette Tape(C-60) | 1500 Nos |
| 4. TV Spare Part | |
| (a) UTV 020 TR (PA Driver for AGBE) | 5 Nos |

(ခ) ရုံးသုံးစက်ကိရိယာပစ္စည်းများ

| | |
|---|---|
| 1. Head Set (Ear Phone) | 20 Set |
| 2. Floor Standing Type Aircon(5Ton, 400V, 3Ø, 50Hz) | 8 Set |
| 3. Floor Standing Type Aircon(3.5 Ton, 400V, 3Ø, 50Hz) | 2 Set |
| 4. Dehumidifier (20 Lit/ day) | 20 Set |
| 5. Compressor(Carrier, 06 ET-299-360)(Semi Hermastic Type) | 2Nos |
| 6. Compressor(Carrier, 06 ET-265-360)(Semi Hermastic Type) | 2 Nos |
| 7. 250 KVA Stand by Generator(Open type)(FG Wilson) | 1 Unit |
| 8. 100 KVA Generator(Sound Proof type)(FG Wilson) | 1 Unit |

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၁၄-၁၂-၂၀၁၃ ရက်မှစတင်၍ နံနက် ၉း၃၀နာရီမှ ညနေ ၁၆း၃၀နာရီအတွင်း မြန်မာ့ အသံနှင့်ရုပ်မြင်သံကြား၊ နေပြည်တော်(တပ်ကုန်း)တွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၂၃-၁၂-၂၀၁၃ရက် နံနက် ၉း၃၀နာရီမှ ညနေ ၁၆း၃၀နာရီအတွင်း မြန်မာ့အသံနှင့်ရုပ်မြင် သံကြား၊ နေပြည်တော်(တပ်ကုန်း)ရှိ တင်ဒါအဖွဲ့ဝင်များရှေ့မှောက်တွင် လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။ သတ်မှတ် အချိန်ကာလထက်ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါပုံစံစည်းကမ်းချက်များ၊ စက်ပစ္စည်းအမျိုးအစားစာရင်းနှင့် အသေးစိတ်အချက်အလက်များကို အောက် ပါလိပ်စာတွင် စုံစမ်းထုတ်ယူနိုင်ပါသည်။

၅။ ဈေးနှုန်းစိစစ်မှုကို ပြန်ကြားရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၇)၊ နေပြည်တော်တွင် ပြုလုပ်မည်ဖြစ်ပါသည်။

**စက်ပစ္စည်းများဝယ်ယူရေးကော်မတီ၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ နေပြည်တော်(တပ်ကုန်း)**
**ပြန်ကြားရေးဝန်ကြီးဌာန၊ ဖုန်းအမှတ်-၀၆၇-၇၉၁၃၅၊ ၀၆၇-၇၉၄၁၁၊ ၀၆၇-၇၉၀၇၉**













စကြာဝဠာသူရဲကောင်း Co.,Ltd တွင် တာဝန်ထမ်းဆောင်ရန် ဝန်ထမ်းအလိုရှိသည်။

**(ပြည်တွင်း၌သာခန့်ထားရန်)**

အမှတ်(၁၀၀)၊ ၂၇လမ်း(အလယ်ဘလောက်)၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။

၁။ ကျား (၂) ဦး

၂။ မ (၁) ဦး

အမှတ်စဉ်နှစ်ခုစလုံးအတွက် တက္ကသိုလ်မှဘွဲ့တစ်ခုခုရရှိပြီးသူ၊ ဂျပန်ဘာသာ စာနှင့်စကားကို ကျွမ်းကျင်စွာပြောဆိုရေးသားနိုင်၍ ကွန်ပျူတာ Excel,Word, DTP အသုံးပြုနိုင်သူဖြစ်ရမည်။ လျှောက်ထားလိုသူများသည် ကိုယ်ရေးရာဇဝင်၊ မှတ်ပုံတင်မိတ္တူနှင့်လိုအပ်သော စာရွက်စာတမ်းများအပါအဝင် ၁၉-၁၂-၂၀၁၃ ရက်နေ့နောက်ဆုံးထား၍ လူကိုယ်တိုင်လာရောက် လျှောက်ထားနိုင်ပါသည်။

**ဖုန်း-၀၉-၇၃၀၂၂၇၉၄**
**၀၉-၄၃၁၇၆၆၇၄**
**၀၉-၄၅၀၀၅၇၂၆၈**

**လုံးချင်းအိမ်အမြန်ရောင်းမည်**

မ/ဒဂုံရွှေပင်လုံအိမ်ရာ

ပေ(၈၀×၈၀) ဂရန်အမည်ပေါက်

RC 2 ထပ်၊ ကားဂိုထောင်

ကြိုးဖုန်း(၁)လုံး၊ 4BR။ သိန်း(၅၀၀၀)

**Ph:095166559,095152749**

**သင့်ကြောင့်**
**မီး**
**မလောင်ပါစေနှင့်**




## Myanmar Ivanhoe Copper Company Limited
### စာရင်းရှင်းလင်းဖျက်သိမ်းကြောင်း ကြော်ငြာချက်

၂၀၁၂ ခုနှစ်၊ ဇူလိုင်လ ၂၉ ရက်တွင် Myanmar Ivanhoe Copper Company Limited ၌ ပြုလုပ်ခဲ့သည့် ဒါရိုက်တာအဖွဲ့၏ အစည်းအဝေးဆုံးဖြတ်ချက်အရ Myanmar Ivanhoe Copper Company Limited အား စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ပြီး ဖြစ်ပါသည်။

ဒေါ်ခင်ချိုကြည်(B.A Law (LL.B,LL.M), Managing Director, Myanmar Legal Services Ltd. Room 117, Inya Lake Hotel အားတရားဝင်စာရင်း ရှင်းလင်းဖျက်သိမ်းရေး အရာရှိအဖြစ် ၂၉-၆-၂၀၁၂ ရက်တွင် ခန့်အပ်ထားပါသည်။

Myanmar Ivanhoe Copper Company Limited နှင့်စပ်လျဉ်းပြီး ရရန်နှင့်ပေးရန် ရှိသည်များကို ၁၂-၁-၂၀၁၄ ရက်ထက်နောက်မကျစေဘဲ ဖော်ပြပါ တရားဝင်စာရင်းရှင်းလင်း ဖျက်သိမ်းရေးအရာရှိထံ အထောက်အထားခိုင်လုံစွာဖြင့် တင်ပြတောင်းခံခြင်းများနှင့် ပေးသွင်း ခြင်းများပြုလုပ်နိုင်ပါကြောင်း ကြော်ငြာအပ်ပါသည်။

**ဒေါ်ခင်ချိုကြည်**
**တရားလွှတ်တော်ရှေ့(စဉ်-၆၃၉၈)**
**စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ**

## Compagnie Generale De Geophysique (Yangon Branch)
### စာရင်းရှင်းလင်းဖျက်သိမ်းကြောင်း ကြော်ငြာချက်

၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၃၀ ရက်တွင် Compagnie Generale De Geophysique ၌ ပြုလုပ်ခဲ့သည့် ဒါရိုက်တာအဖွဲ့၏အစည်းအဝေးဆုံးဖြတ်ချက်အရ Compagnie Generale De Geophysique (Yangon Branch)အား စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ပြီးဖြစ်ပါသည်။

ဒေါ်ခင်ချိုကြည်(B.A Law (LL.B,LL.M), Managing Director, Myanmar Legal Services Ltd. Room 117, Inya Lake Hotel အား တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိအဖြစ် ၂၃-၇-၂၀၁၃ ရက်တွင် ခန့်အပ်ထားပါသည်။

Compagnie Generale De Geophysique(Yangon Branch)နှင့်စပ်လျဉ်းပြီး ရရန်နှင့် ပေးရန်ရှိသည်များကို ၁၂-၁-၂၀၁၄ ရက်ထက် နောက်မကျစေဘဲ ဖော်ပြပါ တရားဝင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ အထောက်အထားခိုင်လုံစွာဖြင့် တင်ပြတောင်းခံခြင်းများနှင့် ပေးသွင်းခြင်းများပြုလုပ်နိုင်ပါကြောင်း ကြော်ငြာအပ်ပါသည်။

**ဒေါ်ခင်ချိုကြည်**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၆၃၉၈)**
**စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ**

**ပျောက်ဆုံးခြင်း** ARR MAN OO CO., LTD ၏ ထုတ်ကုန်သွင်းကုန်လုပ်ငန်းရှင် မှတ်ပုံတင် လက်မှတ်အမှတ်(ထသက-၃၁၂၅၉) ရက်စွဲ ၆-၈-၂၀၁၃ ကတ်ပြားမူရင်းမှာ ပျောက်ဆုံး၍ တွေ့ရှိက ပေးပို့ပါရန်။ **ဖုန်း-၂၀၃၀၂၃**




FORWARD
27000/-
Service Guide
Air-Con Bus
Restaurant
01-391013 , 01-379831 , 095089800 , 09731172500


GO
Amazing Shoppings!...
Dec.14/22/28
Dec.25
Dec.23
Dec.25
Dec.25
Dec.25
Dec.25
Dec.28


Free Frame
Sweet Gift
Special Price
iQ VISION
See Better..
Feel Better..
So Clear !
Hot line - 09 250 550 280, 01-554010




CAPITAL hypermarket
End of Year
SHOCK SALE
16th ~ 31st Dec 2013
up to 70 % OFF
EVENTS
24.12.2013 (6:00pm ~ 8:00pm)
Xmas's Eve Show, Magic Road Show & Gift Program
25.12.2013 (6:00pm ~ 8:00pm)
Dream Boat Game Show
29.12.2013 (6:00pm ~ 8:00pm)
Unplugged Show
30.12.2013 (6:00pm ~ 8:00pm)
Unplugged Show
31.12.2013 (7:30pm ~ 10:30pm)
Magic & Circuit Show
No.14-E, Min Nandar Road, Dawbon Township, Yangon. Ph : 551 533 Ext-116 Fax : 553 134